မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်

မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်းဆရာတော်


အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တပညာသိရီဘိဝံသ

မဟာထေရ်မြတ်၏

# ထေရုပ္ပတ္တိ၊ ဩဝါဒကထာ နှင့်

# သာသနာပြုမှတ်တမ်း



ဦးအောင်မြင့်ထွန်း (B.Ag)
အုပ်ချုပ်မှုဒါရိုက်တာ
Green Group Co.op Ltd.

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်းဆရာတော်

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ပရိယတ္တိ သာသနဟိတ သကျသီဟ ဓမ္မာစရိယ
ပဋိသမ္ဘိဒါမဂ္ဂ ပါဠိပါရဂူ
တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တပညာသိရီဘိဝံသ

မဟာထေရ်မြတ်၏

# ထေရုပ္ပတ္တိ၊ ဩဝါဒကထာ နှင့် သာသနာပြုမှတ်တမ်း



သက်တော်(၇၂)နှစ်၊ သိက္ခာဝါ(၅၂)ဝါ၊ မွေးနေ့မင်္ဂလာဒါနအလှူတော်
သာသနာနှစ်-၂၅၄၅ ခုနှစ်၊ မြန်မာနှစ် - ၁၃၆၃ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၇)ရက်၊
၁၂-၇-၂၀၀၁၊ ကြာသပတေးနေ့။

ဦးအောင်မြင့်ထွန်း (B.Ag)
အုပ်ချုပ်မှုဒါရိုက်တာ၊ Green Group Co.op Ltd.

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

**အလှူဟူသမျှတွင် ဓမ္မအလှူက အမြတ်ဆုံး ဖြစ်၏။**

**ဓမ္မအလှူက အကျိုးပေးသာ၏။**

သို့

---------------------

---------------------

---------------------

ဝေနေယျ သတ္တဝါတို့၏ တပ်မက်တတ်သော လောဘစိတ်ကြောင့်
အလိုကြီးမားရပုံ၊ အလိုဆန္ဒ မပြည့်ဝနိုင်ပုံ၊ လောဘအကြိုက်
လိုက်နေသမျှ ဆင်းရဲဒုက္ခရောက်ရပုံတို့ကို သိမြင်ကာ
ထိုတပ်မက်တတ်သော လောဘစိတ်၏ အရင်းခံ
တဏှာကို အမြစ်ပြတ် ပယ်ဖြတ်နိုင်ရန်
မင်္ဂ–ဖိုလ်–နိဗ္ဗာန် စိတ်ရည်သန်တောင့်တ၍
စိစဉ် ပူဇော် လှူဒါန်းပါသည်။

မှ

---------------------

---------------------

---------------------

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ

# အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ပိဋကတ္တယဓောကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ မဟာထေရဂုဏ်၊
ပရိယတ္တိ ဝိသာရဒဂုဏ်၊ လဇ္ဇီ ပေသလ သိက္ခာကာမ စသော
ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မန္တလေးတိုင်း၊
မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်

## သစ္စဝေဒီ ဘဒ္ဒန္တ ပညာသိရီ ဘိဝံသ

အရှင်မြတ်အား

## အဂ္ဂမဟာပဏ္ဍိတ

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်

[illegible]
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သာသနာတော်နှစ် ၂၅၄၄ ကောဇာသက္ကရာဇ် ၁၃၆၂-ခုနှစ် ပြာသိုလဆန်း ၁၁-ရက် (၄-၁-၂၀၀၁)

# အနှစ်လေးပါး
# ဩဝါဒ ဓမ္မလင်္ကာ

ရေ ၊ မီး ၊ မင်း ၊ သူခိုး ၊ မွေခံဆိုးဟု

ရန်မျိုးငါးတွေ ၊ ဆက်ဆံ လေ၍ ၊ ရွှေငွေ ဥစ္စာ ၊ နှစ်မပါဘူး ၊

သဒ္ဓါမူလ – မြတ်ဒါနလျှင်

သာသနာအနှစ် ကောင်းဖြစ်၏ ။

●

အပြစ်အနာ ၊ အလွန်များပါ၍ ၊ ခန္ဓာရုပ်မျိုး ၊ အပုပ်အိုးလည်း ၊

အားကိုးစရာ ၊ အနှစ်သာရ ၊ ရှာမရဘူး ။

နေ့ – ည ရှင်ပြုံး ၊ သူတော်ထုံးဖြင့် ၊ ကျင့်သုံးမှ ညီညီမျှသည့်

သီလ ကောင်း

အနှစ်မှန်၏ ။

●

ရုပ် – နာမ် နှစ်ချက် ၊ ကိုယ့်အသက်လည်း ၊ ဖြစ် – ပျက် ကောင်း ၊

နိုပ်စက်ပြန်၍ ၊ အမှန်သာရ ရှာမရဘူး ၊ ပွားထခါခါ

ဘာဝနာ လျှင်

ကိုယ်မှာ မြတ်ဆုံး ၊ အနှစ်ထုံးတည်း ။

●

အားလုံး ဒုက္ခ ၊ ကင်းငြိမ်းရ၍ ၊ သုခရိပ်နို ၊ ချမ်းသာပို့သည့် ၊

မဂ်ဖိုလ်နိဗ္ဗာန်

အနှစ်မှန်သည်

လေးတန်သာရ ၊ အနှစ်တည်း ။

အမှတ် ၂၇၀၃၁

## ပုံနှိပ်မှတ်တမ်း

တန်ဖိုး – **၈၅၀ိ**

ကွန်ပျူတာစာစီနှင့်မျက်နှာဖုံး၊ အတွင်းပုံနှိပ်
ဒေါ်နန်းခင်မေ (၁၄၈၈၁)၊ ကြေးမုံအော့(ဖ်)ဆက်၊ အမှတ် ၆၈ (ခ)၊
၇၈လမ်း နှင့် ၃၄လမ်းဒေါင့်၊ မန္တလေးမြို့။ ဖုန်း (၀၂) ၃၃၂၅၈၊ ၂၂၇၇၅

**စိစဉ်ပူဇော်ဖြန့်ချိသူ**
ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့)၊ အုပ်ချုပ်မှုဒါရိုက်တာ
ဂရင်း (န်) ဂရု (ပ်) အထွေထွေရောင်းဝယ်ရေးနှင့် အကျိုးဆောင်လုပ်ငန်း
သမဝါယမအသင်းလီမိတက်
(၁) အမှတ် – ၁၀၀၊ အခန်း – ၉၊ ပထမထပ်၊ နန္ဒဝန်လမ်း၊
ဗဟန်း (၁၁၂၀၁)၊ ရန်ကုန်မြို့။ အိမ်ဖုန်း (၀၁) – ၅၄၃၇၂၃
(၂) အမှတ် ၅/၃၊ မြနန္ဒာလမ်း၊ အောင်တော်မူ၊ ဝန်းကျင်ရပ်၊
အကွက် (၇၉၉)၊ ၂၆ × ၂၇၊ ၆၂ × ၆၃ လမ်းကြား၊ မန္တလေးမြို့။(၀၅၀၇၂)

| | | |
|---|---|---|
| အကြိမ်၊ အရေအတွက် | – | ပထမအကြိမ်၊ ၁၀၀၀ |
| ခုနှစ်၊ လ | – | ၂၀၀၁ ခုနှစ်၊ ဧပြီလ |
| Computer Digital Graphic Design | – | ကိုမောင်မောင်ချိုဦး (မန္တလေး) |
| အတွင်းစာသားဖလင် | – | ကိုမိုးဝင်း၊ မိုးဝင်းကာလာခွဲ (မန္တလေး) |
| အတွင်းအပြင်အဆင် | – | ကိုတင်သိဏ်း (မန္တလေး) |
| စာအုပ်ချုပ် | – | ငြိမ်းချမ်းရေးနှင့်ရှမ်းညီနောင် |



၁၉-၃-၂၀၀၀၊ တနင်္ဂနွေနေ့၊ ၁၃၆၁ ခုနှစ် တပေါင်းလပြည့်နေ့တွင် စစ်ကိုင်းတိုင်း-မြင်းမူမြို့နယ်-ယုန်းကားရွာ ဓါတ်တော်ကြီးဘုရားကို မင်္ဂလာဗိမာန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသ၏ ဩဝါဒဖြင့် သုံးကြိမ်မြောက်ထီးတော်တင်လှူအောင်မြင်ခဲ့ပါသည်။




၈-၃-၂၀၀၁၊ ကြာသပတေးနေ့၊ ၁၃၆၂ ခုနှစ် တပေါင်းလပြည့်နေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီဘိဝံသဆရာတော်သည်
ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ဆင္ဃသဂီဃနာတင်ခဲ့ရာ မဟာပါသာဏလိုဏ်ဂူတော်၌ ဘွဲ့တံဆိပ်တော် ဆက်ကပ်အလှူခံရရှိတော်မူစဉ်။



အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသ၏ဥပဇ္ဈာယ်ဆရာတော်
အဋ္ဌမရွှေကျင်နိကာယဥက္ကဋ္ဌ၊ မဟာနာယက သာသနာပိုင်
ကန်နီဆရာတော်ကြီး၏ပုံတော်ဖြစ်ပါသည်။ (၁၂၂၇ - ၁၃၁၃ ခုနှစ်)



သက်တော်( ၁၀၂) နှစ်၊ ဒွါဒသမရွှေကျင်သာသနာပိုင်အဘိဓဇမဟာရဋ္ဌဂုရုရွှေဟင်္သာဆရာတော် (၁၂၅၅ - ၁၃၅၇) ...
ယခုလက်ရှိတွဲဘက်ရွှေကျင်သာသနာပိုင် ဇယမေဒနီဝါဆိုကျောင်းဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အဂ္ဂိယ ၏ ရှေ့မှောက်၌
ဘဒ္ဒန္တ ပညာသိရီဘိဝံသ အား ပရိက္ခာရစ်ပါးချီးမြှင့်စဉ်။



၈-၃-၂၀၀၁ ၊ ကြာသပတေးနေ့၊ ၁၃၆၂ ခုနှစ်- တပေါင်းလပြည့်နေ့ တွင်
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသဆရာတော်အား
ဆွမ်းဆန်စိမ်းလောင်းလှူရန် ပင့်ဆောင်လာကြစဉ်။




နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့

ဘဒ္ဒန္တပညာသာရ၊ ဘဒ္ဒန္တပညာသိရီဘိဝံသ၊ ဘဒ္ဒန္တမေဓိယ၊ ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ ဘဒ္ဒန္တပဇ္ဇောတ ။




နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ
(သာသနာ - ၂၅၂၄ ခုနှစ်၊ ကောဇာ - ၁၃၄၂ ခုနှစ်)



အဂ္ဂမဟာ ဘဒ္ဒန္တ ပညာသိရီဘိဝံသ ၏ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တွင်
အိန္ဒိယပြည် ဘုရားပွင့်တော်မူခဲ့ရာ မဟာဗောဓိပင်၌ ခရီးဖော်သံဃာတော်တို့နှင့် အမှတ်တရ။



၈-၃-၂၀၀၁၊ ကြာသပတေးနေ့၊ ၁၃၆၂-ခုနှစ် တပေါင်းလပြည့်နေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသ အား
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအဖွဲ့ ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က သင်္ကန်းပရိက္ခရာများလှူဒါန်းစဉ်။



၆-၁၁-၂၀၀၀၊ တနင်္လာနေ့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊မင်္ဂလာဗိမာန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသ အား ကြေးမုံအော့(ဖ်)ဆက်ပိုင်ရှင် ဒေါ်နန်းခင်မေ၊ သမီး-မခိုင်ဇင်သွယ် မိသားစုက ကုံလုံဆရာတော်ကြီး၏ထေရုပ္ပတ္တိစာအုပ်များ လှူဒါန်း၍၊ မင်္ဂလာဗိမာန်ကျောင်းဆရာတော်၏ ထေရုပ္ပတ္တိစာအုပ် (၅၀၀) လှူဒါန်းခွင့်ပြုပါရန် လျှောက်ထားစဉ်။

# မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊
# မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်းဆရာတော်
# အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ
# ဘဒ္ဒန္တ ပညာသိရီဘိဝံသ မဟာထေရ်မြတ်၏
# ထေရုပ္ပတ္တိ၊ ဩဝါဒကထာ နှင့် သာသနာပြုမှတ်တမ်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဘက်ရွှေကျင်သာသနာပိုင် ဇယမေဒနီဝါဆိုကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဋ္ဌိယ၏ ဩဝါဒကထာ | ၁၄ |
| | အရှင်သောဘိတာလင်္ကာရ (သာသနဓဇ ဓမ္မာစရိယ၊ ဝိသုဒ္ဓါရုံ ဝံသပါလ ဓမ္မာစရိယ) ၏ အာသီသပတ္ထနာဂါထာ | ၁၇ |
| ၁ | **မိတ်ဆက်နိဒါန်း** | ၁၉ |
| က | တွေ့ကြ၊ ကြုံကြ၊ ဆုံကြရ သာသနာပြုဘဝ | ၁၉ |
| ခ | ကျေးဇူးတင်လွှာ | ၂၁ |
| ဂ | မေတ္တာရပ်ခံပန်ကြားခြင်း | ၂၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ❁ ရိုသေလေးမြတ်ထိုက်သော မင်္ဂလာဗိမာန်ကျောင်းဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသ မဟာထေရ်မြတ်၏ မူလဇာတာ ဟောစာတမ်း | ၂၅ |
| ၁။ | မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသ၏ ထေရုပ္ပတ္တိကထာ | ၃၅ |
| | ❁ ဖွားမြင်တော်မူခြင်း | ၃၅ |
| | ❁ ဇာတိဒေသ ယုန်းကားရွာ | ၃၅ |
| | ❁ ရှင်သာမဏေပြုတော်မူခြင်း | ၃၆ |
| | ❁ ရဟန်းဖြစ်တော်မူခြင်း | ၃၆ |
| | ❁ စာပေကျမ်းဂန် သင်ကြားဆည်းပူးတော်မူခြင်း | ၃၇ |
| | ❁ မန္တလေးမဟာဝိသုဒ္ဓါရုံသို့ပြောင်းရွှေ့တော်မူခြင်း | ၃၈ |
| | ❁ ကျောင်းဘုန်းကြီးနာယကဆရာတော်ဖြစ်တော်မူခြင်း | ၃၉ |
| | ❁ "အဘိဝံသ"ဘွဲ့နှင့် "ပါဠိပါရဂူ" ဘွဲ့ရရှိတော်မူခြင်း | ၃၉ |
| | ❁ အောင်မြင်တော်မူခဲ့သော စာမေးပွဲများ | ၄၀ |
| | ❁ စာပေကျမ်းဂန်ပို့ချတော်မူခြင်း | ၄၁ |
| | ❁ သာသနာရေးဆောင်ရွက်ချက်တာဝန်များ | ၄၁ |
| | ❁ ဝိပဿနာတရားအားထုတ်တော်မူခြင်း | ၄၃ |
| | ❁ တရားဓမ္မ ဟောကြားပြသတော်မူခြင်း | ၄၃ |
| | ❁ ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာများ | ၄၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ❀ ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုခံယူရခြင်း | ၄၅ |
| | ❀ ပြည်ပငါးနိုင်ငံသာသနာပြုခရီးကြွတော်မူခြင်း | ၄၅ |
| | ❀ အလှူဒါနပြုကြသူငါ | ၄၆ |
| | ❀ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အလှူခံ ရရှိတော်မူခြင်း | ၄၉ |
| | ❀ လက်ရှိသီတင်းသုံးတော်မူရာ | ၄၉ |
| ၂။ | ဆရာတော်ကြီး၏ ဩဝါဒတော်များ | ၅၀ |
| | = နေ့စဉ်မပြတ်ပူဇော်အပ်သော ဂါထာတော်များ နှင့် ပုတီးစိပ်နည်း | ၅၀ |
| | (က) ဩဝါဒပါတိမောက် သုံးဂါထာ | ၅၀ |
| | ( ခ ) ရွှေတိုး၊ ငွေတိုး၊ ရတနာမိုးကို ရွာစေနိုင်သော (၀)ကိုးချက် ဇယသိဒ္ဓိ နှစ်ဂါထာ | ၅၃ |
| | ( ဂ ) သုတ္တန်ပိဋကာ သေလသုတ်တော်လာ ဘုန်းတန်ခိုး ကြီးစေနိုင်သောဂါထာတော် | ၅၅ |
| | (ဃ) ရက်ပေါင်းတစ်ရာဂုဏ်တော်ပုတီးစိပ်နည်း | ၅၆ |
| ၃။ | ဝိသုဒ္ဓိမဂ်လာ ဘုရားဂုဏ်တော်ပွါးရကျိုးများ | ၅၇ |
| | ● ဗုဒ္ဓနုဿတိဂုဏ်တော်ပွါးကျိုး | ၅၈ |
| | ● ပရိယတ္တိသည် ဘုရားမည်၏ | ၅၈ |
| | ● နာမည်ကျော် စာပေပညာရှင် | ၅၈ |
| | ● ဆိုင်းတန်းကျောင်းဘုန်းကြီးလေးဘ၀ | ၅၉ |
| | ● သေလသုတ်ဂါထာ ဂုဏ်တော်ပုတီးစိပ် | ၆၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- ထူးခြားသော အိပ်မက် ၆၀
- အာရုံပြု ရွတ်ဆို ပုတီးစိပ် ၆၁
- ဗုဒ္ဓါနုဿတိ ဘာဝနာအကျိုး ၆၂
- သေလသုတ်ဂါထာ အဓိပ္ပါယ်ပြန်ဆို ၆၃
- ဆရာညွှာလျှောက်သောစကား ၆၅
- ဘေးအန္တရာယ်ကာကွယ် ၆၆
- သစ္စာဆို၍ အန္တရာယ်ကင်း ၆၇
- သာသနာရေးဆောင်ရွက် ၆၈
- ထင်ပေါ်ကျော်ကြားလိုစိတ် နည်းသည် ၆၈
- စေတနာဖြင့် ရေးသားခွင့်ပြု ၆၉

၄။ ဓမ္မဒါနနှင့်ပတ်သက်၍ ၇၁

၅။ မေတ္တာစိတ်ဓါတ် ပွါးများလတ် လူ–နတ် အချစ်ဆုံး ၈၁

(က) မေတ္တာအတုနှင့်မေတ္တာစစ် ၈၂

(ခ) ကမ္ဘာဦးအစ မေတ္တာက ၈၃

(ဂ) ဘာသာအားလုံး မေတ္တာသုံး၊ ကမ္ဘာ့နိယာမထုံး ၈၃

(ဃ) လူ့ထက်လည်းသာ၊ နတ်ထက်လည်းမြတ်၊ ဘုန်းကံကြီးပြီး သိဒ္ဓိအားလုံး ပြီးမြောက်အောင်၊ မေတ္တာဆေးကြီးအမြဲဆောင် ၈၄

(င) မေတ္တာပို့နည်း ၈၆

(စ) မေတ္တာတန်ခိုး၊ အကျိုးတစ်ဆယ့်တစ်မျိုး ၈၇

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၆။ မဟာထေရဂုဏာကိတ္တိ ထုတ်ဝေဒလ္လမင်္ဂလာ ဂါထာ ၈၉

၇။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာအဖြာဖြာ ၉၆

(၁) ဆက်ကပ်လှူဒါန်းသောအဖွဲ့ ၉၆

(၂) အနက်အဓိပ္ပါယ် ၉၆

(၃) အရည်အချင်း ၉၆

(၄) အဆောင်အယောင် ၉၇

(၅) အထောက်အပံ့ ၉၈

♟ နိဂုံး ၉၉

- ဘုရားသာသနာတော်ကြီးတုန်း၊ ကြုံခိုက်၊ အခွင့်ကောင်းလက်မလွှတ်စေနှင့် ၉၉
- ဆရာတော်ကြီးအား သိက္ခာထပ်သော အလှူရှင်ရဟန်းဒါယကာ၊ ဒါယိကာမများ ၁၀၃
- မိုငြမ်းကိုးကားသော စာအုပ်၊ စာတမ်းများ ၁၀၈
- ထုတ်ဝေပြီးစာအုပ်များ ၁၁၁
- ထုတ်ဝေပြီးဓမ္မပူဇာတေးသီချင်းကက်ဆက်ခွေများနှင့် ဗီဒီယိုတိတ်ခွေ ၁၁၄

၇ စီစဉ်ပူဇော်သူ၏ အမှိင္ဒာန်သစ္စာ ၁၁၅

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊
မဟာဝိသုဒ္ဓါရုံတိုက်သစ်မဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ
ဒွေကျင်နိကာယ ဥပဥက္ကဋ္ဌ၊ မဟာနာယက
တွဲဘက်ဒွေကျင်သာသနာပိုင်
ဇယမေဒနီဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂိယ ၏

# ဩဝါဒကထာ

စာစုတတ်၊ စာတုတတ်၊ စာပြုတတ်၊ စာရေးတတ်သော စာရေးဆရာ ဒကာများစွာ ရှိသည့်အနက် သာသနာတော်နှင့် ရင်းနှီးဆက်စပ်လျက်ရှိသော ဒကာ ဥုးအောင်မြင့်ထွန်းကို တွေ့ဘူး၊ သိဘူးသည်မှာ မကြာလှသေး။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာသီရိလင်္ကာရာမ သီဟိုဠ်ဂေါလ် ဆရာတော် သက်တော်ရှည် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ၏ ထေရုပ္ပတ္တိနှင့် ဥပုသ်သီလတရားတော်များ၊ စတုရာရက္ခရှုဖွယ်ကျမ်း၊ စားတတ်လျှင်မေတ္တာ၊ မစားတတ်လျှင်ဝေဒနာ (သို့မဟုတ်) တဏှာ၊ သက်လွတ်မေတ္တာအဆိုအမိန့်များ၊ ရှမ်းပြည်နယ် ကုံလုံသက်တော်ရှည် ဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တတေဇနိယ၏ ထေရုပ္ပတ္တိစာစောင်၊ စဥ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာ၊ မဟာပရိတ္တာရုံ တတိယစလေ သက်တော်ရှည် ဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကောသလ္လ၏ ထေရုပ္ပတ္တိစာစောင်နှင့် သာသနာပြုမှတ်တမ်း မှတ်ရာ ကြည်ညိုဖွယ်ရာပဒေသာ မှတ်စုတို့ကိုကား ကျမ်းပြုဆရာ ဒကာဥုးအောင်မြင့်ထွန်း ရေးသားထုတ်ဝေ ခဲ့သည်ဟု သိမှတ်ရပေသည်၊ ယင်းကျမ်းတို့ကိုလည်း ဖတ်ရှုခဲ့ရဘူးပါသည်။

စာရေးဆရာဒကာ၏ ရေးသားဟန်၊ ရေးသားပုံကိုလည်း ဤသို့မြင်ခဲ့၊ သိခဲ့၊ သဘောပေါက်ခဲ့၊ နားလည်ခဲ့မိသည်။ ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိ ဘဝဖြစ်စဉ်ကို ဖော်ထုတ်လိုက်ရလျှင် တာဝန်တစ်ခုပြီးပြီဟူသော သာမည ရည်ရွယ်ချက်မျိုးဖြင့် ရေးသားပူဇော်ခြင်းမျိုးမဟုတ်ပါပေ။ စာဖတ်သူ ရဟန်းရှင်လူ မည်သူမဆို ဤစာများကို ဖတ်ရှုလေ့လာရာမှ ဂုဏ်တော်ကို ဤသို့ပွါးရှုသင့်သည်။ မေတ္တာပို့ရာ၌ မည်သို့ စိတ်နှလုံးသွင်းထားရမည်။ မည်သို့ တိကျတည့်မတ်ရမည်။ စာဖတ်သူကို ရည်ရွယ်ချက်ထားတတ်စေသည်၊ လေးနက်ပီပြင်စေသည်၊ အနှစ်သာရသဘောသို့ သက်ဝင်အောင် သယ်ဆောင်ပို့ပေးလျက်ရှိသော စာသားများဖြစ်၍ ဝမ်းသာကြည်နူး ချီးကျူးပီတိ ဖြစ်ခဲ့သည်မှာ ကြာမြင့်လှပေပြီ။

ယခုစာပြုပုဂ္ဂိုလ် ယင်းဒကာကြီးကိုသိရသည်မှာ -

အဂ္ဂမဟာပဏ္ဍိတအရှင်ပညာသိရီဘိဝံသ၏ ထေရုပ္ပတ္တိ၊ ဩဝါဒ ကထာနှင့် သာသနာပြုမှတ်တမ်းမှတ်ရာ ကျမ်းတစ်ဆူကို မော်ကွန်းတင်အဖြစ် ပြုစုရေးသားထုတ်ဝေလိုပါ၍ အရှင်ဘုရား၏ ဩဝါဒတရားပါစေချင်ပါသည်။ ဩဝါဒတရား စာတမ်းကလေး ချီးမြှင့်ပေးတော်မူပါဘုရားဟု ဦးအောင်မြင့်ထွန်း ကိုယ်တိုင် နှစ်ကြိမ်နှစ်ခေါက် လာရောက်တောင်းပန်တောင်းခံနေသဖြင့် သိကျွမ်းရင်းနှီးသွား၏။ အလုပ်တာဝန်ဝတ္တရားများပြား၍ မအားလပ်သည့်ကြားမှ တတ်စွမ်းသမျှရေးပေးမည်ဟု တာဝန်ယူလိုက်ရ၏။

အရှင်ပညာသိရီဘိဝံသသည် အစိုးရဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပရိယတ္တိသာသနဟိတသကျသီဟဓမ္မာစရိယ၊ ရွှေကျင်နိကာယဂိုဏ်းလုံး ဝန်ဆောင်နာယက၊ ယခင်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ် တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်း၊ စတုရာရက္ခအဖွင့်ကျမ်း၊ ပါရာဇိကဏ်ဝိဇယ

(၁၆) ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့)
ဒီပနီ ပါရာဇိကဏ်ပုစ္ဆာအဖြေလွှာစသည့် ကျမ်းပြုဂန္ထကာရကဆရာတော်ဖြစ်သည်။ ယခုအခါသက်တော် ၇၂-နှစ်၊ သိက္ခာ ၅၂-ဝါရရှိ၍၊ ရတ္တညျူမဟာနာယက လည်းဖြစ်သည်။

ဤစာအုပ်ကို ဦးအောင်မြင့်ထွန်း ရေးသားစီစဉ်ပူဇော်ထုတ်ဝေမည်ဆို၍ ထောက်ခံအားပေးသောအားဖြင့် စာမူပေးပို့ခြင်းဖြစ်သည်။ အနုမောဒနာ ကထာဟူ၍လည်းဆိုနိုင်သည်။ မန္တလေးမြို့ ၇၈လမ်းနှင့် ၃၄လမ်းဒေါင့် အမှတ် ၆၈/ခ နေ ကြေးမုံကွန်ပျူတာစာစီ၊ မိတ္တူ နှင့် အော့(ဖ်) ဆက်လုပ်ငန်းပိုင်ရှင် ဒေါ်နန်းခင်မေနှင့် သမီးမခိုင်ဇင်သွယ် မိသားစုက ထေရုပတ္တိစာအုပ်၊ အုပ်ရေငါးရာ မတည်လှူဒါန်းမည်ဟု သိရသဖြင့် သာဓုခေါ်ဆိုမိပါသည်။

စီစဉ်ပူဇော်လှူဒါန်းသူတို့အား ဩဝါဒပေးလိုသည်မှာ -

ယင်းဆရာတော်အား ဂုဏ်တင်ပူဇော်ခြင်းဖြင့် အာစရိယပရမ္ပရ ရှေးရှေးဆရာတော်ကြီးများကိုလည်း ရှိခိုးပူဇော်ရာရောက်ပေသည်။ သီလဝန်၊ ဂုဏဝန်၊ ပညာဝန် သံဃာတော် ဆရာတော်တို့ကို ရှိခိုးပူဇော်ကော်ရော်မြတ်နိုးခြင်းဖြင့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ရတနာသုံးပါးကိုလည်း ယုံကြည်သော သဒ္ဓါတရား တဖွားဖွား ဖြစ်ပေါ်လျက် ရှိခိုးနေခြင်း၊ ပူဇော်နေခြင်းသာဖြစ်ပေမည်။ ယင်းသို့ ရှိခိုးပူဇော်ခြင်း၊ ဖြစ်တည်နေခြင်းသည် ရခဲလှစွာသော ကုသိုလ်စိတ်၊ ကုသိုလ်တရား ဖြစ်ပွါးစေခြင်းကြောင့် ဤစာရေးဆရာအား ဤကျမ်းစာမျိုးက "ထာဝရ ကုသိုလ်ပေးနေခြင်း" ဟု ဆိုရမည်သာဖြစ်၏။

ကိုသိုလ်ဟူသည် "ကုသလာဓမ္မာ ဥပ္ပန္နံ့တိ၊ ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ" စသည် အဘိဓမ္မာဒေသနာ အဋ္ဌသာလိနီအဋ္ဌကထာ၌ ဖွင့်ဆိုသည့်အတိုင်း စာရေးဆရာ၌ သုခချမ်းသာပေးဖို့၊ အကျိုးပေးဖို့ အမှတ်အသား လက္ခဏာပြသနေသည်ဟု ဆိုရပေမည်။

ပုညံဝ သုခံ ဓနေတိ – ကောင်းမှုချ ဤပုညကြောင့် သုခချမ်းသာ မလွဲပါ သေချာ ခံစားဖို့ပါတကား – ဟု စာရေးဆရာဒကာကြီး စိတ်ပါလက်သွက် ကုသိုလ်စွက်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကိုသာ ဆက်လက်ကြိုးစားသာသနာပြု ကျမ်းစာများ ရေးသားနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းဆိုကာ သြဝါဒခပ်တိုတိုဖြင့် ထောမနာပြုလိုက်ရပေသတည်း။

# အာသီသပတ္ထနာဂါထာ

မဏိဇောတိရသံ ကန္တံ
ထေရုပ္ပတ္တိ ဂုဏာကရံ
လဘိတွာ သမိဒ္ဓါ ဟောန္တု
သုခံ ဝိန္ဒန္တု သဇ္ဇနာ။

သဇ္ဇနာ – ဝိပဿနာ ဘာဝနာစခန်း၊ ကမ္မဋ္ဌာန်းဖြင့် ငြိမ်းချမ်းရာမှန် မြတ်နိဗ္ဗာန်ကို၊ စိတ်သန်မြော်မြင်၊ သူတော်စင်တို့သည်၊ ဂုဏာကရံ – သီလမှာ အသာမရှိ သမာဓိမယှဉ်သာ ပညာမှာ မနိုင်းအပ် ဂိုဏ်းမြတ် ရွှေကျင်၊ အသရေလွှင့်၍၊ နေအသွင် လတစ်နှန်း၊ တစ်သာသနာလုံးစံပြ၊ ဂုဏ်တော်အနန္တ၊ ဂုဏ်ပေါင်းခတော်မူပေထသော၊ ထေရုပ္ပတ္တိ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယက၊ သကျသီဟနှင့် အစိုးရဓမ္မာစရိယ၊ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိပါရဂူ၊ တိပိဋက ပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဝင် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ သာသနဓဇခေါင်ထိပ်၊ အောင်တံဆိပ်ဘွဲ့တော်ရ၊ အရှင်ပညာသိရီဘိဝံသ မင်္ဂလာဗိမာန်ဆရာတော်၏ ထင်ပေါ်ဂုဏ်အင်၊ ဘဝဖြစ်စဉ်ကို စုံလင်အောင်

ရေးထုတ်သည့်၊ အနှစ်ချုပ်ကျမ်းစာ၊ သာသနာပြုမှတ်တမ်းလွှာတည်းဟူသော၊ ကန္တံ – သာသနာတော်တစ်ခေတ်၊ ကမ္ဘာသစ်၍ ရတနာ့စစ် ရတနာမှန်၊ ရွှေပြည်တန်ဆောက် ပတ္တမြားကဲ့သို့၊ တောက်ကြွားဂုဏ်ကြွယ်၊ အလွန်ပင်နှစ်သက်ဖွယ်ရာကောင်းပေသော၊ မဏိဇောတိရသံ – သက်ရှည်ကျန်းမာစိတ်ချမ်းသာ၍၊ လိုရာဆန္ဒ ကြံသမျှတို့ အမြန်ခဏပြီးမြောက်၊ သိဒ္ဓိပေါက်စေနိုင်သည့်၊ ရောင်တောက်ဝင့်ကြွား မဏိဇောတိရသ ဣစ္ဆာသယ ပတ္တမြားရတနာကြီးကို၊ လဘိတွာ – မိမိတို့ကိုယ်ပိုင် ရယူနိုင်ကြပြီးလျှင်၊ သမိဒ္ဓါ – လောကီ၊ လောကုတ္တရာ၊ ရတနာတို့နှင့် ချမ်းသာကြွယ်ဝ လိုတိုင်းရသည့် မဟာဓနရတနာ သေဌေးကြီးတို့သည်၊ ဟောန္တု – တစ်သက်မှာ တစ်ခါကြုံ၊ ရတနာပုံအခါဆိုက်သကဲ့သို့ ရတနာသိုက်အရတူးကာ ကြည်နူး – ဝမ်းသာ၊ စိတ်ချမ်းသာနိုင်ကြပါစေကုန်သတည်း။

သုခံ – ဘေးဘယာမဲ့ ဝေးကွာပ၍၊ အေးရာအမတပြည်နိဗ္ဗာန်၊ ချမ်းသာစစ် – ချမ်းသာမှန်ကို၊ ဝိန္ဒန္တု – ခဏလွယ်ကူ ရယူနိုင်ကြပါစေကုန်သတည်း။ ဝိန္ဒန္တု – သောတာပန် အခြေခံပြီးလျှင် နေရဗဏ်နန်းအမတဆီသို့၊ ကေန်ပင်မြန်းကြ၊ ရယူနိုင်ကြပါစေကုန်သတည်း။

အရှင်သောဘိတာလင်္ကာရ
သာသနဓဇ ဓမ္မာစရိယ၊ ဝိသုဒ္ဓါရုံဝံသပါလ ဓမ္မာစရိယ
ပရိယတ္တိ သာသနာလင်္ကာရ သာမဏေကျော်
မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊
မန္တလေးမြို့။

# မိတ်ဆက်နိဒါန်း

## တွေ့ကြုံ၊ ကြုံကြုံ၊ ဆုံကြရ သာသနာပြုဘဝ

ဤစာရေးသူ ကျွန်တော်အောင်မြင့်ထွန်းသည် ပကတိမျက်စိဖြင့် မမြင်ရသော၊ ဉာဉ်မျက်စိဖြင့်သာ မြင်ရသော၊ သာသနာတော်ကို စောင့်ရှောက်လျက်ရှိကြကုန်သည့် သမ္မာဒေဝ အထက် နတ်ကောင်း၊ နတ်မြတ်တို့၏ စေ့ဆော်ဝိုင်းဝန်းပံ့ပိုးကူညီပေးမှုကြောင့် မမျှော်လင့်ဘဲ၊ ရည်ရွယ်ထားချက်မရှိဘဲရောက်ရှိလေရာ အရပ်ဒေသအသီးသီးတို့တွင် သာသနာပြုလုပ်ငန်းများကို တစ်နည်းမဟုတ်တစ်နည်း အမျိုးမျိုးအဖုံဖုံ ဆောင်ရွက်ရလေ့ရှိပါသည်။ ပဋ္ဌာန်းဆက်အကြောင်း၊ အကျိုးကြောင့်ဟု ယူဆမိပါသည်။ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားထက်သန်သော အလှူရှင်များနှင့်လည်း ကြုံတောင့် ကြုံခဲဆုံဆည်းရလေ့ရှိပါသည်။ အချို့ အလှူရှင်များဆိုလျှင် ယခင်က မသိခဲ့ဘူး၊ မမြင်ခဲ့ဘူး၊ မကြားခဲ့ဘူးပါ။ ယခုလည်း ကြည့်ပါဦး။ ဤဆရာတော်ကြီး၏ ထေရုပ္ပတ္တိ စာအုပ်ကို စီစဉ်ပူဇော်နိုင်ရန် အခြေအနေ၊ အချိန်အခါ၊ အခွင့်အလမ်း ရရှိလာခဲ့ပြန်ပါပြီ။

အကြောင်းမှာ - မန္တလေးမြို့၊ ကြေးမုံ ကွန်ပျူတာစာစီ၊ မိတ္တူနှင့်အော့(ဖ်)ဆက်လုပ်ငန်းပိုင်ရှင် (ဦးဝင်းကိုကိုအောင်) + ဒေါ်နန်းခင်မေ၊ သမီး - မခိုင်ဇင်သွယ် သာသနာပြုမိသားစုတို့က နှစ်ဘက်သော မိဘများဖြစ်ကြသည့် ဒေါက်တာ ဦးလှအောင် + ဒေါက်တာ ဒေါ်ခင်လေးတင့်နှင့်

(ဦးကွေ့ရန်) + ဒေါ်ရှောက်ရွှေတို့ကို ဦးထိပ်ထား ရည်မှန်း၍၊ ကျေးဇူးဆပ်ပူဇော်သည့် အနေဖြင့် မီးဆယ့်တစ်မီးငြိမ်းစေရန် ရည်သန်ကာ "ရှမ်းပြည်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ထယ်သွန်းကျေးရွာအုပ်စု၊ ဂဠုန်တောင်၊ ကုံလုံကျောင်းတိုက်၊ ဦးစီးပဓာန မဟာနာယက သက်တော်ရှည်ကုံလုံ ဆရာတော်ကြီး ဘဒ္ဒန္တ တေဇနိယ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း" စာအုပ်၊ အုပ်ရေ တစ်ထောင့်တစ်ရာ (၁၁၀၀) ကို ၃-၁၁-၂၀၀၁၊ သောကြာနေ့တွင် ကုံလုံဆရာတော်ကြီးအား ပထမအကြိမ်အဖြစ် လှူဒါန်းပူဇော်ခဲ့ရာ၌ ဤစာရေးသူနှင့်မိသားစုက ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ သန့်စင်မွန်မြတ်သော စေတနာ၊ မေတ္တာ၊ သဒ္ဓါဖြင့် ပံ့ပိုး၊ ကူညီခွင့် ရရှိကာ အောင်မြင်ခဲ့ပါသည်။

တိုတောင်းလှသော အချိန်တိုကာလအတွင်းမှာပင်၊ ကုံလုံဆရာတော်ကြီး၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း စာအုပ်ပဒေသာပင်က ထပ်ဆင့်ပွါးများမှုအကျိုးဆက်တရားအဖြစ် ယခုတစ်ဖန် "မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်းဆရာတော် သာသနာဓဇသိရီပဝရဓမ္မာစရိယ ပရိယတ္တိသာသနဟိတ သက္ကျသီဟ ဓမ္မာစရိယ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိပါရဂူ တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းပြု အဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသမဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ ဩဝါဒကထာနှင့် သာသနာပြု မှတ်တမ်းစာအုပ်ငါးရာ (၅၀၀) ကို

ပထမအကြိမ် ဓမ္မဒါန လှူဒါန်းပူဇော်လိုပါကြောင်း ဒေါ်နန်းခင်မေက ၃.၃.၂၀၀၁၊ စနေနေ့တွင် မေတ္တာရပ်ခံလာပြန်ပါသည်။

အဆိုပါမေတ္တာရပ်ခံချက်အရ၊ ဒေါ်နန်းခင်မေ၏ ထက်သန်သော စေတနာ၊ ဖြူစင်သော မေတ္တာ၊ လှူဒါန်းလိုသော သဒ္ဓါတရားတို့အပေါ်၊ ကဲသာပိုမို အောင်မြင်စေရန် စိတ်ရည်ရွယ်၍ စာရေးသူ၏ တုံ့ပြန်သော စေတနာ၊ မေတ္တာ၊ သဒ္ဓါတရားတို့ဖြင့် ပေါင်းစပ်ကာ ဤစာအုပ် ရေးသား၊ စီစဉ်ပူဇော် ထွက်ပေါ်လာခဲ့ရခြင်းဖြစ်ပါသည်။ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဘုရားဟောပါဠိတော်မြတ်အရ၊ ဒါနအရာ အလှူတကာအားလုံးတို့တွင် အသာဆုံး၊ အမြတ်ဆုံးသော ဓမ္မဒါန အလှူတော်ကြီးပင်ဖြစ်ပါပေသည်။

## ကျေးဇူးတင်လွှာ

ဤစာအုပ်ကို အောင်မြင်စွာ စီစဉ်၊ ပူဇော်၊ ဓမ္မဒါနလှူဒါန်းနိုင်ရန် ဝိုင်းဝန်းကူညီ၊ စောင့်ရှောက်၊ ပံ့ပိုးပေးခဲ့ကြသော ဆရာတော်ကြီးများအားလုံးနှင့် အရှင်သောဘိတာလင်္ကာရ (သာသနဓဇ ဓမ္မာစရိယ၊ ဝိသုဒ္ဓါရုံ ဝံသပါလ ဓမ္မာစရိယ) တို့၏ ပို့သသော မေတ္တာတော်တို့ကို ခံယူလျက်၊ ဂုဏ်ကျေးဇူးတော်တို့ကို ရိုသေလေးမြတ်စွာ ကန်တော့ပါ၏။

၂၇၀၃၁

မသိနားမလည် ငယ်ရွယ်စဉ်ကပင်စ၍၊ ပြောဆိုဆုံးမသွန်သင်ပြသခဲ့သော လက်ဦးဆရာ ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းအောင် (မျက်ခမ်းစပ်ရောဂါကု လက်ထောက်) နှင့် ယခုထက်တိုင် အနီးကပ် လမ်းညွှန်ပြသနေသော မိခင်ကြီးဒေါ်တင်တင်အေး (ခ) ဒေါ်စန်းစန်းမြင့်ရွှေ တို့အား ဤစာအုပ် ရေးသားစီစဉ်ပူဇော် လှူဒါန်းခြင်းဖြင့် ကျေးဇူးဆပ်ကန်တော့အပ်ပါသည်။

ထို့အပြင် မိမိ၏ ဘဝတစ်လျှောက် လောကီ၊ လောကုတ္တရာ နှစ်ဖြာကောင်းကျိုးအတွက် သွန်သင်ဆုံးမ ဩဝါဒပေးခဲ့ကြသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံး တို့ကိုလည်း ဤစာအုပ်ဖြင့် ရိုသေစွာကန်တော့ လိုက်ပါသည်။

မိမိဤစာအုပ်ရေးသားစီစဉ်နေဆဲတွင် နားလည်မှုအပြည့်အဝဖြင့် အောင်မြင်အောင် ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် စာရေးသူ၏ အစ်ကို ဦးအောင်ကြီး **(B.Ag)**၊ ညီ – ဦးမြင့်မြတ်အောင် **(B.E, Mech, 3rd ENGR, R.C.L)**၊ ညီမများဖြစ်ကြသော ဒေါ်အောင်မြင့်နွယ် **(B.Sc, Chem)** နှင့် ဒေါ်တင်စန်းအောင် (ခ) ဒေါ်အေးအေးမိုး **(B.Sc,Bot)** တို့အားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ထိုမှတစ်ဖန် ဤစာအုပ်အောင်မြင်စွာ ထွက်ပေါ်နိုင်ရေးအတွက် "ကြေးမုံကွန်ပျူတာစာစီ၊ မိတ္တူ နှင့် အော့(ဖ်)ဆက်လုပ်ငန်းပိုင်ရှင် (ဦးဝင်းကိုကိုအောင်) + ဒေါ်နန်းခင်မေ၊ သမီး–မခိုင်ဇင်သွယ် မိသားတစ်စုက နှစ်ဘက်သောမိဘများဖြစ်ကြသည့် – ဒေါက်တာ ဦးလှအောင်+ ဒေါက်တာ ဒေါ်ခင်လေးတင့် နှင့် (ဦးကွေ့ရန်) + ဒေါ်ရှောက်ရွှေတို့ကို

ဦးထိပ်ထားရည်မှန်း၍ ကျေးဇူးဆပ် ပူဇော်သည့်အနေဖြင့်" စတင်စီစဉ်ချိန်မှ အောင်မြင်စွာထွက်ပေါ်လာသည့်အချိန်ထိ မအားလပ်သည့်ကြား မပင်ဝမ်းမြောက်၊ ဝမ်းသာစွာ စေတနာ၊ မေတ္တာရှေ့ထားပြီး၊ ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအား၊ ခွန်အားစိုက်ထုတ်ကာ မိမိတို့သဒ္ဓါ တတ်အားသရွေ့ လှူဒါန်းခဲ့မှုအစုစုတို့ကိုလည်း ပျော်မဆုံး၊ မော်မဆုံး၊ ဝမ်းသာမဆုံးနိုင်ဘဲ လှိုက်လှဲဝမ်းမြောက်စွာ အကြိမ်ကြိမ် သာဓု - အနုမောဒနာ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာမှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

မြန်မာ့ယဉ်ကျေးမှု အနုပညာစာပေ ပထမဆုနှင့် အမျိုးသားစာပေဆုရ မြန်မာဇာတာ တင်မမခိုင် (မန်းတက္ကသိုလ်) အာကာသသိပ္ပံ နက္ခတ္တဗေဒပညာရှင်က သူမ၏တတ်ကျွမ်းသော နက္ခတ္တဗေဒရှုထောင့်က ကြည့်ရှုကာ ဟောစာတမ်းရေးသားချီးမြှင့်ပေးမှုကိုလည်း အထူးကျေးဇူးတင်ပါသည်။

ဤစာအုပ် ဓမ္မဒါန ပုံနှိပ်လှူဒါန်းရာတွင် စာအုပ်ပုံစံကောင်းသည်ထက် ပိုမိုကောင်းမွန်အောင် လက်စွမ်းပြသခဲ့ကြသော မျက်နှာဖုံးနှင့် အတွင်းဓါတ်ပုံများကို Computer Digital Graphic Design ရေးဆွဲပေးခဲ့သည့် ဦးမောင်မောင်ချိုဦး၊ အတွင်းစာသားဖလင် ကိုမိုးဝင်း (ကာလာခွဲ)၊ အတွင်းစာသားများအား လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်စီစဉ်ပေးသော ကိုတင်သိဏ်း (မန္တလေး) နှင့်တကွ အခြားလိုအပ်သလိုဝိုင်းဝန်းပံ့ပိုးကူညီကြသူများအားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

# မေတ္တာရပ်ခံပန်ကြားခြင်း


မြတ်စွာဘုရားရှင်သည် မိမိ၏ ဘဝဖြစ်စဉ် ဗုဒ္ဓဝင်ဒေသနာတရားကို ဟောကြားခဲ့ရုံမျှမက ထေရဂါထာ၊ ထေရာပဒါန်၊ ထေရီအပဒါန်စသော တရားတော်များ ကိုလည်း ဟောကြားတော်မူခဲ့သဖြင့် ယနေ့ သာသနာတော်နှစ် (၂၅၄၄) ခုတိုင်အောင် ဗုဒ္ဓ၏အကြောင်းအရာ ဗုဒ္ဓ၏ ဂုဏ်တော်များကို သိရှိကြရသည်။ သိရှိလေလေကြည်ညိုလေလေဖြစ်ကြရပေသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်မှာပင် စီစဉ်ပူဇော်သူ၏ စေတနာ၊ မေတ္တာ၊ သဒ္ဓါတရားတို့ဖြင့် ဤထေရပတ္တိစာအုပ်ကို မိမိတတ်စွမ်းသရွေ့ ကြိုးစားအားထုတ်ပူဇော်ထားပါသည်။ မင်္ဂလာဗိမာန်ကျောင်း ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို ပိုမိုကြည်ညို၊ လေးစားမြတ်နိုး၊ အတုယူနိုင် ကြစေရန် စုဆောင်းရေးသားစီစဉ်ပူဇော်ခြင်း ဖြစ်ပါသည်။မည်သို့ပင်ကြိုးစား ထားစေကာမူ အမှတ်မထင်စာအုပ်တွင် ချို့ယွင်းအားနည်းချက်တစ်စုံတစ်ရာ တွေ့ရှိရပါက စေတနာအပြုသဘောဖြင့် ထောက်ပြကြပါရန်နှင့် **မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထား ဖတ်ရှုကြပါရန်** တင်ကြို၍ ဓမ္မမိတ်ဆွေ စာဖတ်သူများကို အလေးအနက် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

**စုဆောင်းရေးသားစီစဉ်ပူဇော်သူ**<br>
**ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့)**<br>
**အုပ်ချုပ်မှုဒါရိုက်တာ**<br>
**Green Group Co.op Ltd.**<br>
**ရန်ကုန်မြို့။**

သာသနာနှစ် - ၂၅၄၄<br>
ကောဇာသက္ကရာဇ် - ၁၃၆၂ခုနှစ်၊ တပေါင်းလပြည့်ကျော် (၇ ရက်)<br>
ခရစ်နှစ် - ၁၅-၃-၂၀၀၁(ကြာသပတေးနေ့)၊ နံနက် ၉း၀၀ နာရီ။

# ရှိသေလေးမြတ်ထိုက်သော မင်္ဂလာဗိမာန်ကျောင်းဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီဘိဝံသ မဟာထေရ်မြတ်၏ မူလဇာတာ ဟောစာတမ်း


| | |
|---|---|
| ကလိယုဂ်နှစ် | - ၅၀၃၀ - ခုနှစ် |
| သာသနာနှစ် | - ၂၄၇၃ - ခုနှစ် |
| မြန်မာသက္ကရာဇ် | - ၁၂၉၁ - ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၇)ရက်၊ |
| ခရစ်နှစ် | - ၁၉၂၉ - ခုနှစ်၊ ဇွန်လ (၂၇) ရက်၊ ကြာသပတေးနေ့၊ ညစက် ၁၁:၀၀ နာရီ မိနစ် ၃၀ အချိန်တွင် ယုန်းကားရွာ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်းတွင် မွေးဖွားသန့်စင်တော်မူသည်။ |






မူလရာသီဇာတာ အဓိပတိတိုင် မဟာတိုင် အထွန်းတိုင်

ဘုရားတပည့်တော်မသည် "မြတ်သော လက္ခဏာတော်၊ ဇာတာတော်တို့နှင့် ပြည့်စုံတော်မူသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ဘဒ္ဒန္တပညာသိရီဘိဝံသအား" ကာယ၊ ဝစီ မနောချိုပြီး၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့လျက် မိဘသဖွယ် ဦးထိပ်ပန်ဆင်ကာ ဟောပြောခွင့် ပေးသနားတော်မူပါ အရှင်မြတ်ကြီးဘုရား။

အဘ ပထမ ဘိုးဘိုးအောင် ချီးမြှင့်သည့်
ရတနာ ရွှေမိုး ငွေမိုး ရွာဖြိုးစေသော (၀) စကြာ ဂါထာတော်








ဝရဗုဒ္ဓေါ ဝရဓမ္မော၊
ဝရသံဃော ဝရိဿရော။
ဝရစေတော ဝရံ ဒေတု၊
ဝရေဟိ မေ ဝရံ ဝရံ။

ဝရစက္ကံ ဝရပညံ၊
ဝရဗုဒ္ဓံ ဝရဇယံ။
ဝရဗလံ ဝရဒေက္ခံ၊
ဝရင်္ဂေန ဝရာမဟံ။

ဇိနာဘိမာရာဒိ ဇိနော ရသောနန္တ
ဇိနော ဗလာလယော၊ ဇိနပ္ပသံသိတော၊
ဇိနဗ္ဗုဒ္ဓဓမ္မော စ ဇိနာဒယော တေရိ
ဇိနေန ပူဇိတော။ ဇိတော နမာမဟံ။

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ပညာသိရီဘိဝံသ ၏ ဇာတာတော်



(၁) မိန်လက်ငှဒီဂရီ ၅၂ လိတ္တာ ၁၃ ဝိလိတ္တာ ၁၈အနုလိတ္တာ ၃/ ဘာဖြ ပုဏ္ဏနက္ခတ်စီး၍ဖွားမြင်သည်။

(၂) ဘွဲ့ဂုဏ်ထူးဘုန်းကံဂုဏ်သိက္ခာနှင့်ဆိုင်သော တနင်္လာဂြိုလ်စန်းသည် ကုမ်ရာသီဗျာယအိမ်တွင် သတ္တဗိသျှ စစ်သူကြီးနက္ခတ်ယှဉ်၍ ဖွားမြင်သည်။

(၃) လက္ခဏာလဂ်သခင်နှင့် ကမ္မဘုန်းကံဂြိုလ်၊ ကြာသပတေးဂြိုလ်သည် သဟာဇရာသီတွင် ရောဟဏီမင်းနက္ခတ်ဖြင့် ယှဉ်၍ ရပ်တည်သည်။

(၄) အိုးအိမ်အဆောက်အဦးဂြိုလ်၊ စီးပွားရေးဂြိုလ်၊ ပေါင်းသင်း ဆက်ဆံရေးဂြိုလ်၊ ဗုဒ္ဓဟူးဂြိုလ်သည် သဟာဇရာသီတွင် ရောဟဏီ မင်းနက္ခတ်ဖြင့် ယှဉ်၍ ရပ်တည်သည်။

(၅) သဟာဇဂြိုလ်၊ လျှို့ဝှက်နက်နဲသောဂြိုလ်၊ သောကြာဂြိုလ်သည် ဓနပစ္စည်းအိမ်တွင် ကြတ္တိကာနက္ခတ် ပထမပါဒ်တွင် ယှဉ်၍ ရပ်တည်သည်။

(၆) ဓနပစ္စည်းဂြိုလ် သုဘတင့်တယ်ခြင်းဂြိုလ် အင်္ဂါဂြိုလ်သည် အာရီရန် အိမ်၌ မာဃကျွန်နက္ခတ် ယှဉ်၍ရပ်တည်သည်။

(၇) အာရိဂြိုလ် တနင်္ဂနွေဂြိုလ်ကြီးသည် အိုးအိမ်အဆောက်အဦး နေရာထိုင်ခင်း စည်းစိမ်သုခအိမ်တွင်အဒြစစ်သူကြီးနက္ခတ်ယှဉ်၍ ရပ်တည်သည်။

(၈) ရပ်ဝေးဗျာယနှင့်လာဘဂြိုလ် စနေဂြိုလ်သည် ရေးဘုန်းရေးကံကမ္မ အိမ်တွင် မူလကျွန်နက္ခစီးယှဉ်၍ မွန်းတည့်ကာရပ်တည်လျက်ရှိသည်။

(၉) ဇာတာရှင်သည် မိမိမွေးဖွားရာ ချက်မြှုပ်မြေနှင့် ဝေးကွာသောနေရာတွင် မင်းကဲ့သို့ ဦးစီးနာယကအဖြစ် မင်းမူနိုင်ခြင်း မင်းကဲ့သို့ အခြွေအရံများဖြင့် နူးညံ့သိမ်မွေ့စွာ နေထိုင်နိုင်ခြင်းတို့ရှိမည်။

(၁၀) အထက်ပါဇာတာရှင်သည် အခြွေအရံမိတ်ဆွေအပေါင်းအသင်းပေါများသော်လည်း ထိုအပေါင်းအသင်းများမှ လူဆိုးလူမိုက် လူလိမ်လူကောက်တို့၏ အပြိုင်အဆိုင်၊ အတိုက်အခံ အမြဲရင်ဆိုင်ကြုံတွေ့ရတတ်သည်။

(၁၁) ဇာတာရှင်၏လက္ခဏာသခင်ကြာသပတေးဂြိုလ်သည် သောမဂြိုလ်၊ ဗုဒ္ဓဟူးဂြိုလ်နှင့် သောကြာဂြိုလ်တို့၏ သောမကတ္တရိ ဘယ်ညာအနီးကပ်ညှပ်ထားခြင်း ပါပဂြိုလ်၊ တနင်္ဂနွေဂြိုလ်နှင့် ရာဟုဂြိုလ်တို့သည် ထပ်၍ဝဲယာပါပကတ္တရိညှပ်၍ တည်ရှိခြင်းတို့ကြောင့် နူးညံ့သိမ်မွေ့စွာ ပူလောင်ရှုပ်ထွေးမှုအမြဲရှိနေတတ်လေသည်။ မိမိ၏နေရာထိုင်ခင်း အနီးကပ်ကိစ္စရပ်အတွင်းရေးများ အေးချမ်းတည်ငြိမ်မှုရှိပြီး ပြင်ပကိစ္စရပ်များ ပင်ပန်းမှု၊ ရှုပ်ထွေးမှုများ ရင်ဆိုင်မှုရှိနေရတတ်သည်။

(၁၂) နေရာထိုင်ခင်းနှင့်ပတ်သက်၍ အတိုက်အခံ အပြိုင်အဆိုင်ရှိတတ်သည်။

(၁၃) ဇာတာရှင်သည် ကမ္ဘာလုပ်ရပ်များပင်ပန်းဆင်းရဲစွာ လုပ်ဆောင်ရတတ်ခြင်း၊ အောင်မြင်သောပုဂ္ဂိုလ်ဖြစ်ခြင်း၊ မမျှော်လင့်ဘဲ အထွဋ်အထိပ်ကိုရောက်ရှိနိုင်ခြင်း၊ နိမ့်ကျသောအနေအထားမှ ထင်ပေါ်ကျော်ကြားသောဘဝကို ရောက်ရှိနိုင်ခြင်းတို့ရှိမည်။

(၁၄) အကြီးအကဲမင်းကဲ့သို့မင်းမူနိုင်သော်လည်း၊ ကျွန်ကဲ့သို့ပင်ပန်းဆင်းရဲစွာ လုပ်ဆောင်နေရတတ်သည်။

(၁၅) တနင်္လာဂြိုလ် ဘွဲ့၊ ဂုဏ်သိက္ခာဂြိုလ် ဗျာယတွင် ရပ်တည်နေမှုအနေ အထားကြောင့် ဇာတာရှင်သည် အသက်အရွယ်ကြီးရင့်သောအခါတွင် လည်းကောင်း၊ မိမိမွေးရပ်မှ ရပ်ဝေးဒေသတွင်လည်းကောင်း၊ အဆင့်မြင့်သော ဘွဲ့ဂုဏ်ထူးရာထူးများကို ရရှိနိုင်မည်။

(၁၆) ဇာတာရှင်၏ နှုတ်စကားအိမ်တွင် ရာဟုဂြိုလ် ဘရဏီအဆင့်မြင့်သူ့ရွှေး နက္ခတ်စီးယှဉ်သဖြင့် အဟောအပြောအသင်အပြ နှုတ်စကားဆိုင်ရာ ကိစ္စရပ်များ အထူးအကျိုးပေးအောင်မြင်မှုရှိမည်။

(၁၇) အာရိရန်အိမ် သိဟ်ရာသီတွင် အင်္ဂါဂြိုလ်ရပ်တည်သဖြင့် သိဟ်ခြသေ့ ဟောက် ဖြစ်နေခြင်းတို့ကြောင့် ရန်အပြိုင်အဆိုင် အနှောင့်အယှက် အဟန့်အတားတို့ကို အောင်နိုင်ဖြေရှင်းနိုင်ခြင်းတို့ဖြစ်မည်။

မှတ်ချက်။ ။ ပုဏ္ဏားပညာရှိဆရာကြီး ဦးဖိုလ်ကြီး၏ ညီ (ဗေဒစိန္တာ ဗလ) ပုဏ္ဏားနက္ခတ်ဗေဒင်ပညာရှိ ဆရာကြီး ဦးဖိုလ်ထွေး ၏သား ဆရာဦးလှကြိုင်၊ မြေး ဆရာဦးဝင်းဖေ၊ ဆရာမင်းသိမ်း တို့၏ သံဒိဋ္ဌနေ့စဉ်ပြက္ခဒိန် ကိန်းများ ဖြင့် ဇာတာဖွဲ့တွက်ချက်ထားပါသည်။

(၃၀) ဦးအောင်မြင့်ထွန်း (ဓိုက်မျိုးရေးပညာဘွဲ့)

**ဓာတာတော်တွင် –**

ရာသီစက်ဝိုင်းသည် အလယ်တွင် နေကြာပွင့်သဏ္ဍာန်ပြု၍ စက်ဝိုင်းထပ်နှစ်ထပ်ပြုထားလေသည်။ ထိုစက်ဝိုင်းထပ်အကြားတွင် အရုပ်စုံများရုံထားသည်ကို တွေ့ရပါသည်။ ထိုရုပ်စုံတို့သည် ဗုဒ္ဓမြတ်စွာဘုရား၏ နှစဉ်အဖြစ်တော်ပုံ၏ ကိန်းဂဏာန်းများ (၁၆၊ ၉၊ ၆၊ ၃၊ ၅၊ ၄၊ ၁၅၊ ၁၀၊ ၁၁၊ ၁၄၊ ၁၊ ၈၊ ၂၊ ၇၊ ၁၂၊ ၁၃၊ ၁၆) တို့ကို သရုပ်ဖော်ရေးဆွဲထားခြင်း ဖြစ်ပါသည်။

၁၆ = ကြိုးကြာတစ်ဆယ့်ခြောက်ဘ၀ကိုရည်ရွယ်၍ ကြိုးကြာရုပ်၊

၉ = ဟင်္သာ ကိုးဘ၀ကို ရည်ရွယ်၍ ဟင်္သာရုပ်၊

၆ = ခို ခြောက်ဘ၀ကိုရည်ရွယ်၍ ခိုရုပ်၊

၃ = ကျေးညို သုံးဘ၀ကိုရည်ရွယ်၍ ကျေးညိုရုပ်၊

၅ = ကရဝိက် ငါးဘ၀ကိုရည်ရွယ်၍ ကရဝိတ်ရုပ်၊

၄ = ကိန္နရီ လေးဘ၀ကိုရည်ရွယ်၍ ကိန္နရီရုပ်၊

၁၅ = ဓာမဏီ တစ်ဆယ့်ငါးဘ၀ကိုရည်ရွယ်၍ ဓာမဏီရုပ်၊

၁၀ = မျောက်တစ်ဆယ်ဘ၀ကို ရည်ရွယ်၍ မျောက်ရုပ်၊

၁၁ = ဆင်တစ်ဆယ့်တစ်ဘ၀ကို ရည်ရွယ်၍ ဆင်ရုပ်၊

၁၄ = နွားတစ်ဆယ့်လေးဘ၀ကို ရည်ရွယ်၍ နွားရုပ်၊

၁ = သိန္ဓ၀ တစ်ဘ၀ကို ရည်ရွယ်၍ သိန္ဓ၀ရုပ်၊

၈ = ကျွဲ ရှစ်ဘ၀ကို ရည်ရွယ်၍ ကျွဲရုပ်၊

၂ = ဥဒေါင်း နှစ်ဘ၀ကိုရည်ရွယ်၍ ဥဒေါင်းရုပ်၊

၇ = သာလိကာ ခုနစ်ဘဝကိုရည်ရွယ်၍ သာလိကာရုပ်၊

၁၂ = ကြက် တစ်ဆယ့်နှစ်ဘဝကို ရည်ရွယ်၍ ကြက်ရုပ်၊

၁၃ = ဝက် တစ်ဆယ့်သုံးဘဝကို ရည်ရွယ်၍ ဝက်ရုပ်၊

၁၆ = ရုပ်စုံပေါင်း တစ်ဆယ့်ခြောက်ရုပ်ဖြင့် တန်ဆာဆင်ထားလေသည်။ ဤဗုဒ္ဓမြတ်စွာဘုရား၏အဖြစ်တော်ပေါင်းကို ရှုခြင်းဖြင့် ဓာတာရှင်အား ဘေးအန္တရာယ်အပေါင်းမှကင်းဝေးနိုင်သည်ကို ရည်ရွယ်၍ တန်ဆာဆင်ထားခြင်း ဖြစ်လေသည်။

အဓိပတိတိုင်သည်လည်း ဥဒေါင်းရုပ်၏ အောက်ခြေတွင် ငါးရုပ်ခံထား လေသည်။ ထိုဥဒေါင်းရုပ်၊ ငါးရုပ်တို့၏ ဘေးအောက်ခြေတွင် ကနုတ်ပန်း အတက်အကွေး၊ အမောက်၊ အချွန်တို့ဖြင့် တန်ဆာဆင်ထားလေသည်။ ၎င်းတို့အပေါ်မှ အဓိပတိတိုင် အဆင့်ငါးဆင့်ဖြင့်ရေးဆွဲထားလေသည်။ ထိုအဓိပတိတိုင်အဆင့်များသည် ပန်းဆွဲ၊ ပန်းတက်၊ ထောင့်ပြ၊ အညွန့်. အစွန်များဖြင့် လှပစွာမွမ်းမံထားလေသည်။

အဆိုပါဥဒေါင်းရုပ်သည် နေ၏သင်္ကေတဖြစ်လေသည်။ နေသည်အလင်း ဆုံးသော အလင်းရောင်ကို ပေးလေသည်။ နေကို အမြဲမပြတ်ပူဇော်ခဲ့သော ဘုရားအလောင်းတော်ဥဒေါင်းမင်းသည် ရန်အပေါင်းကင်းငြိမ်းခဲ့ပါသည်။ ထို့ကြောင့် နေကိုဥဒေါင်းရုပ်ဖြင့် တင်စားရေးဆွဲထားခြင်းဖြစ်လေသည်။

ငါးရုပ်သည် အာနန္ဒာငါးမင်းကြီးကိုရည်ရွယ်ပါသည်။ ထိုငါးမင်းသည် စကြာဝဠာတွင် အကြီးဆုံးသော ငါးမင်းကြီးဖြစ်လေသည်။ ထိုငါးမင်းကြီးသည် မြင်းမိုရ်တောင်ကိုပတ်၍ နေနိုင်၏။ နေမင်းသည် မြင်းမိုရ်တောင်ခါးပန်းကိုဖြတ်

သန်းလေသည်။ အဓိပတိတိုင်ကို မြင်းမိုရ်တောင်သဏ္ဍာန်ပြု၍ မြင်းမိုရ်တောင် ခါးပန်းတွင် နေထွက်သည့်ဟန်၊ မြင်းမိုရ်တောင်အောက်ခြေတွင် အာနန္ဒာ ငါးမင်းကြီး ပတ်ခွေသည့်ဟန်ကို သရုပ်ဖော်ရေးဆွဲထားခြင်းဖြစ် လေသည်။

ဇာတာရှင်အား နေကဲ့သို့တန်ခိုးအရောင် ထွန်းလင်းစေရန်နှင့် ဥဒေါင်းမင်းကဲ့သို့ ဘေးရန်ကင်းစေရန် ဥဒေါင်းရုပ်၊ အာနန္ဒာငါးမင်းကဲ့သို့ ဘုန်းကျက်သရေကြီးမားစေရန် အာနန္ဒာငါးကြီးရုပ်ခံ၍ အဓိပတိတိုင် ပြုလုပ်စီမံရေးဆွဲခြင်းဖြစ်ပါသည်။

ဇာတာ၏ဘေးတွင်ရှိ အင်းခံကွက်များသည် လက်ယာရစ်အတိုင်း (၂၊ ၉၊ ၄၊ ၃၊ ၈၊ ၁၊ ၆၊ ၇၊ ၅) ဖြစ်ပါသည်။ အလျားလိုက်၊ ဒေါင်လိုက်၊ ထောင့်ဖြတ်ပေါင်းလျှင် ကိန်းတစ်ဆယ့်ငါးသာရရှိလေသည်။

၁၅ = အောင်ပကိန်း၊ အောင်ပအင်းဟုလည်းခေါ်သည်။

ထိုအင်းကွက်တို့၏ အကြားတွင် ဘယ်ဘက်၌ က၊ ဃ၊ ဏ၊ ဠ ကို တွေ့ရလေသည်။

ဗျည်း သုံးဆယ့်သုံးလုံးတွင် အသံထွက် (ကြီး) ဖြင့်ဆုံးသော စာလုံးလေးလုံး (က၊ ဃ၊ ဏ၊ ဠ) ကို ဇာတာတွင်စီစဉ်၍ အိုင်ကွက်ဖြင့် ရေးမှတ်ပေးထားပါသည်။ ဇာတာရှင်အား ဂုဏ်ကြီးခြင်း၊ သိက္ခာကြီးခြင်း၊ ကြီးကျယ်ခမ်းနား၍ အရှိန်အဝါကြီးစေရန် ထည့်ရေးပေးထားခြင်းဖြစ်သည်။

ညာဘက်တွင် စ၊ ဓ၊ ဗ၊ ဝ အိုင်စာလုံးများကို ရေးသားထားလေသည်။ ထိုစာလုံးတို့၏ အဓိပ္ပါယ်သည် -

ဘယ်ဘက်လက္ခဏာတော်မြတ်　　ညာဘက်လက္ခဏာတော်မြတ်



မဟာဝိသုဒ္ဓါရုံတိုက်သစ်၊
မင်္ဂလာဗိမာန်ကျောင်းဆရာတော်ကြီး
ဘဒ္ဒန္တပညာသိရီဘိဝံသ၏ လက္ခဏာတော်မြတ်

(၃၄) ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့)

စ ⓔ စက္ကူ မာစရ မာစိဏ္ဏော၊
စကြ္ဝဠာတစ်ထောင်ကို အမြင်ဆောင်နိုင်တော်မူနိုင်သော မြတ်စွာဘုရားသခင်ကို ရှိခိုးပါ၏။

ဓ ⓖ ဓမ္မညူ ဓမ္မသာမိကော
တရားအားလုံးကို သိတော်မူသဖြင့် တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်ကို ရှိခိုးပါ၏။

ဗ ⓑ ဗလူပေတော ဗလစရော၊ (ဗလူပေတော၊ ဗလဒဿော ဟုလည်းရှိပါသည်။ စာတည်း) အားတော်နှစ်ပါး၊ အားတော်ငါးပါး၊ အားတော်တစ်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်ကို ရှိခိုးပါ၏။

ဝ ⓞ ဝရဒေါ ဒေတုမေဝရံ၊
အောင်ဆုအမျိုးမျိုးကို ပေးတော်မူနိုင်သော အောင်ဆုပိုင်ရှင်မြတ်စွာဘုရားသခင်ကို ရှိခိုးပါ၏ဟု အဓိပ္ပါယ်အနှစ်သာရရှိသည်ကို တွေ့ရလေသည်။ ဓာတာကို ဂြိုလ်များ၏ ကိန်းများတိုင်ဆယ်ပါးဖြင့် ဖွဲ့စည်းထားပါသည်။

ထိုသို့ရုံ၍ တန်ဆာဆင်ခြင်းဖြင့် ဓာတာရှင်အား အကာအကွယ်အရံ အတားများဖြစ်စေပါသည်။

**ဆရာမ တင်မမခိုင် (မန်းတက္ကသိုလ်)**
**မြန်မာ့ဓာတာဖြင့် အမျိုးသားစာပေဆုရ**
**အာကာသသိပ္ပံ–နက္ခတ္တဗေဒပညာရှင်**
အမှတ်(၆) မြေနက်တန်း၊ ၇၁×၇၂၊ ၃၃×၃၄လမ်းကြား၊ ရန်မျိုးလုံရပ်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

၁။ ဓမ္မလေးမြို့ တောအောင်မြေမြို့နယ်

# မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်းဆရာတော်

# အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီဘိဝံသ ၏

# ထေရုပ္ပတ္တိ - ကထာ

## ဖွားမြင်တော်မူခြင်း

မင်္ဂလာဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသသည် စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ယုန်းကားရွာ ခမည်းတော် ဦးစိုးဘော၊ မယ်တော် ဒေါ်စိန်မြင့်တို့မှ ၁၂၉၁ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၇) ရက်၊ ကြာသပတေးနေ့ ည (၁၁) နာရီ (၃၀) မိနစ် အချိန်တွင် ဖွားမြင်တော်မူခဲ့ပါသည်။ မွေးချင်းငါးယောက် တို့တွင် အကြီးဆုံး အဦးဆုံးဖြစ်၍ ငယ်နာမည်မှာ "မောင်ဘဦး" ဖြစ်ပါသည်။ မွေးချင်းညီသုံးဦးနှင့် နှစ်မတစ်ဦးရှိရာ ဦးဘစော၊ ဒေါ်မြမေ၊ (ဦးသက်ရှည်)၊ (ဦးသက်မောင်) တို့ ဖြစ်ကြပါသည်။

## ဇာတိဒေသ ယုန်းကားရွာ

ဆရာတော်၏ ဇာတိဒေသ "ယုန်းကားရွာ"ဟူသည် စစ်ကိုင်းတိုင်း မြင်းမူမြို့၏ မြောက်ဘက် (၉) မိုင် အကွာတွင် တည်ရှိ၍ လောကီဘက်၊ လောကုတ္တရာဘက်တို့၌ ထူးချွန်သော အာဇာနည် ပုဂ္ဂိုလ်ကျော်များ ပေါ်ထွက်ရာ ပတိရူပဒေသ ဖြစ်ပါသည်။

(၃၆) ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့)

သသပဏ္ဍိတဇာတ်တော်လာ ဘုရားလောင်းယုန်မင်းက သိကြားမင်း ဖန်ဆင်းသည့် မီးပုံအတွင်းသို့ သက်ဆင်း၍ မိမိခန္ဓာ ကိုယ်ကို လှူဒါန်းကာ နီးတွင် ခန္ဓာကိုယ်၌ ပိုးမွှားတိရစ္ဆာန်များ မရှိစေရန် ခါပစ်သောနေရာ ဖြစ်သော ကြောင့် "ယုန်ခါ" မှ "ယုန်းကား" အမည်တွင်လာသည် ဟု အဆိုရှိသည်။

အကြောင်းတစ်မျိုးကိုလည်း သိရသေး၏။ "ဥဩအော်မြည် ကုန်းဘောင်တည်" အရ သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် ကုန်းဘောင် မင်းဆက်ကို စတင်တည်ထောင်သော အလောင်းမင်းတရား ဦးအောင်ဇေယျက ရန်သူများ ဖြိုခွင်းရာတွင် ညာလက်ရုံးတစ်ဆူသဖွယ် အားကိုးရသော မြင်းတပ်ဗိုလ်ချုပ်ကြီး မင်းလှကျော်စွာ (ခေါ်) ရုံးကားစား ဦးလှကျော်သည် "အိုးကန်ရွာ" ဇာတိဖြစ်သည်။ အိုးကန်ရွာဟောင်းသည် ခေတ်တော်ဘုရား၏ အနောက်ဘက်တွင် တည်ရှိခဲ့သည်။

ရုံးကားစား ဦးလှကျော် ကို အကြောင်းပြု၍ "အိုးကန်ရွာ" ကို "ရုံးကားရွာ" ဟု ပြောင်းလဲခေါ်တွင်ကြောင်း သမိုင်းရာဇဝင် ထင်ရှားခဲ့လေသည်၊ (ကာဗျာတ္ထစန္ဒိကာကျမ်း ၌ ရုံးကားစား မြင်းတပ်ဗိုလ်ချုပ်ကြီး ဦးလှကျော်၏ စွန့်စားခန်းများကို ကြည့်ရှုနိုင်ပါသည်။)

## ရှင်သာမဏေ ပြုတော်မူခြင်း

ဆရာတော်သည် ၁၂၉၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်နေ့၌ မြင်းမူမြို့နယ်၊ ညောင်ပင်ကန်ရွာ၊ ဝါဆိုကျောင်းဆရာတော် ဦးကြီးတော် ဘဒ္ဒန္တက္ကန္ဒာစာရ ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပါသည်။ ဘွဲ့အမည်မှာ "ရှင်ပညာသိရီ" ဖြစ်ပါသည်။

ရဟန်းဖြစ်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသသည် ၁၃၁၀–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၆) ရက်၊ နံနက် (၈) နာရီ (၄၅) မိနစ် အချိန်တွင် မန္တလေးမြို့၊ စိန်ပန်းရပ်၊ ခမ္မိကာရုံကျောင်းတိုက် ခဏ္ဍာသိမ်တော်၌ အဋ္ဌမ ရွှေကျင်သာသနာပိုင် ကန္နီဆရာတော် ဘဒ္ဒန္တ ကောသလ္လာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ စိန်ပန်းရပ် ရဟန်းဒါယကာ ဦးဘရင် + ရဟန်းဒါယိကာမ ဒေါ်စံမယ် မိသားစု တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်ရှိပါသည်။ ယခု ဤစာရေးနေသည့် ခရစ်နှစ် ၂၀၀၁ ခုနှစ်တွင် ဆရာတော်သည် သက်တော် (၇၂) နှစ် ပြည့်ကာ၊ သိက္ခာဝါတော် (၅၂) ဝါ ရရှိခဲ့ပြီဖြစ်ပါသည်။

စာပေကျမ်းဂန် သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျောင်းသားဘဝတွင် မြင်းမူမြို့နယ်၊ ညောင်ပင်ကန်ရွာ၊ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍာစာရ၏ မူလတန်းကျောင်း၌ မူလတန်းပညာ သင်ယူခဲ့ပြီးလျှင် မြောင်မြို့၊ မြင်းမူမြို့ အထက်တန်းကျောင်းများ၌ အလယ်တန်း၊ အထက်တန်း ပညာရပ်များကို တက္ကသိုလ်ဝင်တန်း အထိ သင်ကြားခဲ့ပါသည်။

ဆရာတော်သည် ပဒတ္တိုင်းရွာ၊ အသောကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တမ ထံတော်မှ ပိဋကအခြေခံ စာပေကျမ်းဂန်များ သင်ကြားခဲ့ပါသည်။ ၁၃၀၇ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံ ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်

စံကင်းဆရာတော် ဘဒ္ဒန္တစန္ဒာဘိဝံသ နှင့် ရွှေဥမင်ဆရာတော် ဘဒ္ဒန္တဝိမလာစာရ တို့၏ထံတော်၌ ပရိယတ်+ပဋိပတ် အားထုတ်ကြိုးစားခဲ့ပါသည်။

၁၃၀၈ ခုနှစ်တွင် မန္တလေးမြို့၊ စိန်ပန်းရပ်၊ ဓမ္မိကာရုံ ကျောင်းတိုက်သို့ ပြောင်းရွှေ့၍ ဆရာတော် ဘဒ္ဒန္တနရပတိ ထံတော်၌ ပညာသင်ကြားကာ အစိုးရပထမငယ်တန်း နှင့် ပထမလတ်တန်းတို့ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

၁၃၁၃ ခုနှစ်တွင် စစ်ကိုင်းမြို့၊ မဟာစေတီလှကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမန၊ ဘဒ္ဒန္တကေသရိန္ဒ၊ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသတို့ ထံတော်၌ ပညာသင်ကြား၍ အစိုးရ ပထမကြီးတန်းကို ဖြေဆို အောင်မြင်ခဲ့ပါသည်။

၁၃၁၄ ခုနှစ်တွင် စစ်ကိုင်းမြို့၊ ရတနာဗိမာန်ကျောင်းတိုက်ကို ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသ စတင်တည်ထောင်သောအခါ တပည့်ကြီးအနေဖြင့် ပြောင်းရွှေ့လိုက်ပါ ပညာသင်ကြားခဲ့ရာ ၁၃၁၅ ခုနှစ် အစိုးရစာချတန်း၌ ဂုဏ်ထူးဆောင် ၆–ကျမ်းနှင့်တကွ၊ ကျမ်းရင်း ၃–ကျမ်း (၉–ကျမ်း) ကို ဖြေဆိုအောင်မြင်သောကြောင့် "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ" ဘွဲ့ ရရှိခဲ့ပါသည်။

**❀ မန္တလေး မဟာဝိသုဒ္ဓါရုံသို့ ပြောင်းရွှေ့တော်မူခြင်း**

အစိုးရ စာချတန်းအောင်မြင်ပြီးသော၊ ၁၃၁၆ ခုနှစ်တွင် မန္တလေးမြို့၊ ရွှာဟိုင်းဈေးရပ်၊ ကျောက်ဆူးတံဆိပ်ဘိနပ်လုပ်ငန်းပိုင်ရှင်

ကျောင်းဒါယကာ ဦးထွန်းဖေ + ကျောင်းဒါယိကာမ ဒေါ်အမာကြည်တို့၏ ပင့်လျှောက်မှုဖြင့် နဝမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရုစံကင်းဆရာတော် ဘဒ္ဒန္တစန္ဒာ ဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ မြောင်းမြဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ၊ ဇယမေဒနီ ဝါဆိုဆရာတော် ဘဒ္ဒန္တအဂ္ဂိယ တို့၏ ဩဝါဒကို ခံယူ၍ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဇယမေဒနီ ဝါဆိုကျောင်းသို့ ပြောင်းရွှေ့ကာ ဝိသုဒ္ဓါရုံနာယက၊ ဂဏဝါစက စာချဆရာတော်များ ထံတော်၌ အထက်တန်း စာပေကျမ်းဂန်များသင်ကြားလျှက် ၁၃၁၇ ခုနှစ်တွင် သကျသီဟ စာသင်တန်းကို အောင်မြင်ခဲ့ပါသည်။

## ❀ ကျောင်းဘုန်းကြီး နာယကဆရာတော် ဖြစ်တော်မူခြင်း

၁၃၁၈ခုနှစ်၊ သိကြ္ခာ (၇) ဝါအရတွင် ဒသမ ရွှေကျင် သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ မြောင်းမြဆရာတော် နှင့် ကျောင်းတိုက် နာယကအဖွဲ့တို့၏ တင်မြှောက်ပေးမှုအရ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဆိုင်းတန်းအုဋ်ကျောင်း (မင်္ဂလာဗိမာန်) ကျောင်းဘုန်းကြီး နာယက၊ စာချဆရာတော်အဖြစ်သို့ ရောက်ရှိတော်မူပါသည်။

## ❀ "အဘိဝံသ" ဘွဲ့နှင့် "ပါဠိပါရဂူ" ဘွဲ့ရရှိတော်မူခြင်း

ကျောင်းဘုန်းကြီး နာယကဖြစ်တော်မူသောအခါ တစ်ဖက်ကလည်း စာပေပို့ချ၊ တစ်ဖက်ကလည်း အထက်တန်း ကျမ်းဂန်များကို ဆက်လက်ကြိုးစား သင်ယူခဲ့ရာ သကျသီဟ စာချတန်း၌ ၁၃၁၈ ခုနှစ်တွင် သီလက္ခန်နှင့်

အဋ္ဌသာလိနီ အဋ္ဌကထာကြီး နှစ်–ကျမ်းကိုလည်းကောင်း၊ ၁၃၁၉ ခုနှစ်တွင် ပါရာဇိကဏ် အဋ္ဌကထာကြီးကိုလည်းကောင်း ဖြေဆိုအောင်မြင်ခဲ့ပါသည်။

ထိုသို့ လူသာမာန်တို့ ဖြေဆိုခြင်းငှာ မစွမ်းနိုင်သော အလွန်ခက်ခဲသည့် သကျသီဟ စာမေးပွဲကို သုံးနှစ်မျှဖြင့် ဖြေဆိုအောင်မြင်သောကြောင့် အရှင်ပညာသိရီ ဟူသော ရိုးရိုးဘွဲ့အမည်နောက်၌ သကျသီဟ စာမေးပွဲအောင် ဂုဏ်ထူးဆောင် ဝိသေသဖြစ်သော "အဘိဝံသ" ဘွဲ့တံဆိပ်တော်ဖြင့် "အရှင်ပညာ သိရီအဘိဝံသ၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့ထူးကို ဆွတ်ခူး ရရှိတော်မူပါသည်။

၁၃၂၆ ခုနှစ်တွင် နိုင်ငံတော်အစိုးရ ဓမ္မာစရိယ ပါဠိ ဂုဏ်ထူးတန်း စာမေးပွဲ၌ "ပဋိသမ္ဘိဒါမဂ္ဂ ပါဠိပါရဂူ" ဘွဲ့ထူးကို ဆွတ်ခူး ရရှိခဲ့ပြန်ပါသည်။

## အောင်မြင်တော်မူခဲ့သော စာမေးပွဲများ

- ၁၃၀၉ – ခုနှစ်တွင် အစိုးရ ပထမငယ်တန်း၊
- ၁၃၁၂ – ခုနှစ်တွင် အစိုးရ ပထမလတ်တန်း၊
- ၁၃၁၃ – ခုနှစ်တွင် အစိုးရ ပထမကြီးတန်း၊
- ၁၃၁၅ – ခုနှစ်တွင် ဂုဏ်ထူး (၆) ကျမ်းနှင့်တကွ အစိုးရ စာချတန်း အောင်မြင်၍ "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်၊
- ၁၃၁၇ – ခုနှစ်တွင် သကျသီဟ စာသင်တန်း၊
- ၁၃၁၈ – ခုနှစ်တွင် သကျသီဟ စာချတန်း (သီလက္ခန် နှင့် အဋ္ဌသာလိနီ) နှစ်ကျမ်း၊

၁၃၁၉ – ခုနှစ်တွင် သက္ကသီဟ စာချတန်း (ပါရာဇိကဏ်) တစ်ကျမ်းတို့ကို အောင်မြင်၍ "အရှင်ပညာသိရိ ဘိဝံသ၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့တံဆိပ်။

၁၃၂၆ – ခုနှစ်တွင် အစိုးရဓမ္မာစရိယ ပါဠိဂုဏ်ထူးတန်း အောင်မြင်၍ "ပဋိသမ္ဘိဒါမဂ္ဂပါဠိပါရဂူ" ဘွဲ့တံဆိပ် တို့ကို ရရှိတော်မူပါသည်။

## ❀ စာပေကျမ်းဂန် ပို့ချတော်မူခြင်း

စစ်ကိုင်းမြို့၊ ရတနာဗိမာန်ပါဠိတက္ကသိုလ်၌ တာဝန်ခံ ပါဠိတက္ကသိုလ်ကထိက၊ ပါဠိတက္ကသိုလ် ဗဟိုကိုယ်စားလှယ်အဖြစ်ဖြင့် ဆောင်ရွက်၍ စာပေကျမ်းဂန်များ ပို့ချတော်မူခဲ့ပါသည်။

မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ နာယက၊ ဂဏဝါစကစာချအဖြစ်ဖြင့်၊ ၁၃၁၈ ခုနှစ်မှစ၍ စာသင်သားသံဃာ ငါးရာကျော်တို့အား စာချတန်းဆိုင်ရာ အဋ္ဌကထာ၊ ဋီကာကြီးများနှင့်တကွ နေ့ဝါ၊ ညဝါ စုံလင်စွာ စာပေကျမ်းဂန် ပို့ချသင်ကြားပေးတော်မူခဲ့သည်မှာ၊ ယခု ၁၃၆၂ ခုနှစ်အထိ နှစ်ပေါင်း လေးဆယ့်လေးနှစ် ကျော်လာပြီ ဖြစ်ပါသည်။

## ❀ သာသနာရေးဆောင်ရွက်ချက် တာဝန်များ

(၁) ဆဋ္ဌသံဂီတိ ပါဠိဝိသောဓက၊ ဆဋ္ဌသံဂီတိ ဘာဏက၊
(၂) ပါဠိတက္ကသိုလ် ကထိက၊
(၃) ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ ကိုယ်စားလှယ်၊
(၄) အစိုးရပထမပြန်စာမေးပွဲ စာစစ်ပုဂ္ဂိုလ်၊

(၅) ဓမ္မာစရိယ စာမေးပွဲကြီးကြပ်ရေး မန္တလေးငါးမြို့နယ် ဥက္ကဋ္ဌ၊

(၆) နိုင်ငံတော်အစိုးရ နိကာယ် ငါးရပ် ပါဠိတော်စာမေးပွဲ သြဝါဒါစရိယ၊

(၇) နိုင်ငံတော်ပရိယတ္တိ သာသနတက္ကသိုလ်များ၏ သာသနတက္ကသိလမဟာဓမ္မာစရိယ ဘွဲ့ယူ ကျမ်းစာများ၊ အပြင်စာစစ်ပုဂ္ဂိုလ်၊

(၈) ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယက၊

(၉) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးတွင် – ပထမ ငါးနှစ်သက်တမ်း၊ တိုင်းအထူးသံဃဝိနိစ္ဆယ ဝိနည်းဓိုရ်၊

(၁၀) ဒုတိယ ငါးနှစ်သက်တမ်း တိုင်းသံဃနာယက အဖွဲ့ဝင်၊

(၁၁) တတိယ ငါးနှစ်သက်တမ်း နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊

(၁၂) တတိယ ငါးနှစ်သက်တမ်း နိုင်ငံတော် ဝိနည်းဓိုရ်၊

နိုင်ငံတော်ဝိနည်းဓိုရ် အဖြစ်ဖြင့် ရန်ကုန်မြို့၊ ကမ္ဘာအေး ကုန်းမြေ အပရဂေါယာန ကျောင်းဆောင်၌ တစ်ကြိမ်လျှင် လေးလဖြင့်၊ နှစ်ကြိမ် ရှစ်လ နိုင်ငံတော်ဝိနည်းဓိုရ်တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

(၁၀/၉၁၊ ၁၀/၉၂၊ ၂၆/၉၃ နိုင်ငံတော် ဝိနိစ္ဆယများ ဖြစ်သည်။)

၁၃၄၅ ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက်၊ ၁၇–၇–၈၃ တနင်္ဂနွေနေ့ ညနေ (၅) နာရီအချိန်၌ သြဝါဒါစရိယ မဟာနာယက ဆရာတော်များ ရှေ့မှောက်တွင် ပဏ္ဍိတာရုံဆရာတော် ဘဒ္ဒန္တသုမန က မိမိ၏ဆန္ဒအတိုင်း မိမိပုဂ္ဂလိက ပိုင်ဆိုင်သော စိန်ပန်း (၄၁)လမ်း၊ ပဏ္ဍိတာရုံကျောင်းတိုက်ကို

မင်္ဂလာဗိမာန်ဆရာတော်အား ပုဂ္ဂလိကပိုင် အဖြစ်ဖြင့် လှူဒါန်းသည်ကို သုဒိန္န သုဂ္ဂဟိတဖြစ်၍ လက်ခံကာ သာသနာပြုလျှက်ရှိပါသည်။

## ❀ ဝိပဿနာတရား အားထုတ်တော်မူခြင်း

ဆရာတော်သည် ၁၃၀၇ ခုနှစ်၊ အသက် (၁၆) နှစ်အရွယ်တွင် စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံဝိပဿနာ ကမ္မဋ္ဌာန်းတိုက်၌ နေထိုင်၍ မဟာဂန္ဓာရုံကျောင်းဆရာတော်ကြီး၏ ဥပနိဿယနည်းဖြင့် ဝိပဿနာ တရားပွဲများအားထုတ်ခဲ့ပါသည်။

၁၃၁၂ ခုနှစ်၊ သိက္ခာ (၂) ဝါ အရတွင် စစ်ကိုင်းမြို့၊ ဆင်များရှင် သာသနာ့ရိပ်သာ၌ မဟာစည် ဆရာတော်ကြီး၏ သတိပဋ္ဌာန်ရှုမှတ်နည်းကို အားထုတ်ခဲ့ပါသည်။

၁၃၂၀ ခုနှစ်၊ သိက္ခာ (၁၀) ဝါအရတွင် မြင်းခြံမြို့၊ ဇွန်းလွန်း ဝိပဿနာကမ္မဋ္ဌာန်းနည်းကို ကိုယ်တိုင်ကိုယ်ကျ ပွဲများ အားထုတ်ခဲ့ပါသည်။

## ❀ တရားဓမ္မ ဟောကြားပြသတော်မူခြင်း

မင်္ဂလာဗိမာန်ဆရာတော်သည် ၁၃၁၈ ခုနှစ်မှစ၍ မန္တလေးမြို့၊ မုန့်တီစုဓမ္မာရုံ စသော ဓမ္မာရုံအသီးသီး၌ ယနေ့တိုင်အောင် တရားဟောပြခဲ့ပါသည်။

၁၃၂၁ ခုနှစ်မှ ၁၃၃၄ ခုနှစ်တိုင်အောင် မန္တလေးမြို့၊ စိန်ပန်း၊ ရတနာပုံ မဟာစည်သာသနာ့ရိပ်သာတွင် မဟာစည် ဆရာတော်ဘုရားကြီး၏ တိုက်တွန်းစေခိုင်းချက်အရ (၁၃) နှစ်တိုင်တိုင် ဝိပဿနာတရားများ ဟောကြားခဲ့ပါသည်။

၁၃၂၅ ခုနှစ်မှစ၍ မန္တလေးမြို့၊ လမ်း (၈၀)၊ အနောက်ကျုံးလမ်း ဓမ္မဗိမာန်တော်၌ ဗဟိုဗုဒ္ဓဘာသာအဖွဲ့ကြီး၏ ဩဝါဒါစရိယ အဖြစ်ဖြင့် တာဝန်ယူကာ ယနေ့တိုင်အောင် တရားဟောကြားခဲ့ပါသည်။

၁၃၃၅ ခုနှစ်မှစ၍ စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံ ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်၊ ဝိနည်းစာပြန်ပွဲကြီးတွင် ပင်တိုင်ဓမ္မကထိက တာဝန်ယူ၍ ယနေ့တိုင်အောင် တရားဟောခဲ့ပါသည်။

၁၃၅၁ ခုနှစ်မှစ၍ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ အောင်မြေသာစည် အလယ်ကျောင်းကြီး၌ ကျင်းပသော ဝါတွင်းသီတင်းစဉ် ဝိသုဒ္ဓါရုံတရားပွဲကြီးတွင်၊ တိုက်မဟာနာယက ဆရာတော်ကြီးများ၏ တာဝန်ပေးချက်အရ တိုက်ဓမ္မကထိက အနေဖြင့် တရားဓမ္မ ဟောကြားပြသတော်မူခဲ့ပါသည်။

**❀ ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာများ**

(၁) သာသနာရေးဦးစီးဌာနမှ ထုတ်ဝေနေသော တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးများကို ၁၉၆၆ ခု၊ မတ်လ (၁) ရက်မှစ၍ ယနေ့အထိ တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင် အဖြစ်ဖြင့် ပါဝင်ရေးသားခဲ့ပါသည်။
(မျက်နှာဖုံးပုံသည် ရန်ကုန်မြို့၊ ကမ္ဘာအေးဗုဒ္ဓ တက္ကသိုလ် တွင် တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းပြုစဉ်က ပုံတော်ဖြစ်ပါသည်။)


(၂) ကိုယ်တိုင်တစ်ပါးတည်း ရေးသားသော ကျမ်းများမှာ–
ပါရာဇိကဏ် ဝိဇယဒီပနီ (ပထမတွဲ)

(၃) ပါရာဇိကဏ် ဝိဇယဒီပနီ (ဒုတိယတွဲ)



မင်္ဂလာဗိမာန်ကျောင်းဆရာတော်ကြီး

ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့ ၊ မြဘုရားသို့ ရောက်ခဲ့စဉ်က ပုံတော်



ပင်လာဝိဟာန်ကျောင်းဆရာတော်ကြီး
အိန္ဒိယနိုင်ငံ ၊ ဗုဒ္ဓဂယာ သို့ ကြွရောက်ခဲ့စဉ်က ပုံတော်

(၄) ဓမ္မရောင်ခြည် ဓမ္မပဒေသာ တရားစာ၊
(၅) စတုရာရက္ခရှုပွားယ်ကျမ်း၊
(၆) မေတ္တာဘာဝနာ ရှုပွားယ်ကျမ်း၊
(၇) နိမိကဏ္ဍာသုတ္တန် တရားစာ - စသည်တို့ ဖြစ်ပါသည်။

## ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှု ခံယူရခြင်း

ဆရာတော်သည် ကဗျာလင်္ကာ၊ ထုတိဝေဒလ္လ ပါဠိဂါထာများ ရေးသားစီကုံးရာ၌ အထူးကျွမ်းကျင်၍ သူတစ်ပါးအကျိုး၊ သာသနာ့အကျိုး များစွာဆောင်ရွက်ခဲ့ပါသည်။ ပူဇော်ပွဲအခမ်းအနားများ၌ ဆရာတော်၏ ကဗျာလင်္ကာ၊ ထုတိဝေဒလ္လ ပါဠိဂါထာများဖြင့် မပါမဖြစ်၊ ပါမှပြည့်စုံသည်ဟု ယူဆကာ အထူးသဘောကျ ကျေနပ်ကြရသည်။

စံကင်းဆရာတော်၊ စစ်ကိုင်းရွှေဟင်္သာဆရာတော်၊ မင်းကွန်းတိပိဋကဓရ ဆရာတော်၊ ညောင်ရွှေကန်ကြီးဆရာတော်၊ ဝိသုဒ္ဓါရုံဝါဆိုဆရာတော် စသော ဆရာတော်ကြီးများကိုယ်တိုင် အားကိုးယုံကြည်စွာစေခိုင်းလေ့ရှိပါသည်။ သဘောကျကျေနပ်၍ အမြဲချီးကျူးလေ့ရှိပါသည်။

စာပေပို့ချရာ၌လည်း သည်းခံခြင်း၊ ဖွဲလုလ္လရှိခြင်း၊ စာပေ၌သာ မွေ့လျော်ခြင်း၊ အမျိုးဘာသာ သာသနာအကျိုး ဆောင်ရွက်ခြင်း၊ သီလ၊ သမာဓိ၊ ပညာကြီးမားခြင်းစသော ဂုဏ်တို့ကြောင့် ရဟန်း ရှင်လူတို့၏ကြည်ညို လေးစားမှုကို အထူးခံယူရလေ့ရှိပါသည်။

## ပြည်ပငါးနိုင်ငံ သာသနာပြုဓမ္မဒူတခရီး ကြွတော်မူခြင်း

၁၉၉၅ ခု၊ မတ်လ (၂၄) ရက်မှစ၍ မေလ (၁၀) ရက် အထိ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်း၊ စင်္ကာပူနိုင်ငံများသို့ အဘိဓဇ မဟာရဋ္ဌဂုရု

(၄၆) ဦးအောင်မြင့်ထွန်း (ခိုက်ပျိုးရေးပညာဘွဲ့)

တွဲဖက်ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယ၊ စစ်ကိုင်း မြစကြာဆရာတော် ဘဒ္ဒန္တလက္ခဏ၊ ဝိသုဒ္ဓါရုံ အတုလဂုဏ်ရည် ဘဒ္ဒန္တသြဒါတ သိရိဘိဝံသတို့နှင့် အတူ သာသနာပြု ဓမ္မဒူတခရီး ကြွရောက်တော်မူခဲ့ပါသည်။

## ❖ အလှူဒါနပြုကြသူငါ

ဆရာတော်ကြီးသည် -

(က) ကောဇာသက္ကရာဇ် ၁၃၄၇ ခုနှစ်မှ ၁၃၆၁ ခုနှစ်ထိ၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်၊ မိဿနီးမြို့ဟောင်း၊ ရွှေရောင်တော် ဘုရားသိမ်ထပ်ပွဲနှင့် တရားပွဲများကို နှစ်စဉ်ကြွရောက်ချီးမြှင့်သြဝါဒ ပေးတော်မူခဲ့ပါသည်။ ယခုအခါ ဤဒေသသည် ကားလမ်းရော၊ ရထားလမ်းပါ ဆုံဆည်းရာ နေရာဌာနတစ်ခု ဖြစ်နေပေပြီ။

(ခ) ကောဇာသက္ကရာဇ် - ၁၃၅၂ ခုနှစ်တွင်၊ တန်ဆောင်မုန်းလပြည့်နေ့၌ မိဿနီးမြို့ဟောင်းရွှေရောင်တော်ဘုရားကြီး၏ ရွှေတိုး၊ ငွေတိုး၊ ရတနာမိုးကို ရွာစေနိုင်သော (ပထမံဘိုးဘိုးအောင်) 'ဝ' ကိုးချက်၊ ဇယသိဒ္ဓိနှစ်ဂါထာ (ဝ-စကြာနှစ်ဂါထာ) ကို ရှာဖွေဖော်ထုတ်နိုင် ခဲ့ပါသည်။

(ဂ) ကောဇာသက္ကရာဇ် - ၁၃၆၁ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ယုန်းကားရွာရှိ သိရိဓမ္မာသောက မင်းကြီး၏ စေတီပေါင်းရှစ်သောင်းလေးထောင်တွင် အပါအဝင်တစ်ဆူ ဖြစ်တော် မူသော ဓါတ်တော်ကြီးဘုရား ထီးတော်တင်ပွဲကို ဆရာတော်ကြီး ဦးစီး ဦးဆောင်ပြု၍ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ထီးတော်ကို လှူဒါန်းသော အလှူ့ရှင်မှာ - ငါန်းဇွန်နီ့ဆီတိုက်မှ ဒါယကာ ဦးဝင်းနှင့် ဒါယိကာမ ဒေါ်ချိုသေးတို့ မိသားတစ်စု ဖြစ်ပါသည်။ ဆရာတော်ကြီး၏ မွေးနေ့ သက်တော် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ်၊ လှူဒါန်းပူဇော်ခဲ့ကြရာ တတိယအကြိမ်မြောက် ထီးတော်တင်လှူခြင်း ဖြစ်ပါသည်။ ယွင် နှစ်ကြိမ်ကလည်း ဆရာတော်ကြီးကပင် ဦးစီး၍ ပြုပြင်မွမ်းမံ ထီးတော်တင်လှူခဲ့ ပါသေးသည်။ တစ်ဆက်တည်းမှာပင် ရွှေဘုံသာကျောင်းကိုလည်း ဆောက်လုပ်အောင်မြင်ခဲ့ပါသည်။ ဆရာတော်ဩဝါဒကိုခံယူ၍ နိုင်ငံတော်အစိုးရက လမ်းပန်း ဆက်သွယ်ရေးလွယ်ကူချောမွေ့စေခြင်း အလို့ငှာ ကျောက်လမ်းခင်းခြင်းကိုလည်း အောင်မြင်အောင် ပံ့ပိုးကူညီပေးခဲ့ပါသည်။

(ဃ) ကောဇာသက္ကရာဇ် ၁၃၆၂ ခုနှစ်၊ နယုန်လတွင် ဆရာတော်ကြီး၏ ဩဝါဒဖြင့် သာသနာပြုနေကြသော ဦးမွတ်တား + ဒေါ်ဝင်းမေ အကောင်းကြိုက်မိသားစုနှင့် အလှူ့ရှင် ဒေါ်စောမြင့်၊ မကောင်းပို မိသားစုတို့က စစ်ကိုင်းတောင်ရိုးပေါ်တွင် "ဘုန်းကံပွင့် ရွှေသံ၊ ငွေသံကြားအောင်မင်္ဂလာ စေတီတော်"ကို (၆-၆-၂၀၀၀ မှ ၉-၆-၂၀၀၀) အတွင်း သုံးရက်နှင့်အပြီး စေတီတော်သစ်တည်ထား ကိုးကွယ် ထီးတော်သစ်တင်လှူခဲ့ကြရာ၊ ၁၆-၆-၂၀၀၀ နယုန်လပြည့်၊ မဟာအခါသမယနေ့တွင် အောင်မြင်စွာ ရေစက်ချလှူဒါန်း ခဲ့ကြပါသည်။

(င) ကောဇာသက္ကရာဇ် ၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၄) ရက်၊ ၁၅–၂–၂၀၀၁၊ တနင်္ဂနွေနေ့တွင် ဆရာတော်ကြီး၏ ဩဝါဒကို ခံယူကာ အလှူ့ရှင် ဦးမြမောင် + (ဒေါ်စိန်စိန်)၊ ရန်ကုန်စတိုး၊ ရတနာ့မိသားစုက ရတနာ့နှစ်ထပ်ကျောင်းဆောင်သစ်နှင့် သင်ကြားသင်ယူမှု အထောက်အကူပြု ပစ္စည်းများ သိန်းတစ်ရာကျော် လှူဒါန်းပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြပါသည်။ ယခင်က စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ညောင်ပင်ကန်ကျေးရွာနှင့် ထိုဒေသရှိ ကျေးရွာရှစ်ရွာမှ ကျောင်းသားကျောင်းသူတို့သည် မြို့နှင့်အလှမ်းကွာဝေးသဖြင့် ပညာသင်ကြားရန် အခက်အခဲရှိကြပါသည်။ ယခုအခါ၊ ထိုအခက်အခဲများမှ ပပျောက်စေရန်၊ လွယ်လင့်တကူ ပညာသင်ကြားနိုင်ရန်နှင့် ဒေသအကျိုး၊ တိုင်းပြည်အကျိုးသည်ပိုးဆောင်ရွက်နိုင်မည့် လူတော်လူကောင်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ အလျားပေ (၁၀၀) × အနံပေ (၃၀) × အမြင့်ပေ (၂၇) ရှိ အာစီ နှစ်ထပ်ကျောင်းနှင့် ရေလောင်းအိမ်သာတို့ကို ဆောက်လုပ်ခဲ့ရာ ငွေကျပ်သိန်းပေါင်းများစွာ ကုန်ကျခဲ့ပါသည်။

ယခုအခါ၊ ဆရာတော်ကြီး၏ဩဝါဒနှင့် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ– ရန်ကုန်စတိုး၊ ရတနာ့မိသားစုနှင့် ကျေးရွာလူထု ကျောင်းသား၊ ကျောင်းသူ မိဘများ၏ လှူဒါန်းငွေများဖြင့် စေတနာသဒ္ဓါထက်သန်စွာ အထက်တန်း ကျောင်းကြီးကို ဆောက်လုပ်ခဲ့ကြပြီး၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရ၊ ပညာရေးဝန်ကြီးဌာနသို့ တရားဝင်လွှဲအပ်လှူဒါန်းနိုင်ခဲ့ကြပြီးဖြစ်ပါသည်။

❀ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အလှူခံရရှိတော်မူခြင်း

ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် ၁၃၅၄ ခုနှစ် (၁၉၉၃ ခုနှစ်) တွင် နိုင်ငံတော်အစိုးရက အမြင့်ဆုံးစာချဘွဲ့တံဆိပ်တော်ဖြစ်သည့် "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။


၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း (၁၁) ရက် (၄-၁-၂၀၀၁) ကြာသပတေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နိုင်ငံတော်အစိုးရက "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းကြောင်း အမိန့်ကြော်ငြာစာ (၁/၂၀၀၁) ကို ထုတ်ပြန်ကျေညာခဲ့ပါသည်။


နိုင်ငံတော်၏ သာသနာဆိုင်ရာ ထိပ်တန်းဂုဏ်ထူးဆောင် ဘွဲ့ဖြစ်သည့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ၁၃၆၂ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ (၈-၃-၂၀၀၁) ကြာသပတေးနေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ အခမ်းအနားသဘင်ကြီးကျယ်စွာ ဆင်ယင်လျက် ဆက်ကပ်အပူဇော် ခံရပါသည်။

❀ လက်ရှိ သီတင်းသုံးတော်မူရာ -


ယခုအခါ ဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသသည် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်း၌ သီတင်းသုံးနေထိုင်၍ စာပေကျမ်းဂန် သင်ကြားပို့ချခြင်း၊ ကျမ်းစာများ ရေးသား ပြုစုခြင်း၊ တရားဓမ္မဟောကြားပြသခြင်း စသော ပရိယတ် + ပဋိပတ် သာသနာ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်တော် မူလျက်ရှိနေသည်မှာ ယနေ့တိုင်ပင် ဖြစ်ပါတော့သည်။


## မင်္ဂလာဗိမာန်ကျောင်းဆရာတော်ကြီး ရရှိတော်မူခဲ့သော ဘွဲ့တံဆိပ်တော်များ













နိုင်ငံတော်သံဃာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒွါရသာသနာပိုင်၊ ဟင်္သာတမြို့ လယ်တီဆရာတော် ဘဒ္ဒန္တ ခေမာစရ၊ ဘဒ္ဒန္တ ပညာသိရီဘိဝံသ အား နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ် ဆက်ကပ်စဉ်
( လူပုဂ္ဂိုလ်မှာ သာသနာရေးဝန်ကြီးဌာန က ဦးတင်အေး ဖြစ်ပါသည် )

## ၂။ ဆရာတော်ကြီး၏ ဩဝါဒတော်များ

### နေ့စဉ်မပြတ် ပူဇော်အပ်သော ဂါထာတော်များနှင့် ပုတီးစိပ်နည်း

### (က) ဩဝါဒပါတိမောက်သုံးဂါထာ

ဂင်္ဂါဝါဠူ သဲစုနှင့်အမျှ ပွင့်ကုန်ပြီးသော ဘုရားရှင်တို့၏ အဆုံးအမ ဩဝါဒဂါထာတော်သုံးပုဒ်တို့ကို ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမအများ အာဂုံကျက်မှတ်သိရှိ၊ ကျင့်သုံးနိုင်ကြစေရန် ဆရာတော်အစဉ် မိန့်ကြားတော်မူလေ့ရှိပါသည်။

(၁) (ပါဠိ) ● ခန္တီ ပရမံ တပေါ တီတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သာမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

(အဓိပ္ပါယ်) ● မိမိအပေါ် ဝန်တက်သည်းခံခြင်းသည် အမြတ်ဆုံး၊
နိဗ္ဗာန်ကို အမြတ်ဆုံးဟု ဘုရားရှင်တို့ ဟောကုန်၏။
ရဟန်းမည်သည် သူတစ်ပါးကို မညှဉ်းဆဲရ၊
သူတစ်ပါးကို ညှဉ်းဆဲသူ ရဟန်းမဟုတ်။
(ပထမအဆုံးအမတော်တည်း)

(၂) (ပါဠိ) ● သဗ္ဗ ပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

(အဓိပ္ပါယ်) ● မကောင်းမှု အကုသိုလ်ကို မပြုခြင်း၊
ကောင်းမှု ကုသိုလ်ကို ပြုခြင်း၊
မိမိစိတ်ကို ကြည်လင်စေခြင်း။
ဤသည်ပင် ဘုရားရှင်အဆုံးအမတော်ဖြစ်၏။
(ဒုတိယအဆုံးအမတော်တည်း)

(၃) (ပါဠိ) ● အနုပဝါဒေါ အနုပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ။

(အဓိပ္ပါယ်) ● နှုတ်ဖြင့် သူများကို မညှဉ်းဆဲခြင်း၊ မစွပ်စွဲခြင်း
အမြတ်ဆုံးသီလတော်၌ စောင့်စည်းခြင်း၊
စားသောက်မှု အတိုင်း-အရှည်ကို သိခြင်း၊
ဆိတ်ငြိမ်သော အိပ်ရာနေရာကို မှီဝဲခြင်း၊
လွန်ကဲသော သမာပတ်စိတ်၌ အားထုတ်ခြင်း။
ဤသည်ပင် ဘုရားရှင်အဆုံးအမတော်ဖြစ်၏
(တတိယအဆုံးအမတော်တည်း)

(ဓမ္မပဒ)

ဩဝါဒပါတိမောက်နှင့် အာဏာပါတိမောက်ဟူ၍ နှစ်မျိုးရှိရာတွင် အထက်ဖော်ပြပါ ဩဝါဒပါတိမောက်ကို ဂါထာ်ဝဝ ဗုဒ္ဓ သဲစုနှင့်အမျှ ပွင့်တော်မူခဲ့ကြကုန်သော ဘုရားရှင်အဆူဆူတို့ ကိုယ်တော်တိုင် ပြတော်မူကြပါသည်။ အာဏာပါတိမောက်ကိုမူ တပည့်သာဝကများကသာ ပြတော်မူကြပါသည်။ အဆုံးအမဩဝါဒပေးသော ပါတိမောက်သည် ဩဝါဒပါတိမောက်ဟု ခေါ်သည်။ ဤအဆုံးအမ ဩဝါဒပေးသော ပါတိမောက်သုံးဂါထာတို့သည် အဆူဆူသော ဘုရားရှင်တို့၏ အဆုံးအမဩဝါဒဂါထာတို့ ဖြစ်ကြသည်။

ဘုရားရှင်တို့ တစ်ဆူနှင့်တစ်ဆူ ပါတိမောက်ပြတော်မူသည့်အချိန်ကာလမှာမူ မတူညီကြပေ။ သက်တော်ရှည်သော ဝိပဿီဘုရားရှင်သည် ခုနစ်နှစ်တစ်ကြိမ်၊ သိခီဘုရားရှင် နှင့် ဝေဿဘူဘုရားရှင် တို့သည် ခြောက်နှစ်တစ်ကြိမ်၊ ကကုသန်ဘုရားရှင် နှင့် ကောဏာဂုံဘုရားရှင် တို့သည် တစ်နှစ်တစ်ကြိမ်၊ ကဿပဘုရားရှင်သည်ခြောက်လတစ်ကြိမ် အဆုံးအမဩဝါဒပါတိမောက်ကို အသီးသီးပြတော်မူခဲ့ကြသည်။ ဤအဆုံးအမဩဝါဒပါတိမောက်ကို သက်တော်ရှည် ဘုရားရှင်တို့သည် "သာသနာကုန်ဆုံးသည့်တိုင်အောင်" ပြတော်မူကြသည်။ သက်တမ်းတိုသောဘုရားရှင်တို့သည် သိက္ခာပုဒ်ပညတ်တော်မူသည့်အချိန်မှစ၍ ပြတော်မမူတော့ဘဲ၊ ပထမဗောဓိခေါ် ရှေ့ဝါနှစ်ဆယ်အတွင်း၌သာ ပြတော်မူလေ့ရှိသောကြောင့်၊ ကျွန်ုပ်တို့၏ ဂေါတမဘုရားရှင်သည် ရှေ့ပိုင်းဝါတော်နှစ်ဆယ်အတွင်း၌သာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ပါသတည်း။

(ခ) ရွှေတိုး၊ ငွေတိုး၊ ရတနာမိုးကို ရွာစေနိုင်သော (ဝ)ကိုးချက်၊ ဖယသိဒ္ဓိ နှစ်ဂါထာ

(၁) ဝရဗုဒ္ဓေါ ဝရဓမ္မော၊ ဝရသံဃော ဝရိဿရော။
ဝရစေတော ဝရံဒေတု၊ ဝရေဟိမေ ဝရံဝရံ။

ဝရဗုဒ္ဓေါ - တစ်လောကလုံးတွင် အသာဆုံး၊ အမြတ်ဆုံးရတနာ ဘုရားမြတ်စွာ မင်္ဂလာသည်၊ မေ - အောင်ဖို့မနေး အောင်မြင်ရေးကို မြှော်တွေးရည်ရော် တပည့်တော်တို့အား၊ ဝရံ - အောင်မင်္ဂလာ အောင်ရာအောင်မှု အောင်ကြောင်းဆုကို၊ ဒေတု - ကရုဏာပွါးမေတ္တာထား၍ ပေးသနားတော်မူပါစေသတည်း။ ဓမ္မော - တစ်လောကလုံးတွင် အမြတ်ဆုံး ရတနာ တရားတော်မင်္ဂလာသည်၊ မေ - အဓိဋ္ဌာန်အောင်ပွဲ ဆင်နွှဲတူပျော် တပည့်တော်တို့အား၊ ဝရံ - အောင်မင်္ဂလာ အောင်ရာ အောင်မှု အောင်ကြောင်းဆုကို၊ ဒေတု - ကရုဏာပွား မေတ္တာထား၍ ပေးသနားတော် မူပါစေသတည်း။ ဝရိဿရော - အမြတ်ရတနာမင်္ဂလာ လက်ဝေကျက်သရေ အားလုံး သိမ်းကျုံးပိုင်သ အစိုးရပေသော၊ ဝရစေတော - သိဒ္ဓိအမျိုးမျိုး စိတ်တန်ခိုးတို့ကို၊ စိုးမိုးပိုင်သ အနိုင်ရသော တစ်လောကလုံးတို့၏ အမြတ်ဆုံး မင်္ဂလာ ရတနာအမြတ်သုံးပါးနတ်သည်၊ မေ - လောကီ လောကုတ္တရာ နှစ်ဖြာကောင်းကျိုးဆုမြတ်မျိုးကို မြှော်ကိုးရည်ရော် တပည့်တော်တို့အား၊ ဝရေဟိ- အမြတ်ဆုံးရတနာ မင်္ဂလာဟူသမျှတို့ထက်၊ ဝရံဝရံ - တစ်ကမ္ဘာလုံးတွင် အသာဆုံး၊ အမြတ်ဆုံးရတနာ မင်္ဂလာအောင်ဆုကို၊ ဒေတု - ကရုဏာဓါတ်ရင်း မပြတ်သွင်းလျက် အပ်နှင်းပေးသနားတော် မူပါဘုရား။

(၂) ဝရစက္ကံ၊ ဝရပညံ၊ ဝရဗုဒ္ဓံ ဝရံဝရံ၊
ဝရဗလံ၊ ဝရံဒေန္တံ၊ ဝရဓိနံ ဝန္ဒာမဟံ။

ဝရစက္ကံ - တစ်ကမ္ဘာလုံးမှာ အသာဆုံး အမြတ်ဆုံးဖြစ်သော တရားစကြာရတနာကို ကောင်းစွာပိုင်သအစိုးရလည်စေတော်မူနိုင်ထသော၊ ဝရပညံ - ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ထက် ကဲသာတင်အပ်မြင့်မြတ်သော သဗ္ဗညုတ ဉာဏ်ပညာရှင် တစ်ဆူဖြစ်တော်မူပေထသော၊ ဝရဝရံ - ဗောဓိညောင်ပင် အောင်ပလ္လင်ဝယ် အောင်မြင်ကဲထူး၊ အမြတ်ဆုံးအောင်ပွဲမှူး ဖြစ်တော်မူပေထသော၊ ဝရဗလံ - ကာယဉာဏ ဗလနှစ်ပါး၊ ပြိုင်သူရှားအောင် စွမ်းအားသတ္တိမြတ်သော အားတော်လည်း ရှိတော်မူပေထသော၊ ဝရံဒေန္တံ - မအိုမနာ မသေပါတည့် ခေမာ အမတဓာတ် နိဗ္ဗာန်မြတ်ကို လူနတ် ဗြဟ္မာ သတ္တဝါဝေနေ ချမ်းသာစေဖို့ ပေးဝေတော်မူပေထသော၊ ဝရဓိနံ - ငါးပါးမာရ်မင်း ရန်ခပင်းတို့ နှိမ်နင်းသုတ်သင် အောင်မြင်တော်မူပေသော၊ ဝရဗုဒ္ဓံ - လူထက်လည်းမြတ် နတ်ထက်လည်းသာ ဗြဟ္မာထက်လွန် ထူးချွန်ဘုန်းဟုန် တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံထင်ရှား ရှင်တော်မြတ်ဘုရားကို၊ အဟံ - အောင်ဖို့မနေး အောင်မြင်ရေးကို မျှော်တွေးရည်ရော် ဘုရားတပည့်တော် သည်၊ သိရသာ - ကိုယ်ဒြပ်တွင် အမြတ်တင်သည့် ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ ဝန္ဒာမိ - အောင်မင်္ဂလာ အောင်ရာအောင်ကြောင်း အောင်ဆု တောင်း၍ ဦးခေါင်းညွတ်ကျိုး လက်စုံမိုးကာ ရှိခိုးပါ၏ဘုရား။

## (ဂ) သုတ္တန်ပိဋက သေလသုတ်တော်လာ ဘုန်းတန်ခိုးကြီးစေနိုင်သော ဂါထာတော်

ပသန္နနေတ္တော သုမုခေါ၊ ဗြဟာဥဇု ပတာ ပဘာ
မဇ္ဈေ သမဏသံဃဿ၊ အာဒိစ္စောဝ ဝိရောစသိ
(မဇ္ဈိမပဏ်၊ နှာ - ၃၅၁။ သုတ္တနိ၊ နှာ - ၃၆၇)

ပသန္န နေတ္တော - မဟာသာကီ၊ အာဇာနည်မို့၊ ပါရမီတော်အဟုန်၊ တန်ခိုးဂုဏ်ဖြင့်၊ လုံးစုံပြုပြင်၊ စိတ်စွမ်းအင်ကြောင့်၊ ကြည်လင်သောမျက်လုံးတော် ရှိပေထသော။ သုမုခေါ - လမင်းစန္ဒာ၊ ငွေသော်တာသို့၊ ရောင်ဝါလက်ဖြာ၊ တင့်တယ်သောမျက်နှာ ရှိပေထသော။ ဗြဟာဥဇု - ဗြဟ္မာမင်းအလားကဲ့သို့၊ ဖွံ့ထွားသပ္ပါယ်၊ ဖြောင့်မတ်သော ကိုယ်တော်မြတ်လည်း ရှိပေထသော။ပတာပဘာ - ဇမ္ဗူရာဇ်သီဂိ၊ နှာရဏီမျှ၊ သာကီရွှေဘော်၊ မြတ်ကိုယ်တော်မှ၊ ဘုန်းတော်မြတ်ရိပ်၊ မှတ်တံဆိပ်ဖြင့်၊ ခတ်နှိပ် ထွက်ပေါ်၊ လက္ခဏာတော်ကြီးငယ်၊ ခြောက်သွယ်သောရောင်ခြည် တို့ဖြင့်၊ ကွန့်မြူးစမ္ပါယ်၊ တင့်တယ်တော်မူပေ ထသော။

ဗုဒ္ဓေါ - သစ္စာလေးပါး၊ ပိုင်းခြားသိမြင်၊ ဘုရားရှင်သည်။ သမဏသံဃဿ - တပည့်သား သံဃာတော်တို့၏။ မဇ္ဈေ - အလယ်၌။ အာဒိစ္စောဝ - ရောင်ခြည်တစ်ထောင်၊ ဝင်းပြောင်ထိန်လင်း ရှင်နေမင်းကဲ့သို့။ ဝိရောစသိ - စကြာဝဠာ၊ ကမ္ဘာတစ်ခွင်၊ တန်ဆာဆင်သို့၊ အစဉ်မြင့်ကြွယ် တင့်တယ်တော်မူခဲ့ပါလေပြီတကား။

## (ဃ) ရက်ပေါင်း (၁၀၀) ဂုဏ်တော်ပုတီးစိပ်နည်း

| | | |
|---|---|---|
| (၁) | အရဟံဂုဏ်တော် တစ်နေ့ (၁၀) ပတ် | (၁၀) ရက် |
| (၂) | သမ္မာသမ္ဗုဒ္ဓေါ | (၁၀) ရက် |
| (၃) | ဝိဇ္ဇာစရဏသမ္ပန္နော | (၁၀) ရက် |
| (၄) | သုဂတော | (၁၀) ရက် |
| (၅) | လောကဝိဒူ | (၁၀) ရက် |
| (၆) | အနုတ္တရော ပုရိသ ဓမ္မသာရထိ | (၁၀) ရက် |
| (၇) | သတ္ထာ ဒေဝမနုဿာနံ | (၁၀) ရက် |
| (၈) | ဗုဒ္ဓေါ | (၁၀) ရက် |
| (၉) | ဘဂဝါ | (၁၀) ရက် |
| (၁၀) | အရဟံ မှ ဘဂဝါ ထိ ဂုဏ်တော်ကိုးပါးလုံးဆုံးမှ ပုတီးတစ်လုံးချ၊ တစ်နေ့ (၁၀) ပတ် | (၁၀) ရက် |
| | စုစုပေါင်း | (၁၀၀) ရက် |

မှတ်ချက်။

- ◆ ပထမရက် (၁၀၀) စိပ်ပြီးပါက၊ နောက်ထပ် ရက် (၁၀၀) ဆက်တိုက် စိပ်ရပါမည်။
- ◆ ဒုတိယရက် (၁၀၀) စိပ်ပြီးက၊ နောက်ထပ် ရက် (၁၀၀) ဆက်တိုက် စိပ်ရပါမည်။
- ◆ ရက်ပေါင်း (၃၀၀) ပြည့်က၊ အဓိဋ္ဌာန်တစ်ကြိမ် အောင်ပါသည်။

# ၃။ ဝိသုဒ္ဓိမင်္ဂလာ ဘုရားဂူဏ်တော် ပွါးရကျိုးများ

(၁) တပ်မက်မှု ရာဂ နှိပ်စက်သောစိတ် မဖြစ်ခြင်း၊
(၂) အမျက်ထွက်မှု ဒေါသ နှိပ်စက်သောစိတ် မဖြစ်ခြင်း၊
(၃) တွေဝေမှု မောဟ နှိပ်စက်သော စိတ်မဖြစ်ခြင်း၊
(၄) နှစ်သက်ဝမ်းမြောက်မှု (ပီတိပါမောဇ္ဇ) များစွာဖြစ်ခြင်း၊
(၅) ကာယဝက်၊ မာယာ စသည် ကင်းပြတ်ဖြောင့်မတ်သော စိတ်ရှိခြင်း၊
(၆) မြတ်စွာဘုရား၌ ရိုသေလေးစားခြင်း၊
(၇) မြတ်စွာဘုရား၌ ကြည်ညိုစိတ်ညွတ်ခြင်း၊
(၈) စေတီတော်နှင့်တူ၍ အပူဇော်ခံထိုက်ခြင်း၊
(၉) မြတ်စွာဘုရားနှင့်အတူနေရသည့်အသွင် မှတ်ထင်ခြင်း၊
(၁၀) ကိုယ်၊ စိတ် ဆင်းရဲမှုကို သည်းခံနိုင်ခြင်း၊
(၁၁) ကြောက်ဘွယ်မအေး ရန်ဘေးအမျိုးမျိုးကို သည်းခံနိုင်ခြင်း၊
(၁၂) သဒ္ဓါတရားစသည့် သူတော်ကောင်းတရား ပြန့်ပြောခြင်း၊
(၁၃) သုဂတိဘဝမြတ်သို့ ကပ်ရောက်ရခြင်း၊

ဟူသော အကျိုးတရား တစ်ဆယ့်သုံးပါးတို့ကိုလည်း ရရှိစေပါသည်။

**မိမိကိုယ်သာ မိမိအချစ်ဆုံး**

အရပ်မျက်နှာတို့သမျှ၌ စိတ်ဖြင့်စုံစမ်းရှာဖွေသော်လည်း မိမိကိုယ်ထက်ပို၍ ချစ်သောသူဟူ၍ အဘယ်မှာတွေ့နိုင်ပါအံ့နည်း။ သတ္တဝါအားလုံး၊ အသီးသီးတို့သည် သူတစ်ပါးကိုထက် မိမိကိုယ်တိုင်သာ မိမိပို၍ချစ်ကြသည်၊ သို့ဖြစ်၍ သူတစ်ပါး၏ အကျိုးစီးပွားကို အလိုရှိသောသူသည် အခြားသူတို့ကို မနှိပ်စက်၊ မညှဉ်းဆဲ မသတ်ဖြတ်ရာ၊

(ဥဒါန်း။ သောဏဝဂ်)

# ဗုဒ္ဓနှသတိ ဂုဏ်တော်ပွါးကျိုး

## ပရိယတ္တိသည် ဘုရားမည်၏

မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါကာလကြာအောင် လူနတ်ဗြဟ္မာ သတ္တဝါတို့၏အကျိုးစီးပွါးအလို့ငှါ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာသုံးဖြာ ပိဋကတ်၊ ပရိယတ်ကို ဟောကြားတော်မူခဲ့လေသည်။

ယောခေါအာနန္ဒ မယာဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သောဝေါ မမစ္စ ယေနသတ္ထာ၊ (ဝိ၊ ၄၊ ၁၊ ၅) မိန့်ခွန်းမှာသည်နှင့်အညီ ဗုဒ္ဓရှင်တော်ဘုရား ကြွသွားနိဗ္ဗာန်ဝင်စံတော်မူပြီးသည့်နောက်ကာလ၌ ထိုဓမ္မဝိနယခေါ်၊ ပရိယတ်တရားတော်သည်သာလျှင်ဗုဒ္ဓဘုရားရှင် စင်စစ်အမှန် ဖြစ်လေတော့သည်။ ထို့ကြောင့် **"ပရိယတ္တိသည် ဘုရားမည်၏"**ဟု ခေါ်ဆိုနိုင်ပါပေသည်။

ထိုသုံးပုံပိဋကတ် ပရိယတ်ကို မပြတ်ပို့ချသင်ယူနေသမျှကာလပတ်လုံး **"အနတီတသတ္ထုကမေဝ ပါဝစနံဟောတိ"** (ဝိ၊ ၄၊ ၁၊ ၅) ဒေသနာအရ ဗုဒ္ဓဘုရားသခင်သည် ပရိနိဗ္ဗာန်ဝင်စံသည် မမည်နိုင်သေးဘဲ ကမ္ဘာလောက တစ်လွှားတွင် ပရိယတ္တိဘုရား ထင်ရှားပွင့်နေဆဲဟု ခေါ်ဆိုထိုက်ပါပေသည်။

## နာမည်ကျော်စာပေပညာရှင်

ဆရာတော်ဦးပညာသိရိဘိဝံသသည် အသက် ၁၈ နှစ် အရွယ် ရှင်သာမဏေ ဘဝကပင် မြန်မာစာပေ ကဗျာ လင်္ကာ၊ ပါဠိကဗျာ ထုထိုဒေလ္လ ဂါထာတို့ကို ရေးသားသီကုံးဖွဲ့ဆိုရာ၌ နာမည်ကျော်ကြား ခဲ့သော စာပေပညာရှင်တစ်ပါး ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ဘုရားစေတီတော်များ ထီးတော်တင်ပွဲ၊ ရဟန်းခံရှင်ပြုပွဲမှအစ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရုဆရာတော်ကြီးများ ချီးကျူးဂုဏ်ပြုပွဲများတွင် ဆရာတော်၏ ရတုပိုက်စုံ၊ ဒွေးချိုး၊ တေးထပ် ပါဠိမြန်မာကဗျာများ၊ ထုတိဩဘာဂါထာကဗျာများသည် ထိပ်တန်းမှ ပါင်ခဲ့ရပါသည်။

မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ပင် ဂါထာများရေးသားသီကုံးစရာများရှိလျှင် ဦးပညာသိရီဘိဝံသကို သတိရအားကိုးမိကြောင်း ချီးကျူးစကားပြောကြားလေ့ရှိပါသည်။

## ဆိုင်းတန်းကျောင်းဘုန်းကြီးလေးဘဝ

ဆရာတော်ဦးပညာသိရီသည် အစိုးရဓမ္မာစရိယ စာမေးပွဲအောင်ပြီးနောက် ၁၃၁၈ ခုနှစ်တွင် မန္တလေးမြို့၊ ဒေးဝန်းအရှေ့ပိုင်းရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆိုင်းတန်းကျောင်းတွင် စတင်သီတင်းသုံး ကျောင်းထိုင်တော်မူပါသည်။ ထိုစဉ်က မဟာဝိသုဒ္ဓါရုံကျောင်းတိုက် အနောက်မြောက်ထောင့်ရှိ ဆိုင်းတန်းကျောင်းမှာ ရှေးဟောင်းကျောင်းအိုကျောင်းပျက်ကြီးဖြစ်ပါသည်။ မိုးမလုံသည့်အပြင် ကျောင်းကမြောက်ဘက်သို့ ယိုင်နေပါသေးသည်။မိုးများစွာဆက်တိုက်ရွာသွန်းသည့်အခါတွင် ကျောင်းပတ်လည်ရေများဝိုင်း၍ သွားရလာရ ခက်ခဲလှပါသည်။ ညပိုင်းတွင် ကျောင်းအတွင်းဘက်မှ ချီးချီးချွတ်ချွတ် မြည်သံများကြောင့် ကြောက်ရွံ့ထိတ်လန့်စရာပင်ဖြစ်ပါသည်။

ဆိုင်းတန်းအုတ်ကျောင်းကို မန္တလေးမြို့၊ ဆိုင်းတန်းရပ် ဦးသန့် (ပဒတ္တိုင်းရွာဇာတိ) + ဒေါ်သိန်း မိသားစုတို့က နောင်တော်ဆရာတော် ဦးဉာဏအား ဆောက်လုပ်လှူဒါန်းခဲ့ရာ ၁၂၆၆ ခုနှစ်၊ သီတင်းကျွတ်လ၌ ပြီးစီးခဲ့ပါသည်။ ထိုကျောင်းကို **မန္တလေးမြို့၊ ၈၄-လမ်း၊ ရွာဟိုင်းဈေးရပ် ကျောက်ဆူးဘိနပ်ကုန်သည် ဦးထွန်းဖေ + ဒေါ်အမာကြည် မိသားစုတို့က** ပြုပြင်မွမ်းမံ၍ ကျောင်းဒါယကာ၊ ဒါယိကာမအဖြစ် ဆက်လက်ခံယူခဲ့ကြပါသည်။

ဆရာတော်သည် နေ့ပိုင်းတွင် ကျောင်းတိုက်အတွင်းရှိရဟန်းသံဃာတော်များအား စာဝါပို့ချခြင်း၊ အားလပ်ချိန်များတွင် မိမိကိုယ်တိုင် စာပေပရိယတ္တိများ ဖတ်ရှုလေ့ရှိပါသည်။ ညစဉ်ညတိုင်း ဘုရားဝတ်ပြုခြင်း၊ ပုတီးစိပ်ခြင်း၊ ပရိတ်ကြီး (၁၁)သုတ်၊ မဟာသမယသုတ်များ ရွတ်ဆိုပူဇော် လေ့ရှိပါသည်။

## ✱ သေလသုတ်ဂါထာ၊ ဂုဏ်တော်ပုတီးစိပ်

ညပိုင်းနှင့် ကိုယ်ပိုင်အားလပ်ချိန်များတွင် ပသန္နနေတ္တော အစရှိသော သေလသုတ်တော်လာဂါထာကို ရွတ်ဆိုပွားများလေ့ ရှိပါသည်။ ညပိုင်းဆိတ်ငြိမ်သည့်အခါတွင် ဆရာတော်ကြီးတစ်ပါး ချီးမြှင့်သည့် ရက်ပေါင်း ၁၀၀ ပုတီးစိပ်နည်းကို အဓိဋ္ဌာန်ဖြင့် အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့ပါသည်။ နေ့စဉ် ရက်ပေါင်း (၁၀၀) အဓိဋ္ဌာန်ပုတီးစိပ်ပြီးတိုင်း ဆရာတော်သည် အောက်ပါအတိုင်း ဆုတောင်းအဓိဋ္ဌာန်ပြုလေ့ ရှိပါသည်။

'ဤလောကဒွိ ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်လျက်ရှိကြသော သာသနာတော်စောင့် နတ်မြတ်နတ်ကောင်းတို့ အမှန်တကယ်ရှိပါမူ အကျွန်ုပ်သည် ဗုဒ္ဓသာသနာတော် အကျိုးကို အမှန်တကယ် ကြိုးစားအားထုတ် နေသူဖြစ်ပါ၍ အကျွန်ုပ်အား ထင်ရှားမသွေ ကူညီစောင့်ရှောက်နိုင်ကြပါစေ သတည်း' ဟူ၍ ဆုတောင်းခဲ့ပါသည်။

## ✱ ထူးခြားသောအိပ်မက်

အထက်သေလသုတ်တော်လာ 'ပသန္နနေတ္တော ဂါထာနှင့် ရက်ပေါင်း (၁၀၀) ပုတီးစိပ်နည်း'ကို ရက်ပေါင်း ၃၀၀ အဓိဋ္ဌာန်စခန်း သုံးကြိမ်ကျော် နေ့စဉ်မပျက်မကွက် ပုတီးစိပ်ခြင်း၊ ရွတ်ဆိုပွားများခြင်း ပြုခဲ့ရာ၊ ၁၃၂၂ ခုနှစ် ညတစ်ညတွင် ထူးခြားသော အိပ်မက်တစ်ခု မြင်မက်ခဲ့ပါသည်။

ဆရာတော်မြင်မက်သော အိပ်မက်မှာ ရုပ်အဆင်းလှပ ချောမောသော ဒါယိကာမနှစ်ယောက်သည် ဆရာတော်ထံဝင်ရောက် လာပြီး ရွှေလင်ပန်းတွင် ရွှေဒင်္ဂါးများ အပြည့်ထည့်လျက် ဆရာတော် လက်အရောက် ဆက်ကပ်လှူဒါန်းပါသည်။ ဆရာတော်က လင်ပန်းထဲမှ ရွှေဒင်္ဂါးများကိုကြည့်လိုက်ရာ ရွှေဒင်္ဂါးပြားတိုင်း၏ တစ်ဖက်မျက်နှာတွင် 'မင်္ဂလာ' ဟူသော စာများပါသည်ကို သတိပြုလိုက်မိပါသည်။ ဆရာတော်သည် ဤအိပ်မက်ထူးကြောင့် တစ်စုံတစ်ခုသော အကျိုးထူးများ ပေးတော့မည်ဟု နိမိတ်ကောက်လိုက်မိပါတော့သည်။ ရေးဘုန်းရေးကံပါ၍ တိုက်ကျောင်းများဆောက်ရမည်ဆိုလျှင် ကျောင်းအမည်ကို 'မင်္ဂလာဗိမာန်' ဟု ပေးမည်ဟု စိတ်ကူးခဲ့ပါသည်။

ဆရာတော်ဦးပညာသိရီ၏ ဆရာတော်ကြီး၏ တိုက်ကျောင်းမှာ 'ရတနာဗိမာန်' ဖြစ်၍ မိမိ၏ကျောင်းကို 'မင်္ဂလာဗိမာန်' ပေးရလျှင် ကောင်းမှာပဲဟု အိပ်မက်နှင့် ဆက်စပ်ပြီး စိတ်ကူးခဲ့ခြင်း ဖြစ်ပါသည်။

## ✷ အာရုံပြုရွတ်ဆို၊ ပုတီးစိပ်

သေလသုတ်တော်လာ 'ပသန္နနေတ္တော' အစရှိသော ဂါထာကို မြတ်စွာဘုရားအား လက္ခဏာတော်ကြီးငယ်အသွယ်သွယ်နှင့် ပြည့်စုံတော်မူပုံ၊ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူး၍ ရဟန်းတို့အလယ်တွင် နေမင်းကြီးကဲ့သို့ ထွန်းလင်းတင့်တယ် ကျက်သရေတော်နှင့် ပြည့်စုံတော်မူပုံကို အာရုံစွဲထင်ကာ ရွတ်ဆိုခဲ့ပါသည်။

တစ်ဖန် ရက်ပေါင်း (၁၀၀) ဂုဏ်တော်ပုတီးစိပ်ရာတွင်လည်း အရဟံဂုဏ်တော်မှသည် ဘဂဝါဂုဏ်တော်ထိ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား မိမိရှေ့ တစ်တောင် တစ်ထွာခန့် နှစ်ဆခန့် အကွာတွင် တင့်တယ်သပ္ပါယ်စွာ သမာပတ်ဝင်စားနေပုံကို အာရုံပြုခဲ့ပါသည်။

✻ ဗုဒ္ဓါနုဿတိဘာဝနာအကျိုး

ဆရာတော်သည် နှစ်ရှည်လများ တည်ငြိမ်ဖြောင့်မတ်စွာ မိမိပွါးများ အားထုတ်လာခဲ့သော ဗုဒ္ဓါနုဿတိဘာဝနာ၏ တန်ခိုးဂုဏ်ကျေးဇူးကို သတိရမိပါ သည်။ မကြာမီအချိန်တွင်ပင် ဆရာတော်စဉ်းစားမိသည့်အတိုင်း ဗုဒ္ဓဂုဏ်တော် ကိုးပါးနှင့် သေလသုတ်တော်လာဂါထာတို့၏ တန်ခိုးတော်ဂုဏ်ကျေးဇူးနှင့် ဗုဒ္ဓါနုဿတိ ဘာဝနာအကျိုး စတင်ပေးပါတော့သည်။

၁၃၃၄ ခုနှစ်တွင်၊ အုတ်ကျောင်းဆောက်လုပ်လှူဒါန်းမည့် ဒါယိကာမ တစ်ဦး မမျှော်လင့်ဘဲပေါ်ပေါက်လာပါသည်။ ကျောင်းဒါယိကာမသည် ဆရာတော်နှင့် ရင်းနှီးလှသူမဟုတ်ပါ။ ဆရာတော်၏ အကျင့်၊ သီလ၊ သိက္ခာ၊ သမာဓိနှင့် ပညာတို့ကို လေးမြတ်ကြည်ညိုသူ ဖြစ်ပါသည်။ ဆရာတော်ဦးပညာသိရိ သီတင်းသုံးရန် အုတ်တိုက် ကျောင်းတော်ကို ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းသူမှာ၊ မန္တလေးမြို့ ၂၉လမ်း၊ ဝါးတန်း၊ လှိုင်းတက်ရပ်မှ ဒေါ်တင့်၊ ဒေါ်ရွှေ သမီး–ဒေါ်သန်းတင်၊ ဒေါ်သန်းခင်၊ မောင်–ဦးဘတင် မိသားစုတို့က မင်္ဂလာဗိမာန်ကျောင်းဒါယကါအဖြစ် ခံယူကာ ဆောက်လုပ်လှူဒါန်းခဲ့ကြခြင်း ဖြစ်သည်။

ရက်ကောင်းရက်မြတ် နက္ခတ်အခါရွေး၍ 'မင်္ဂလာဗိမာန်အုတ်ကျောင်း' တော်ကို အုတ်မြစ်ချခဲ့ပါသည်။ နက္ခတ်အခါကောင်းရွေးချယ်ပေးသူမှာ စိန်တောင်ကျောင်း (ယခု အမှတ် ၃၊ အလက မန္တလေး) မှ ဆရာဦးဗိုလ်ဟိန်း ဖြစ်ပါသည်။ ဆရာဦးဗိုလ်ဟိန်းသည် 'မင်္ဂလာဗိမာန်အုတ်ကျောင်း' အုတ်မြစ်ချသည့်နေ့က ဆရာတော်အား နောက်ထပ်ကျောင်းသုံးကျောင်း ထပ်မံဆောက်ရဦးမည်ဟု နိမိတ်ဖတ်ဟောကြား

ခဲ့ပါသည်။ ဆရာဦးဗိုလ်ဟိန်း ဟောကြားခဲ့သည့်အတိုင်း နောင်တွင် မှန်ကန်သည်ကို တွေ့ရပါသည်။ ဆရာဦးဗိုလ်ဟိန်း၏ ပညာကို အံ့ဩချီးကျူးမိကြောင်း ဆရာတော်က မိန့်ကြားတော်မူပါသည်။

ကျောင်းဆောက်ရာတွင်လည်း ကူညီစောင့်ရှောက်မည့်သူများ တစ်နည်းမဟုတ်တစ်နည်း ပေါ်ပေါက်လာပါသည်။ ဆောက်လုပ်ရေး ပစ္စည်းများမှာလည်း အစိုးရသတ်မှတ်ဈေးဖြင့် သက်သက်သာသာ ဝယ်ယူရရှိခဲ့ပါသည်။ ဤသို့ရက်လတိုတိုဖြင့် မဟာဝိသုဒ္ဓါရုံတိုက်သစ်အတွင်း အနောက်မြောက်ထောင့်တွင် 'မင်္ဂလာဗိမာန်' အုတ်ကျောင်းကြီး ထီးထီးမတ်မတ် ချောမောအောင်မြင်စွာ ဆောက်လုပ်ပြီးစီး အောင်မြင်ပေါ်ထွန်းခဲ့ပါသည်။ ဆရာတော်ဦးပညာသိရိဘိဝံသ၏ ရေးဘုန်းရှေးကံနှင့် ယခုဘဝ အကျင့်စရဏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် လှူဒါန်းမည့် ကျောင်းဒါယကာ၊ ဒါယိကာမများ ဆက်ကာ ဆက်ကာ ပေါ်ပေါက်လာ ခဲ့ပါသည်။

၁၃၄၁ ခုနှစ်တွင် မန္တလေးမြို့၊ ဂုန္တာန်ရပ်မှ ဦးခင်မောင်၊ ဒေါ်တင်တင် တို့က 'အောင်သုခ' အုတ်ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းပြန်ပါသည်။

၁၃၄၂ ခုနှစ်တွင် မိုးကုတ်မြို့၊ မြို့မရပ်၊ ဦးညီညီ - ဒေါ်လှမေ တို့က စက်ရေတွင်း တူးဖော်လှူဒါန်းပြီး ရက်လ မကြာမီတွင် မန္တလေးမြို့၊ ရဟိုင်းဈေးရပ်၊ ဖိနပ်ကုန်သည် ဦးစိုးတင် + ဒေါ်မြခင် မိသားစု တို့က ပဋ္ဌရူပဆွမ်းစားကျောင်း တစ်ဆောင် ဆောက်လုပ်လှူဒါန်းပါသည်။

နောက်တစ်နှစ်ကျော်အကြာတွင် ဆရာတော်အား အလွန်ကြည်ညိုရှိ စေတနာသဒ္ဓါထက်သန်သည့် သူဌေးတစ်ဦးက ကျောင်းတစ်ဆောင်ထပ်မံ ဆောက်လုပ် လှူဒါန်းလိုပါကြောင်း ဆရာတော်အား လျှောက်ထားလာပါသည်။

ဆရာတော်က နောက်ထပ်၍ ကျောင်းဆောက်ရန် မြေနေရာ

မရှိတော့ကြောင်း မိန့်ကြား၍ ကျောင်းဆောက်လှူဒါန်းခြင်းကို လက်ခံခြင်း မပြုခဲ့ပါ။ ထိုအခါ အဆိုပါ အလှူဒါယကာက ဆရာတော်၏ ဆန္ဒအတိုင်း အလိုရှိသလိုစီမံ ဆောင်ရွက်ရန် ငွေကျပ်ငါးသိန်း လှူဒါန်းအပ်နှံပါသည်။ အဆိုပါငွေကျပ်ငါးသိန်း လှူဒါန်းအပ်နှံသည်ကို လက်ခံခြင်းမပြုဘဲ လိုအပ်သည့် ကိစ္စမရှိကြောင်း ပြောဆိုငြင်းပယ်တော်မူခဲ့ပါသည်။ ဆရာတော်သည် အလွန်ပင် ရိုးသားဖြူစင်တော်မူ၍ လောဘ၊ ဒေါသ၊ မောဟ နည်းပါးကာ စာပေပရိယတ္တိနှင့် ပဋိပတ္တိအလုပ်စခန်းများမှအပ အခြားစိတ်ပါဝင်စားမှု သိပ်မရှိပါ။ ထာဝစဉ် တည်ငြိမ် အေးချမ်းလျက်ရှိသည်ကိုသာ ကျွန်တော်ရောက်သည့်အခါတိုင်း ဖူးတွေ့ရလေ့ ရှိပါသည်။

၁၃၄၅ ခုနှစ်တွင် စိန်ပန်း သံလျက်မှော်ရပ်၊ ပဏ္ဍိတာရုံ ကျောင်းကို ဆရာတော်ဦးသုမနက လှူဒါန်းသဖြင့် လက်ခံအုပ်ချုပ် လျက်ရှိပါသည်။

၁၃၆၂ ခုနှစ်တွင်၊ အောင်သုခကျောင်းဒါယကာ ဦးခင်မောင် + ဒေါ်တင်တင်၊ သား - ကိုကျော်စိုးလင်း၊ (ကိုစိုးစိုး)၊ ဦးမျိုး၊ နှမ - ဒေါ်ခင်အေးမူတို့က ကျောင်းဆောင်အားလုံးတို့ကို အသစ်ပြုပြင်မွမ်းမံ ပြင်ဆင်ဆေးသုတ်ကာ၊ ရွှေကျားရတနာအနန္တကျောင်းကို တိုးချဲ့ဆောက်လုပ် ခဲ့ပါသည်။

၁၃၆၂ ခုနှစ်အထိ ဆရာတော်ကြီးအား ဒါယကာ၊ ဒါယိကာမများက သိမ်ထပ်၊ ကံထပ်ခြင်းပြုခဲ့ကြသည်မှာ အကြိမ်ပေါင်း (၄၅) ကြိမ် ရှိပြီ ဖြစ်ပါသည်။

(ဆရာတော်ကြီးအား သိက္ခာထပ်သော အလှူရှင်ရဟန်း ဒါယကာ၊ ဒါယိကာမများ စာရင်းကို နောက်ပိုင်းတွင် သီးခြားပြု၍ ဖော်ပြထားပါသည်။)

✱ သေလသုတ်ဂါထာအဓိပ္ပါယ်ပြန်ဆို

ဆရာတော် ရဟန်းသိက္ခာ လေးဝါခန့်အရတွင် မုံရွာမြို့မှ ဆရာညွှာဆိုသော ဒါယကာတစ်ဦးက အထက်ဖော်ပြပါ ပသန္နနေတ္တာ အစရှိသော သေလသုတ်တော်လာ ဂါထာကို အနက်အဓိပ္ပာယ်ပြန်ဆို ပေးပါရန် လျှောက်ထားတင်ပြပါသည်။ ထိုစဉ်က ဆရာတော်သည် စာချတန်း (ဓမ္မာစရိယ) ဖြေဆိုရန် စာကျက် နေစဉ်ဖြစ်သည်။ ဆရာတော် ငယ်ရွယ်စဉ် ရှင်သာမဏေ ဘဝကပင် စာပေ ကျမ်းဂန်များကို ဖတ်ရှုမှတ်သား ကျွမ်းကျင် နံ့စပ်သူ ဖြစ်သည့်အားလျော်စွာ ဂါထာကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် သုတ္တနိပါတ သေလသုတ်တော် ဖြစ်ကြောင်း သိလိုက်ပါသည်။

သေလပုဏ္ဏားသည် မြတ်စွာဘုရား၏ လက္ခဏာတော်တို့ကို ရှုမြင်လေ့လာ၍ ဘုရားစင်စစ် ဧကန်ဖြစ်ကြောင်း သိရသဖြင့် ဝမ်းသာ အားရချီးကျူးပူဇော်သော ဂါထာတော် ဖြစ်ပေသည်။ မြတ်စွာဘုရား၏ ဘုန်းတော်၊ ကံတော်၊ ဉာဏ်ပညာတော် ပါရမီတော်နှင့် တန်ခိုးတော်အနန္တကို ချီးကျူးပူဇော်သည့် ဂါထာတော် ခြောက်ပုဒ်တွင် ပထမဆုံးဂါထာဖြစ်ပါသည်။ အလွန်တန်ခိုးကြီး၍ ဘုရားကိုကြည်ညိုစွာ ရွတ်ဆိုပူဇော်သင့်သော ဂါထာတော် ဖြစ်ပါသည်။ဆရာတော်သည် ထိုဂါထာတော်ကို ချက်ချင်းပင် အနက်ပြန်ဆို စီကုံးရေးသားပေးလိုက်ပါသည်။

✱ ဆရာညွှာလျှောက်သောစကား

ဆရာညွှာသည် ဂါထာမြန်မာပြန်ကို ဖတ်ရှုရွတ်ဆိုကြည့်ပြီး၊ ဝမ်းသာအားရ ဆရာတော်အား လျှောက်ထားသည်မှာ 'ပထမံ သကလက္ခဏာ မေကာပဒံ' အစရှိသော 'သစ္စာအနက် (၁၆) ချက်ဂါထာ' ကို လူသိများ၍ ရွတ်ဆိုအားထုတ်သူများပါသည်။ ပထမံဘိုးဘိုးအောင် အမြဲရွတ်ဆိုသည့်

ဂါထာဖြစ်ကြောင်း သိသူ အလွန်နည်းပါးပါသည်။ ဤဂါထာကို အဓိဋ္ဌာန်ပြု၍ နေ့စဉ်မှန်မှန် မြတ်စွာဘုရားရှေ့တွင် ရွတ်ဆိုပူဇော်ပါက ဘုန်းတန်ခိုးကျက်သရေ တိုးတက်ပါသည်ဟု ဘုရားဟု လျှောက်ထားလာပါသည်။မကြာမီအချိန်တွင် ဆရာတော်သည် ထူးဆန်းအံ့သြဖွယ်ရာ အကျိုးထူးများ ရရှိခံစားလိမ့်မည်။ မရောက်ဘူးသော အရပ်ဒေသများသို့လည်း သွားရောက်ရလိမ့်မည်။ တစ်နေ့တခြား ဘုန်းတန်ခိုးများ တိုးတက်လာမည့်အကြောင်း ဆက်လက် လျှောက်ထားသွားပြန်ပါသည်။

## ✳ ဘေးအန္တရာယ် ကာကွယ်

ဆရာတော်က ဤဂါထာမှာ သုတ္တန်ပိဋကတော် သေလသုတ်တော်လာ ဂါထာတော်ဖြစ်သည်။ ထို့ပြင်၊ မြတ်စွာဘုရား၏ ဘုန်းတန်ခိုး ဂုဏ်ကျေးဇူးကို ဖော်ကျူးပူဇော်သော ဂါထာတော်ဖြစ်၍လည်း၊ နှစ်သက် ကြည်နူးစွာ နေ့စဉ်အဓိဋ္ဌာန်ဖြင့် ရွတ်ဆိုပူဇော်ကာ၊ ဗုဒ္ဓါနုဿတိ ပွါးများခဲ့သည်မှာ ယနေ့ထိဖြစ်ပါသည်။

တစ်ချိန်က၊ ဆရာတော်သည် ဘေးအန္တရာယ်လေးကြိမ်ကြုံခဲ့ဘူးသည်။ လေယာဉ် ခရီးဖြင့်နှစ်ကြိမ်၊ သင်္ဘောခရီးဖြင့် နှစ်ကြိမ်ဖြစ်ပါသည်။

(၁) ပထမအကြိမ်မှာ ၁၃၁၆ ခုနှစ်က၊ မုံရွာသို့လေကြောင်းခရီးဖြင့် သွားရာ လေယာဉ်စက်ချို့ယွင်းစဉ်က ဖြစ်ပါသည်။

(၂) ဒုတိယအကြိမ်မှာ ၁၃၁၈ ခုနှစ်က၊ မန္တလေးမှ ရန်ကုန်သို့ ပါဠိတက္ကသိုလ် ဓမ္မာစရိယ အစည်းအဝေးတက်ရန် လေကြောင်းခရီးဖြင့် အသွား ပုပ္ပားတောင်မကြီး အနီးတွင် လေယာဉ်စက်ချို့ယွင်းစဉ်က ဖြစ်ပါသည်။

(၃) တတိယအကြိမ်မှာ ၁၃၂၅ ခုနှစ်က၊ ဧရာဝတီတိုင်း လပွတ္တာမြို့သို့ တရားပွဲဖိတ်ကြား၍ တရားဟောရန် သင်္ဘောဖြင့်အသွားတွင် လေမုန်တိုင်းမိစဉ်က ဖြစ်ပါသည်။

(၄) စတုတ္ထအကြိမ်မှာ ကရင်ပြည်နယ်၊ ဘားအံမြို့သို့ ဒေသန္တရ ဗဟုသုတ ရှာမှီးရန် ခရီးထွက်စဉ် လေမုန်တိုင်းမိစဉ်ကဖြစ်ပါသည်။

ဆရာတော်သည် ခရီးထွက်စဉ်အခါတိုင်းမှာလည်း ဗုဒ္ဓဂုဏ်တော်များကို ရွတ်ဆိုပွားများ၍ သေလသုတ်တော်လာ ဂါထာကို အထူးရွတ်ဆိုပူဇော်လေ့ ရှိပါသည်။ ခရီးမထွက်မီ မိမိသွားမည့်အရပ်ကို မျက်နှာမူ၍ မေတ္တာ ဘာဝနာ ပွါးများပြီးမှ ခရီးထွက်လေ့ရှိပါသည်။

**✳ သစ္စာဆို၍ အန္တရာယ်ကင်း**

အန္တရာယ်ကြုံရသည့် လေးကြိမ်လုံးတွင် အောက်ပါအတိုင်း သစ္စာဆို၍ ဘေးအန္တရာယ်များမှ ကျော်လွှားလွတ်မြောက် ချမ်းသာခဲ့ရပါသည်။

အကျွန်ုပ်သည် အဗြဟ္မစရိယသိက္ခာပုဒ်ကို ငယ်စဉ်မှစ၍ ယနေ့ယခု အချိန်ထိတိုင်အောင် မကျိုးမပေါက်အောင် ထိန်းသိမ်း ဆောက်တည်ခဲ့သည်။ ဤမှန်သောသစ္စာစကားကြောင့် လေယာဉ်စက်ချို့ယွင်းခြင်းသည် အမြန်ဆုံးပြန်၍ ကောင်းပါစေသတည်း။ ဤလေယာဉ်ပေါ်ပါ ခရီးသည်အားလုံး ဘေးရန်အန္တရာယ် ကင်းကြပါစေသတည်း။ သဘော်လေမုန်တိုင်းမိစဉ်ကလည်း အထက်ပါအတိုင်းပင် ဤမှန်သော သစ္စာစကားကြောင့် လေမုန်တိုင်း အမြန်ဆုံးရပ်စဲပါစေ သတည်း။ ဤသဘော်ပါ ခရီးသည်အားလုံး ဘေးအန္တရာယ် ကင်းကြပါစေသတည်း။

ဤကဲ့သို့ ဆရာတော် သစ္စာဆိုခဲ့သည့်အတိုင်း ဘေးအန္တရာယ် ကင်းခဲ့သည်မှာ လေးကြိမ်တိတိဖြစ်ပါသည်။ လေးကြိမ်လုံးပင် ဆရာတော်သည် ဗုဒ္ဓဂုဏ်တော်များကို အာရုံပြု၍ စိတ်ကို တည်ငြိမ်စွာထားပြီး သစ္စာဆိုခဲ့ခြင်းဖြစ်ပါသည်။ ခရီးသည်အတော်များများမှာ ဘေးအန္တရာယ်ကြုံတွေ့သည့်အခါ ဆောက်တည်ရာမရဖြစ်ကြပါသည်။ တည်ငြိမ်အေးချမ်းစွာ ဆုတောင်းမေတ္တာပို့သ

နေသော ဆရာတော်အား ရှိခိုးဦးခိုက်ကြပါသည်။ ဆရာတော်က 'ဘေးအန္တရာယ် မရှိပါဘူး၊ စိတ်အေးအေး နေကြပါ' ဟု မိန့်ကြားသည့်အတိုင်း ဘေးအန္တရာယ် ကင်း၍ ဆရာတော်အားပို၍ လေးနက်ကြည်ညိုကြခြင်းဖြစ်ပါသည်။

## ✻ သာသနာရေးဆောင်ရွက်

ဆရာတော်သည် ပရိယတ္တိနှင့် ပဋိပတ္တိနှစ်ဖြာဖြစ်သော သာသနာ့ အကျိုးကို အပတ်တကုတ် ကျင့်ကြံကြိုးကုတ် အားထုတ်တော် မူလျက် ရှိပါသည်။ ပရိယတ္တိသာသနာအတွက် သကျသီဟနှင့် အစိုးရဓမ္မာစရိယ စာချတန်းစာမေးပွဲများ အောင်မြင်ခဲ့ပြီး ပဋိသမ္ဘိဒါမဂ္ဂ ပါဠိပါရဂူဘွဲ့ရ စာချ ဆရာတော်တစ်ပါးဖြစ်ပါသည်။

မြန်မာနိုင်ငံတော်အစိုးရက ခန့်ထားချီးမြှောက်သည့် တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြု ဆရာတော်လည်းဖြစ်ပါသည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်တစ်ပါးဖြစ်၍ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ပုဗ္ဗဝိဒေဟအဆောင်တွင် အခါအားလျော်စွာ ကြွရောက်သီတင်းသုံးတော်မူ၍ သာသနာ့တာဝန်ကို ဆောင်ရွက်လျက်ရှိပါသည်။

## ✻ ထင်ပေါ်ကျော်ကြားလိုစိတ်နည်းသည်

ဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသ၏ ဖြူစင်မွန်မြတ်သည့် စိတ်စေတနာ၊ သဒ္ဓါတရားများနှင့် သီလ၊ သမာဓိ၊ ပညာတို့ကို ကျွန်တော် အလွန်လေးမြတ်ကြည်ညိုပါသည်။ ကျွန်တော် မန္တလေးမြို့သို့ရောက်သည့် အခါတိုင်း ဆရာတော် သီတင်းသုံးရာ မဟာဝိသုဒ္ဓါရုံတိုက်သစ် 'မင်္ဂလာဗိမာန်' သို့ သွားရောက်ကန်တော့ လေ့ရှိပါသည်။ ဆရာတော် ရန်ကုန်သို့ ကြွရောက် သီတင်းသုံးသည့် အခါတွင်လည်း ကမ္ဘာအေး ပုဗ္ဗဝိဒေဟဆောင်သို့ သွားရောက်

ကန်တော့ခြင်း၊ စာပေပရိယတ္တိများကို လျှောက်ထားဆွေးနွေး မေးမြန်းလေ့ရှိပါသည်။

ဆရာတော်သည် စာပေပရိယတ္တိ ကြွယ်ဝပြည့်စုံသူဖြစ်သော်လည်း ထင်ပေါ်ကျော်ကြားလိုစိတ် နည်းပါသည်။ ယခု အထက်ဖော်ပြပါ အကြောင်းအရာများကို ကျွန်တော်ကိုယ်တိုင် လွန်ခဲ့သည့် လေးငါးနှစ် ၁၉၈၉ ခုနှစ်လောက်ကပင် မေးမြန်းလျှောက်ထားတောင်းခံခဲ့ပါသည်။

ဆရာတော်ထံမှ တော်တော်နှင့် ရေးခွင့်မရပါ။ တစ်ခေါက်သွား နည်းနည်းခြင်း မေးမြန်းရေးမှတ်ခြင်းဖြင့် အကြောင်းအရာ အတော်အတန် ပြည့်စုံမှသာ ရေးခွင့်တောင်း၍ ရေးသားတင်ပြနိုင်ခြင်းဖြစ်ပါသည်။

## ✱ စေတနာဖြင့်ရေးသားခွင့်ပြု

ဆရာတော်သည် 'ပသန္နနေတ္တော' အစရှိသုတ္တနိပါတ်သေလသုတ်တော်လာ ဂါထာတော်နှင့် ဗုဒ္ဓဂုဏ်တော်ကိုးပါး ပွားများ ပုတီးစိပ်နည်း၊ ဗုဒ္ဓါနုဿတိ ဘာဝနာပွားများအားထုတ်ခြင်းများ၊ ခုနစ်ရက်သားသမီးများထံ ပြန့်ပွားရွတ်ဖတ်အားထုတ်ကြစေလိုသော စေတနာဖြင့် ရေးသားခွင့်ပြုခြင်းဖြစ်ပါသည်။

(မင်းသုရိန် အမျိုးသားစာပေဆုရ ရေးသားသော တန်ခိုးထက်မြက်သည့် ဗုဒ္ဓဂုဏ်တော်များနှင့် ကိုယ်တွေ့ဖြစ်ရပ်များ အမှတ် (၆) စာမျက်နှာ (၁၇) မှ ကောက်နုတ်တင်ပြပါသည်။)

### ခန္တီ သည်းခံခြင်းဖြင့် ငြိမ်းချမ်းရေးကိုရယူနိုင်ရာသည်

ခန္တီ သည်းခံခြင်းတရားကိုလက်ကိုင်ထားသော သူတော်ကောင်းများသာလျှင် ရန်သူတုသမျှတို့၏ အင်အားအပေါင်းကို အောင်နိုင်ရ၍ အေးငြိမ်းမှုအဝစ်မှန်ကို ရယူစံစား စံစားနိုင်ရာ၏။ သည်းခံခြင်းကြောင့် (က) လူအများကချစ်ခင်ကြခြင်း။ (ခ) ရန်လိုမှုနည်းပါးခြင်း။ (ဂ) အပြစ်မပြုမိခြင်း။ (ဃ) မတွေမဝေသေရခြင်း။ (င) သေလွန်သောအခါ နတ်ရွာသုဂတိသို့ သွားရခြင်း ဟူသော အကျိုးထူးငါးပါးကိုလည်း ရရှိစေနိုင်ပါသည်။

(သရဘင်္ဂဇာတ် ၅၂၂ ဗုဒ္ဓတာအဋ္ဌကထာ၊ အတွဲ္တဲ့သုတ်)

## လူဖြစ်ကျိုးနပ် မြတ်ပါ့ဝေ

- မနုဿတ္တ၊ ဒုလ္လဘကို၊ ကြုံရခါ၊ တွေ့ဆုံပါလည်း။ ငါ့မှာလူစစ်၊ ဖြစ်+မဖြစ်ကို၊ စိစစ်ခါခါ၊ စဉ်းစားပါလော့။
- ရတနာသုံးရပ်၊ မြတ်ထက်မြတ်ကို၊ ဆည်းကပ်ရှိသေ၊ ပူဇော်ပေ၍ ပေးဝေဒါန၊ ကျင့်သီလနှင့်၊ ပွားထဘာဝနာ၊ ပြည့်စုံပါမူ၊ လူမှာသွင်းလစ်၊ လူလျှင်စစ်သည်၊ လူဖြစ်ကျိုးနပ် မြတ်မည်တည်း။
- လူ့ရွာ လူ့ပြေ၊ ရောက်ရပေလည်း၊ သုံးထွေ ရတနာ၊ လွတ်ကင်းကွာလျက်၊ လျှမှာ အရှင်း၊ သီလကင်း၍ ချို့ယွင်းဘာဝနာ၊ ဖြစ်ခဲ့ပါမူ၊ လူသာခေါ်လစ်၊ လူမစစ်သည်၊ လူဖြစ်ရှုံးလိမ့် မည်သာတည်း။

## မီးတစ်ဆယ့်တစ်ပါးဟူသည်

| | | | |
|---|---|---|---|
| (၁) | လိုချင်တပ်မက်ခြင်း | = | ရာဂမီး၊ |
| (၂) | စိတ်ဆိုး–စိတ်ပျက်ခြင်း | = | ဒေါသမီး၊ |
| (၃) | အမှန်အတိုင်းမသိခြင်း | = | မောဟမီး |
| (၄) | ပဋိသန္ဓေနေရခြင်း | = | ဇာတိမီး၊ |
| (၅) | အိုရခြင်း | = | ဇရာမီး၊ |
| (၆) | သေရခြင်း | = | မရဏာမီး၊ |
| (၇) | စိုးရိမ်ပူဆွေးရခြင်း | = | သောကမီး၊ |
| (၈) | ငိုကြွေးရခြင်း | = | ပရိဒေဝမီး၊ |
| (၉) | ကိုယ်ဆင်းရဲရခြင်း | = | ဒုက္ခမီး၊ |
| (၁၀) | စိတ်ဆင်းရဲရခြင်း | = | ဒေါမနဿမီး နှင့် |
| (၁၁) | ပြင်းစွာပူပန်ရခြင်း | = | ဥပါယာသမီး။ |

# ၄။ "ဓမ္မဒါန" နှင့်ပတ်သက်၍

**ပဉ္စမာရေဇိနာတိဇိနော၊**

**ယောဘဂဝါ** - အကြင်မြတ်စွာဘုရားသည်၊ **ပဉ္စမာရေ** - ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စု မာရ်၊ အဘိသင်္ခါရမာရ်တည်းဟူသော ငါးပါးသော မာရ်တို့ကို၊ **ဇိနာတိ** - အောင်တော်မူတတ်၏။ **ဉာတိတသ္မာ** - ထိုသို့မာရ် ငါးပါးကိုအောင်တော်မူတတ်သော သတ္တိကြောင့်၊ **သောဘဂဝါ** - ထိုမြတ်စွာ ဘုရားသည်၊ **ဇိနော** - ဇိန မည်တော်မူ၏။ ဤသို့လျှင် ငါးပါးသောမာရ်တို့ကို အောင်တော်မူသော သတ္တိကြောင့် ဇိနဟူသောအမည်နာမဝိသေသအထူးကို ရတော်မူသောဘုရားသခင်သည်၊ ဟောတော်မူအပ်သော ဒေသနာတော်သည် **သုတ္တန် - ဝိနည်း - အဘိဓမ္မာဟူ၍ သုံးပါးအပြားရှိ၏**။ ထိုသုံးပါးတို့တွင် သုတ္တန်ဒေသနာနည်းအားဖြင့် ဟောတော်မူလိုသည်ဖြစ်၍ -

(က) **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**

( ခ ) **သဗ္ဗရသံ ဓမ္မရသောဇိနာတိ၊**

( ဂ ) **သဗ္ဗရတိံ ဓမ္မရတိံ ဇိနာတိ၊**

(ဃ) **တဏှက္ခယောသဗ္ဗဒုက္ခံ ဇိနာတိ**

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ ထိုဒေသနာတော်ကို ဘယ်အရပ်ဌာနမှာ ဟောတော်မူပါသနည်း။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဟောတော်မူပါသည်။ အဘယ်သူတို့ကိုအကြောင်းပြု၍ ဟောတော်မူပါသနည်း။ တစ်သောင်းသော စကြာဠာမှ စည်းဝေးရောက်လာကြ ကုန်သော နတ်သိကြား ဗြဟ္မာအပေါင်းခြံရံလျက် မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းတော်သို့သွား၍ ဘုရားသခင်အား လျှောက်ထားသော သိကြားမင်းကိုအကြောင်းပြု၍ ဟောတော်မူပါသည်။ သိကြားမင်းသည် အဘယ်ကြောင့်လျှောက်ထားသနည်း။ တစ်ရံရောအခါ တာဝတိံသာနတ်ပြည်၌ နတ်အပေါင်းတို့သည် သုဓမ္မာနတ်ပွဲ

သဘင်၌ စည်းဝေးကုန်လျက် ခပ်သိမ်းသော အလှူမျိုးတို့တွင် အဘယ်မည်သော အလှူသည် မြတ်လေသနည်း။ ခပ်သိမ်းသော အရသာမျိုးတို့တွင် အဘယ်မည်သော အရသာသည် မြတ်လေသနည်း။ ခပ်သိမ်းသောမွေ့လျော်ခြင်းတို့တွင် အဘယ်မည်သော မွေ့လျော်ခြင်းသည် အကြီးဖြစ်၍ မြတ်လေသနည်း။ တဏှာ၏ ကုန်ခြင်းကို အဘယ်ကြောင့် အကြီးဖြစ်၍ မြတ်၏ဟူ၍ ဆိုအပ်သနည်း။ ထိုလေးပါးသော အမေးပုစ္ဆာပြဿနာတို့ကို တစ်စုံတစ်ယောက်သော နတ်သည်လည်းကောင်း၊ သိကြားသည်လည်းကောင်း၊ ဗြဟ္မာသည်လည်းကောင်း ဖြေဆိုခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ အဆက်ဆက်သော နတ်တို့သည် အချင်းချင်း တစ်ယောက်သည် တစ်ယောက်ကို ဆွေးနွေးမေးမြန်း ကုန်လျက် တစ်သောင်းသော စကြာဝဠာတို့၌ တစ်ဆယ့်နှစ်နှစ်တိုင် ကာလပတ်လုံး လှည့်လည်သွားလာ မေးမြန်းကုန်သော်လည်း ပြဿနာတို့၏ အကြောင်းအကျိုးကို မသိမမြင်နိုင်ကုန်သည်ဖြစ်၍၊ ထိုတစ်သောင်းသောစကြာဝဠာမှ နတ်ဗြဟ္မာတို့သည် ပြဿနာတို့၏ အကြောင်းအကျိုးကို မသိမမြင်နိုင်ကုန်သည် ဖြစ်၍၊ ထိုတစ်သောင်းသော စကြာဠာ၌ နေကုန်သောနတ်တို့သည် အညီအညွတ် စည်းဝေး ကြကုန်၍ စတုမဟာရာဇ်နတ်မင်းတို့အား မေးမြန်းကြကုန်၏။ ထိုနတ်မင်း ကြီးတို့သည်လည်း အဆိုပါပုစ္ဆာပြဿနာတို့ကို မသိနိုင်ကုန်သော ကြောင့် ထိုတစ်သောင်းသော စကြာဝဠာမှလာကုန်သော နတ် သိကြား ဗြဟ္မာအပေါင်းနှင့်တကွ သိကြားမင်းထံချဉ်းကပ်၍ မေးလေ၏။ သိကြားမင်းလည်း မသိမမြင်သည်ဖြစ်၍၊ ထိုတစ်သောင်းသော စကြာဠာမှလာကြကုန်သော၊ နတ် သိကြား ဗြမ္မာ အပေါင်းနှင့်တကွမြတ်စွာဘုရား ဇေတဝန်ကျောင်းတော်သို့ သွားကြကုန်၍ ညဉ့်ဦးယာမ်လွန်သော သန်းခေါင်ယာမ် အချိန်၌ ဇေတဝန်ကျောင်း တော်သို့ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေ၍ သဗ္ဗညုဘုရားအား ဤလေးပါးသော ပြဿနာတို့ကိုလျှောက်ထားလေ၏။

ထိုအခါ သစ္စာလေးပါး ငါးပါးသော ဉေယျဓမ္မတို့ကို အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဖြင့် မိမိအလိုလိုသာလျှင် မဖောက်မပြန် ထိုးထွင်း၍

အကုန်အစဉ်သိမြင်တော်မူပြီးသော မြတ်စွာဘုရားသည်၊ **သဗ္ဗဒါနံ ဓမ္မဒါနံ** အစရှိသော တရားတော်ကို သိကြားမင်းအမှူးရှိသော နတ်သိကြား ဗြဟ္မာအပေါင်းတို့အား ဟောတော်မူသည်။ **ဒေဝါနမိန္ဒသ** - နတ်တို့ကို အစိုးရသော **သက္က** - သိကြားမင်း - **သဗ္ဗဒါနံ** - ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတည်းဟူသော အလုံးစုံသော အလှူမျိုးကို၊ **ဓမ္မဒါနံ** တရားတည်းဟူသော အလှူသည်၊ **ဇိနာတိ** - အောင်နိုင်၏။ **သဗ္ဗရသံ** - အလုံးစုံသော အရသာမျိုးကို၊ **ဓမ္မရသော** - ဗောဓိပက္ခိယ တရား (၃၇)ပါး၊ (၉) ပါးသော လောကုတ္တရာ တရားလေးပါးတည်းဟူသော အရသာသည်သာ၊ **ဇိနာတိ** - အောင်နိုင်၏။ **သဗ္ဗရတိံ** - အလုံးစုံသော မွေ့လျော်ခြင်းကို၊ **ဓမ္မရတိ** - တရားကိုမှီ၍ဖြစ်သော မွေ့လျော်ခြင်းသည်၊ **ဇိနာတိ** - အောင်နိုင်၏။ **တဏှာက္ခယော** - တဏှာကို အကြွင်းမဲ့ကုန်စေတတ်သော အရဟတ္တမဂ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်သည်၊ **သဗ္ဗဒုက္ခံ** - အလုံးစုံသော ဝဋ်ဆင်းရဲကို၊ **ဇိနာတိ** - အောင်နိုင်၏။

ဤဒေသနာတော်မြတ် ပါဠိဝယ် အဓိပ္ပါယ်သော်ကား နတ်တို့ကို အစိုးရသော သိကြားမင်း၊ **ကျောင်း - သင်္ကန်း - ဆွမ်း - ဆေးလေးပါး သော ပစ္စည်းတည်းဟူသော အလုံးစုံသော အလှူမျိုးတို့ထက် တရားတော်ကိုဆင်ခြင် နာကြားခြင်း၊ ဖတ်ရှုခြင်း၊ ဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ သူတစ်ပါးတို့အား ဟောပြောခြင်း၊ တရားစာပေ၊ စာအုပ် များကမ်းလှမ်းခြင်း၊ ဝေငှလှူဒါန်းခြင်းတည်းဟူသော ဓမ္မဒါနသည် ကြီးမြတ်သည်ဖြစ်၍ အောင်နိုင်၏။**

အဘယ်ကြောင့်နည်းဟူမူကား -

စကြာဝဠာတိုက်မြေပြင်မှသည် အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် အခြားမရှိ စည်းဝေးကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့အား အလွန် သိမ်မွေ့နူးညံ့စွာသော သင်္ကန်းတို့ကို လှူလေရာ၏။ ထိုအလှူသည် လေးပုဒ်

အတိုင်းအရှည်ရှိသောဂါထာကို ဟောသောကောင်းမှုကို (၁၆) စိတ်စိတ်၍ တစ်စိတ်သော အကျိုးကိုမျှ မမှီနိုင်။ ထိုတရားကိုဟောခြင်း၊ သင်ခြင်း၊ ဆွေးနွေးမေးမြန်းခြင်း၊ နှလုံးသွင်းခြင်းတည်းဟူသော ဓမ္မဒါနသည်သာလျှင် ကြီးမြတ်သောအကျိုးရှိ၏။ ထို့ကြောင့် **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ** ဟု ဟောတော်မူသည်။ ထိုဆိုခဲ့ပြီးသော များလှစွာသော ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊ ရဟန္တာတို့၏ သပိတ်တို့ကို အလွန်မွန်မြတ်လှသော ခဲဘွယ်ဘောဇဉ်တို့ဖြင့် ပြည့်စုံစေ၍ လှူသောအလှူထက်လည်းကောင်း၊ ထိုအရှင်တို့၏ သပိတ်တို့ကို ဆီဥ၊ ထောပတ်၊ တင်လဲ၊ ပျားရည်အစရှိသော ဆေးတို့ကို ပြည့်စုံစေ၍ လှူသောအလှူထက်လည်းကောင်း၊ သိမ်ဟိုင်ဥ္စကျွန်း၌ မဟာဝိဟာရနှင့်တူသော ကျောင်းတို့ကိုလည်းကောင်း၊ ကြေးပြာသာဒ်နှင့်တူကုန်သော ပြာသာဒ်တို့ကို လည်းကောင်း၊ အရာအထောင်မကများလှစွာသောကျောင်း၊ များလှစွာသောပြာသာဒ် တို့ကို လှူသော ဒါနတို့ထက်လည်းကောင်း၊ အနာထပိဏ်သူဌေးအစရှိကုန်သော သူတို့သည် ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းအစရှိသည်တို့ကို အကြောင်းပြု၍ ပြုအပ်သော များလှစွာသော ပေးကမ်းခြင်း၊ စွန့်ကြဲခြင်း တို့ထက်လည်းကောင်း၊ လေးပါဒရှိသော ဂါထာကိုဟောခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့်ဖြစ်စေတတ်သော **ဓမ္မဒါနသည်သာလျှင်ကြီးမြတ်သော အကျိုးရှိ၏။ အဘယ့်ကြောင့်နည်းဟူမူကား – ဤသို့သဘောရှိကုန်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးဟူသော အထူးထူးသော အလှူမျိုးတို့ကို လှူကုန်သောသူတို့သည် တရားကိုနာရသောကြောင့် သာလျှင် လှူခြင်းကိုပြုနိုင်၏။ တရားကို မနာရကုန်သည်ရှိသော်မပြုနိုင် ကုန်ရာ၊ စင်စစ်အားဖြင့် သတ္တဝါတို့သည် တရားကိုမနာရကုန်သည် ရှိသော် တစ်ယောင်း မျှသော ယာဂု၊ တစ်ယောင်းမျှသော ဆွမ်း၊ တစ်လုပ်ကိုမျှ မလှူကုန်ရာ၊ ထို့ကြောင့်လည်း အလုံးစုံသော အလှူမျိုး တို့ထက် တရားဟူသော ဓမ္မဒါနသည်သာလျှင် ကြီးမြတ်သော အကျိုးရှိ၏။**

စင်စစ်အားဖြင့် မဟာဝိဟာရနှင့်တူသော ကျောင်းအရာ အထောင်တို့သည် လည်းကောင်း၊ ဇေတဝန်ကျောင်းနှင့်တူကုန်သော ကျောင်းအရာအထောင်တို့သည် လည်းကောင်း၊ မဟာစေတီနှင့်တူကုန်သော စေတီအရာအထောင်တို့သည် လည်းကောင်း၊ သာသနာတော်ကို တည်စေခြင်းငှာမတတ်နိုင်၊ ပရိယတ္တိဓမ္မ သည်သာလျှင် သာသနာတော်ကို တည်စေခြင်းငှာ စွမ်းနိုင်၏။ ထို့ကြောင့်

**မဟာဝိဟာရသဒိသံဝိဟာရ သဟသနံ။**
**ပတိဋ္ဌာပေတုံ နသက္ကောတိ မဟာစေတီယသဒိသံ။**
**စေတီယဿသဟဿံပိ သာသနံ ပတိဋ္ဌါပေတုံ။**
**နသက္ကောတိ ပရိယတ္တိ မေသာနံ ပတိဋ္ဌာပေတုံ။**
**သက္ကောတိ ဟု ဟောတော်မူအပ်ပြီ။**

တစ်နည်းဆိုရသော်ဘုရားတို့ကိုလည်းကောင်း၊ ပစ္စေကဗုဒ္ဓါတို့ကို လည်းကောင်း၊ လက်ယာရန် အာရကပ်ပတ်လုံးရှာသော မိုးရေမိုးပေါက် တစ်ကမ္ဘာပတ်လုံးရှာသော မိုးရေမိုးပေါက်တို့ကိုရေတွက်ခြင်းငှာ စွမ်းနိုင်သော ပညာနှင့် ပြည့်စုံသော အရှင်သာရိပုတ္တရာအစရှိကုန်သော မထေရ်တို့သည် ငှင်း မိမိတို့သဘော ဓမ္မတာအားဖြင့် သောတာပတ္တိဖိုလ်အစရှိကုန်သော လောကုတ္တရာ တရားကိုးပါး တို့ကို ထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်ကုန်။ မဟာအဿဇိ အစရှိကုန်သော မထေရ်ကြီးတို့သည် ဟောအပ်သော **ယေဓမ္မဟေတုပ္ပဘာပါ စသော ဒေသနာ**ကို ကြားနာရ၍သာလျှင်၊ သောတာပတ္တိဖိုလ်အစရှိကုန်သော လောကုတ္တရာ တရား ကိုးပါးကို ထိုးထွင်း၍၊ သိကုန်၏။ မြတ်စွာဘုရားဒေသနာ ဖြင့်သာလျှင် သေဋ္ဌဇော ဖြစ်၍ ထူးမြတ်လွန်ကဲသောအကျိုးရှိ၏။

ထို့ကြောင့် **သဗ္ဗဒါနံဓမ္မဒါနံဇိနာတိ**ဟု ဟောတော်မူသည်။ လူ့ပြည်၌ ဖြစ်ကုန်သော အဆင်း၊ အနံ့နှင့်ပြည့်စုံကုန်သော လူတို့၏ အရသာမျိုးတို့သည် လည်းကောင်း၊ နတ်ပြည်၌ ဖြစ်ကုန်သော နတ်တို့၏ အလွန်အကဲအားဖြင့် ကောင်းမြတ်သော သုဒ္ဓါသုတ်ဘောဇဉ်အစရှိသော အရသာမျိုးတို့သည် လည်းကောင်း ရှိကုန်၏။ ထိုအရသာမျိုး တို့ကိုခံစားသဖြင့်လျှာလိုလိုက်၍

မိုက်ကြကုန်သော သတ္တဝါအပေါင်းတို့သည် အပါယ်ငရဲ၌ကျခြင်း၊ ဝဋ်ဆင်းရဲကျ၍ သံသရာဝဋ်ရှည်လျားခြင်းဖြင့် အပါယ်ဆင်းရဲ၊ ဝဋ်ဆင်းရဲအစရှိသော အလုံးစုံသော ဆင်းရဲအပေါင်းတို့ကို ခံစားရခြင်း၏ အကြောင်းသာ ဖြစ်ကုန်၏။

(၃၇) ပါးသော ဗောဓိပက္ခိယတရားဟုဆိုအပ်သောအရသာ၊ လောကုတ္တရာတရားကိုးပါးဟုဆိုအပ်သော အရသာသည်ကား၊ အလုံးစုံသော အပါယ်ဆင်းရဲ၊ ဝဋ်ဆင်းရဲမှ ကင်းလွတ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် အလွန်မွန်မြတ်၏။ ထို့ကြောင့်၊ **သဗ္ဗရသံ ဓမ္မရသော ဇိနာတိ** ဟု ဟောတော်မူ၏။

ဇနီးမယား သမီးသားတို့နှင့်မွေ့လျော်ခြင်း၊ ကခြင်း၊ တီးမှုတ်ခြင်းအစရှိသော ပွဲလမ်းသဘင်တို့ကို ကြည့်ရှု၍ မွေ့လျော်ခြင်း၊ ရွှေ၊ ငွေ၊ ဥစ္စာ၊ လယ်ယာ၊ ကိုင်းကျွန်း၊ ကျွဲ၊ နွား၊ ဆင်၊ မြင်းအစရှိသော သက်ရှိသက်မဲ့ဥစ္စာတို့ကို ကြည့်ရှု၍ မွေ့လျော်ခြင်းသည် အပါယ်လေးဘုံသို့လားရခြင်း၊ ဝဋ်ဆင်းရဲရှည်လျားခြင်း ကိုဖြစ်စေ၍ ကြီးမားလှစွာသော ဒုက္ခဝေဒနာကိုခံစားရခြင်း၏ အကြောင်းသာဖြစ်သောကြောင့်၊ ထိုအလုံးစုံသော မွေ့လျော်ခြင်းတို့ကို ကြောက်အပ်သည်သာဖြစ်၏။ လေးပါဒရှိသော ဂါထာဖြင့်ရေတွက်အပ်သော တရားတော်ကို သင်ခြင်း၊ နာခြင်း၊ ဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ ဟောပြောပို့ချခြင်းကို ပြုလုပ်သောသူ၏ ကိုယ်တွင်း၌ ကြက်သီးမွေးညှင်းထခြင်းကို ဖြစ်စေတတ်သော - **ဥဗ္ဗေကာပီတိ**၊ ခဏခဏကာလ၌ဖြစ်သော - **ခဏိကာပီတိ** မျက်ရည်ယိုခြင်း၊ ကိုယ်၏တက်ကြွခြင်းကိုဖြစ်စေတတ်သော- **ဩက္ကန္တိကပီတိ** အစရှိသောအကြင်ပီတိသာဖြစ်၏။ ထိုပီတိသည် ဝဋ်ဆင်းရဲ၏ အဆုံးကိုပြု၍ အရဟတ္တဖိုလ်ရောက်သည်တိုင်အောင် များစွာသောအကျိုးရှိသောကြောင့် အလုံးစုံသောမွေ့လျော်ခြင်းတို့ထက် တရားကိုအာရုံပြု၍ မွေ့လျော်နှစ်သက်ခြင်း ပီတိသည်သာလျှင် အလွန်မြတ်၏။ ထို့ကြောင့် **သဗ္ဗရတိံ ဓမ္မရတိံ ဇိနာတိ** ဟု ဟောတော်မူသည်။

တဏှာလောဘရာဂမကင်းကုန်သော သတ္တဝါတို့၏ ခန္ဓာကိုယ်၌ ကိန်းဝပ်နေကြသော တဏှာလောဘရာဂတရားဆိုးတို့သည် အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲတို့၌ ကြီးမားစွာသော ဒုက္ခဝေဒနာကို ခံစားရခြင်း၏ အကြောင်းဖြစ်၏။ တဏှာလောဘရာဂတရားကို ကုန်စေတတ်သော အရဟတ္တမဂ်၏ အဆုံး၌ဖြစ်သော အရဟတ္တဖိုလ် အလုံးစုံသော အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲကို နိမ်နင်း၍ဖြစ်ခြင်းကြောင့် သေဇ္ဇဖြစ်၍ အလွန်ပင်မြတ်၏။

ထို့ကြောင့် **တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ**ဟု ဟောတော်မူသည်ကို ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါအပေါင်းတို့သည် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိသဖြင့် အကျွတ်တရားကိုရကြကုန်၏။ သိကြားမင်းသည်လည်း ဘုရားသခင်၏ တရားဒေသနာတော်ကို ကြားနာရ၍ အလွန်ရှိသေစွာ ရှိခိုးလျက် ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဤဓမ္မဒါနတရားသည် အကျိုးကြီးမြတ်သည်ဖြစ်ပါလျက် ဓမ္မဒါနပြုရာ၌ အဘယ်ကြောင့် ကျွန်ုပ်တို့အား ထိုဓမ္မဒါနအဖို့ကို မဝေဘဲ နေကုန်ဘိသနည်း။ ဤနေ့ကို အစပြု၍ ရဟန်းသံဃာတို့ ဓမ္မဒါနပြုသော် ကောင်းမှုအဖို့ကို ဝေပါစေကုန်ဟု နားတော်လျှောက်ပေ၏။ သိကြားလျှောက်ထားသည်ကို အကြောင်းပြု၍ ဘုရားသခင်သည် ရဟန်းသံဃာတို့ကို စည်းဝေးစေ၍ ငါ၏ချစ်သားရဟန်းများတို့သည် ယနေ့ကိုအစပြု၍ ဓမ္မဒါနကိုပြုသည်ရှိသော် အလုံးစုံသော သတ္တဝါတို့အား ထိုဓမ္မဒါနအဖို့ကို ဝေပေးကြကုန်ဟု မိန့်တော်မူ၏။


ထို့ကြောင့် ယခုအခါ အကြင်ပညာရှိအပေါင်း သူတော်ကောင်းတို့သည် အလုံးစုံသော အလှူမျိုးတို့ထက် တရားတည်းဟူသော အလှူသည် သာလျှင် မြတ်သောကြောင့် တရားကိုသင်ခြင်း၊ နာခြင်း၊ ဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ သူတစ်ပါးတို့အား ဟောပြောပို့ချခြင်း၊

သွင်သင်ဆုံးမခြင်း၊ တရားစာအုပ်ဝေငှခြင်း တည်းဟူသော ဓမ္မဒါနကို အားထုတ် ကုန်ရာသည်။ အလုံးစုံသော အရသာမျိုးတို့ထက် ဓမ္မရသာသည်သာလျှင် သာလွန်သောကြောင့်၊ ဓမ္မရသာကိုခံစားရခြင်း အကျိုးငှာ အားထုတ် ကုန်ရာသည်။ အလုံးစုံသော မွေ့လျော်ခြင်းတို့ ထက် တရားနှင့် မွေ့လျော်ခြင်းသည်သာလျှင် သာလွန်သောကြောင့် တရားကိုအမှီပြု၍ ပီတိပါမောဇ္ဇဖြစ်အောင် အားထုတ်ကုန်ရာသည်။ တဏှာလောဘရာဂ၏ ကုန်ခြင်းသည် အလုံးစုံသော ဒုက္ခကို ကုန်စေတတ်သော ကြောင့် တဏှာလောဘရာဂတရားတို့ကို ကုန်စေခြင်းငှာ အားထုတ်ကုန်ရာသည်။ ဤသည်ကား သုတ္တန်ဒေသနာ တော်အရ ဖြစ်ပါတော့သတည်း။

ဓမ္မပဒပါဠိတော် - ရှင်အဋ္ဌကထာ။

အထက်တွင် အသေးစိတ် ရှင်းလင်းပြဆိုခဲ့သည့်အတိုင်း၊ အလှူဒါနအရာ အားလုံးတို့တွင် အသာဆုံး၊ အမြတ်ဆုံး၊ ဓမ္မဒါနအလှူတော်ကြီးကို ပေးလှူရသော ကုသိုလ်ကံစေတနာတို့ကြောင့် "ယခု မျက်မှောက်ဘဝ ပစ္စက္ခ၌ပင်လျှင် အနိဋ္ဌဘေးဒဏ်၊ ရန်မာန်ခပ်သိမ်း၊ ကင်းငြိမ်းဝေးကြ၍ အေးအေးမြမြ၊ ကြည်ကြည်လင်လင်၊ ရွှင်ရွှင်ပြပြ၊ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ နေထိုင်နိုင်ကြ၍၊ မိမိတို့အလိုရှိအပ်သော ဆုမြတ် အပေါင်းတို့နှင့်ပြည့်စုံကာ ကုံလုံကြွယ်ဝချမ်းသာကြ၍၊ နောက်ဆုံးဘဝ နောက်ကါလ၌ တစ်ဆယ့်တစ်သီး ဒုက္ခမီးတို့၏ အပြီးကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်မြတ်စခန်းဆီသို့၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့်၊ လျင်မြန် ထုတ်ချောက် အရဟတ္တဖိုလ်ပေါက်မျက်မှောက်ပြုနိုင်ကြပါစေကုန် သတည်း။"

သာဓု၊ သာဓု၊ သာဓု၊ ပါဘုရား။



မင်္ဂလာဗိမာန်ကျောင်းဆရာတော်ကြီး
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသ ၊
သက်တော် (၇၂) နှစ် သိက္ခာဝါ (၅၂) ဝါ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အားလုံးဆွေမျိုးတွေချည်းပဲ

နသော ဘိက္ခဝေ သတ္တော သုလဘရူပေါ
ယောနမာတာ ပိတ ပုဗ္ဗောက္ကမိနာ
ဒိယေနအဒ္ဓုနာ။

*(နိဒါနဝဂ္ဂသံယုတ် ပါဠိ၊ အနမတဂ္ဂသုတ်)*

ဤလောကရှိ သတ္တဝါတို့တွင် မိမိနှင့် အဆွေအမျိုး မတော်စပ်ခဲ့ဘူးသော သတ္တဝါဟူ၍မရှိ။ သို့အတွက် အမျိုးအဆွေဖြစ်သော သတ္တဝါချင်းအတူတူ တစ်ဦးအပေါ်တစ်ဦး မေတ္တာထားကြပါ။ မညှဉ်းဆဲကြပါနှင့်။ မိမိအသက်ကို မိမိချစ်သကဲ့သို့ သူ့အသက်ကိုချစ်ပါ။

*(မြန်မာပြန် အဓိပ္ပါယ်ဖွင့်ဆိုချက်)*

စားသူမရှိရင်၊ သတ်သူ ဘယ်ရှိတော့မှာလဲ။ ဖြစ်နိုင်ရင် သတ္တဝါတွေရဲ့ အသားကို မစားတဲ့အတွက် ဖြစ်ပေါ်လာမယ့် အကျိုး၊ စားလို့ရရှိလာမယ့် အပြစ်တွေကို လေ့လာသိရှိပြီး ကြိုးစားကျင့်ကြံ အားထုတ်ကြဖို့ ကောင်းနေပြီ။

**အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိနယ**

**သာမညတောင်ဆရာတော်ကြီး**

၂၄-၉-၉၈၊ ကြာသပတေးနေ့က စိုက်ထူလိုက်သော ဓမ္မစေတီ ကျောက်စာကမ္ပည်းမှ ကူးယူဖော်ပြပါသည်။

# ၅။ မေတ္တာစိတ်ဓါတ်ပွားများလတ်၊ လူ-နတ် အချစ်ဆုံး

**သဗ္ဗလောက သုဝလ္လဘာ၊ သဗ္ဗသိဒ္ဓိ သုခဝဟာ၊**

**သဗ္ဗတ္ထ သာဓကာ မေတ္တာ၊ ဘာဝေတဗ္ဗာ သဒါရတာ။**

**သဗ္ဗလောက သုဝလ္လဘာ** - တစ်လောကလုံး ခင်မဆုံးဘဲ ရှင်ပြုံးကြည်လင် ချစ်ကျွမ်းဝင်နိုင်ပေထသော၊ **သဗ္ဗသိဒ္ဓိ သုခဝဟာ** - သိဒ္ဓိဖုံဖုံ အောင်မြင်ကုန်လျက် ထက်ဘုံပြဟ္မာ အမတာစခန်းပေါက်အောင် လှမ်းရောက်ပိုင်ပိုင် ချမ်းသာစေနိုင်ထသော၊ **သဗ္ဗတ္ထ သာဓကာ** - အလုံးစုံကိစ္စ ဟူသမျှတို့၌ ခဏဖြင့်ပြီးမြောက် သိဒ္ဓိပေါက်အောင်မြင်နိုင်ပေထသော၊ **သဒါရတာ** - နေ့ညဥ့်မခြား ပွါးများရှင်ပျော် မွေ့လျော်အပ်သော၊ **မေတ္တာ** - လောကုတ်၊ လောကီ နှစ်လီကျိုးများ တိုးပွားစေတတ် မေတ္တာဓါတ်ကို၊ **ဘာဝေတဗ္ဗာ** - ချစ်သဒ္ဒါမွှမ်းထုံ မေတ္တာတွေ လွှမ်းခြုံလျက် အစွမ်းကုန်ပွါးများသင့်ပါပေတော့ သတည်း။

မေတ္တာဟူသည် - **မေဇ္ဇတိ သိနိယျတီတိ မေတ္တာ၊ မိတ္တေ ဘဝါတိမေတ္တာ** (ဝိသုဒ္ဓိ၊ ၁၊ ၃၃၁) ဝိဂ္ဂြိုဟ်နှင့်အညီ သတ္တဝါတို့၏ အကျိုးစီးပွါး၊ လိုလားသောအားဖြင့် ချစ်ခင်တတ်ခြင်း သဘောတရားသည်ပင် မေတ္တာဖြစ်၏။

> **ပစ္စည်း သဒ္ဒါရှာ၊ လူ သဒ္ဒါရှာ၊**
>
> **မေတ္တာသည်သာ — ထာဝရအေးငြိမ်းရာ အစစ်အမှန်ဖြစ်၏။**

## (က) မေတ္တာအတုနှင့် မေတ္တာစစ်

လောကလူတို့၏ အမြင်အားဖြင့် လင်ချစ်၊ မယားချစ်၊ သားချစ်၊ သမီးချစ် စသည်ဖြင့် ချစ်ခင်ကြခြင်းသဘောတရားကို မေတ္တာဟု ယူဆနေတတ်ကြသည်။

**ရာဂေါ မေတ္တာယ ဝဉ္စေတိ**

**ရာဂေါ** – ကြောက်ဖွယ်၊ လန့်ဖွယ် အစွယ်ပြူးပြူး၊ ရာဂတဏှာဆိုသည့် ဘီလူးကြီးသည်၊ **မေတ္တာယ** – လုပဆင်ပြင် မေတ္တာနှင့်တူသော မင်းသားအသွင်ဖြင့်၊ **ဝဉ္စေတိ** – ကြိုက်ဟန်ချစ်ဟန် အဖန်ဖန်ဖြင့် မမှန်လှည့်ပတ် ဖျားယောင်းတတ်၏ ဆိုသည့်အတိုင်း၊ ရာဂတဏှာက မေတ္တာယောင်ဆောင်နေ တတ်သည့် မေတ္တာအတုပင်ဖြစ်သည်။

တရားကိုယ်အားဖြင့်၊ **မေတ္တာနာမအတ္တတော အဒေါသော** - ဆိုသည့်အတိုင်း၊ မေတ္တာသည် အဒေါသစေတသိက်ပင် ဖြစ်သည်။

လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် – **မေတ္တာ ဟိတာကာရပဝတ္တိ လက္ခဏာ၊ ဟိတူပသံ ဟာရ ရသာ၊ သောမဘာဝ ပစ္စုပဋ္ဌာနာ၊ သတ္တာနံ မနာပဘာဝဒဿန ပဒဋ္ဌာနာ။** (ဝိသုဒ္ဓိ၊ ၁။ ၃၁၁)

**မေတ္တာ** - မေတ္တာသည်၊ **ဟိတာကာရပဝတ္တိလက္ခဏာ** - သတ္တဝါတစ်ပါးကျေးဇူးများသော အခြင်းအရာ၊ လက္ခဏာရှိ၏။ **သောမဘာဝ ပစ္စုပဋ္ဌာနာ** – လပြည့်ဝန်းကဲ့သို့ ရွှန်းရွှန်းကြည်စ မြင့်မြတ်ချမ်းသာသော စိတ်သဘောလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။ **သတ္တာနံ** – သတ္တဝါတို့၏၊ **မနာပဘာဝဒဿနပဒဋ္ဌာနာ** – နှစ်သက်ဖွယ်သော ကျေးဇူးဂုဏ်တော်ကို ရှုမြင်တတ်သော ဉာဏ်လျှင် နီးသောအကြောင်းရှိ၏ ဟုဆိုသည့်အတိုင်း **"လက္ခဏာ ရသ ပစ္စုပဋ္ဌာန်ပဒဋ္ဌာန်နှင့် ညီမျှမှသာလျှင် မေတ္တာစစ်၊ မေတ္တာမှန်"** ဖြစ်ပါပေသတည်း။

## (ခ) ကမ္ဘာဦးအစ မေတ္တာက

ဤလောကကြီးကို စတင်တည်ထောင်စဉ်အခါကပင် မေတ္တာရှိသော ဗြဟ္မစိုရ်တရားတည်ရှိကြသည့် ဗြဟ္မာမင်းများ ဤလူ့ပြည်သို့ ဆင်းသက်ပြီး သကာလ၊ ဤကမ္ဘာသစ်ကို မေတ္တာအရင်းတည်ပြီး တည်ထောင်ခဲ့ကြသည်ဟု **"ပါထိကဝဂ် (ဒီ၊ ၃၊ ၇၀) အဂ္ဂညသုတ်"** တွင် ပြဆိုထားပါသည်။

ထိုကမ္ဘာဦးအစက မေတ္တာတရားများ ထွန်းကားခဲ့သည့်အတွက်ကြောင့် ကမ္ဘာဦးလူသားတို့သည် မြေဆီ၊ မြေလွှာ ပဒါလတာနွယ်နှင့်တကွ၊ မထွန်ရ၊ မယက်ရ၊ မစိုက်ပျိုးရဘဲ အလိုလိုပေါ်ပေါက်လာသည့် သလေးဆန်များကိုသာ စားသုံးခဲ့ကြရပြီး၊ အလွန်သာယာလှပသည့် ကမ္ဘာသစ်ကြီးမှာ ပျော်ရွှင်ချမ်းမြေ့ ကြည်နူးဖွယ်အတိဖြင့် နေထိုင်ခဲ့ကြရပါသည်။

## (ဂ) ဘာသာအားလုံး မေတ္တာသုံး၊ ကမ္ဘာ့နိယာမထုံး

ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ ဟူ၍ အဓိကဘာသာကြီးလေးမျိုးရှိပါသည်။ ထိုဘာသာလေးရပ်တို့၏ အချို့သောနေရာများတွင် အယူအဆ ဝါဒကွဲပြားသော်လည်း၊ **"မေတ္တာတရားသည် တစ်နည်းအားဖြင့် ကိုယ်ချင်းစာတရားသည် အခြေခံအရင်းအမြစ်ဖြစ်သည်"** ဆိုသည့် အချက်ကမူ ဘာသာအသီးသီးတို့၏ ဘုရားသခင်တိုင်းက ဟောကြားထားတော်မူခဲ့ကြောင်း တူညီနေသည်မှာ ထူးခြားချက်ဖြစ်နေပေသည်။ ထို့ကြောင့် မေတ္တာဝါဒလမ်းစဉ်တွင် တစ်ကမ္ဘာလုံးရှိ ဘာသာအယူအဆအားလုံးတူညီမှု ရရှိနေပြီးဖြစ်သဖြင့်၊ မည်သည့်ဘာသာဝင်မဆို မေတ္တာသည် လူမျိုးမရွေး၊ ဘာသာမရွေး မဖြစ်မနေ ပွါးများကျင့်သုံးအပ်သည့် ကမ္ဘာ့နိယာမ ထုံးတမ်းစဉ်လာ တစ်ခုပင်ဖြစ်ပါတော့သည်။

**(ဃ) လူ့ထက်လည်းသာ၊ နတ်ထက်လည်းမြတ်၊ ဘုန်းကံကြီးပြီး သိဒ္ဓိအားလုံးပြီးမြောက်အောင် မေတ္တာဆေးကြီး အမြဲဆောင်**

မေတ္တာတွင် **"ကာယကံ မေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာ ဟူ၍ သုံးမျိုးရှိရာတွင် ထိုမေတ္တာ သုံးမျိုးစလုံးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်"** ဤကမ္ဘာလောကကြီးထဲ၌ မည်သူနှင့်မျှ ဆန့်ကျင်မှု မတွေ့ရဘဲ လူသားအားလုံးတို့၏ ရွှင်ပြုံး၊ ကြည်လင်ချစ်ခင် အေးချမ်းသာယာမှုကိုသာ ခံယူလေ့ရှိပါသည်။

**ကာယကံမေတ္တာ** ဟူသည် – ကိုယ်အမူအယာအားဖြင့် မိဘ ဆရာသမား၊ သားမယား၊ သူငယ်ချင်းမိတ်ဆွေများကို မေတ္တာရှေ့ထားကာ၊ ချမ်းသာအောင် အကျိုးဆောင်ရွက်ခြင်းဖြစ်သည်။

**ဝစီကံမေတ္တာ** ဟူသည် – နှုတ်အမူအရာအားဖြင့် ချိုသာကောင်းမွန်စွာ "နှုတ်ချို သျှိုတစ်ပါးဆိုသည့်အတိုင်း၊ နှုတ်ဖြင့် ကျန်းမာပါစေ၊ ချမ်းသာပါစေ ဟု မေတ္တာပို့သခြင်းဖြစ်သည်။

**မနောကံမေတ္တာ** ဟူသည် – ကိုယ်၊ နှုတ်မပါ စိတ်သက်သက်ဖြင့် ကျန်းမာချမ်းသာစေရန် မေတ္တာပို့သခြင်း ဖြစ်သည်။ ထို့ကြောင့် မေတ္တာတည်း ဟူသော ဆေးကြီးကို အမြဲသုံးဆောင်မှီဝဲခဲ့ပါလျှင် ဘေးအန္တရာယ် အသွယ်သွယ် ရန်စွယ်မခဘဲ၊ လူထက်လည်းသာ နတ်ထက်လည်းမြတ်၊ ဘုန်းကံကြီးပြီး သိဒ္ဓိအားလုံးပြီးမြောက်စေနိုင်သော ဂုဏ်သတ္တိထူးကြီးကို ရရှိခံစားနိုင်ကြပါပေသတည်း။

**မေတ္တာရှေ့သွား၊ အမှားမရှိ။**
**မေတ္တာ ဆောင်တော့အောင်။**
**လောကတစ်ခွင်၊ မဆန့်ကျင်ဘဲ၊ ခင်မင်မြတ်လေး၊**

**ကျွမ်းဝင်ဆေးကား၊ ကြည်အေးမေတ္တာ၊ လက်တွေ့သာတည်း။ ကိုယ်မှာအမြဲ၊ သုံးဆောင်စွဲက၊ ဘေးလွဲရန်ကါ၊ ကိုယ်ချမ်းသာလျက်၊ စိန္တာမဏိ၊ တန်ခိုးရှိသို့၊ သိဒ္ဓိသီးသီး၊ ဘုန်းကံကြီးသည်၊ ရှိန်းပြီးမေတ္တာ မန္တာန်တည်း။**

မေတ္တာဝိဟာရီ – မေတ္တာကမ္မဋ္ဌာန်း စီးဖြန်း၍ နေထိုင်လေ့ရှိသော၊ **ဗုဒ္ဓသာသနေ** – ဘုရားမြတ်စွာသာသနာ၌၊ **ပသန္နော** – သဒ္ဓါပိုမို လွန်ကြည်ညိုသော၊ **ယောဘိက္ခု** – သံသရာဘေး၊ မျှော်တွေးရှုတတ်၊ အကြင်ယောဂီမြတ်သည်၊ **သင်္ခါရူပသမံ** – သင်္ခါရဝပ်သိမ်းတို့၏ ပြတ်ငြိမ်းအေးမြရာဖြစ်သော၊ သုခံ – ချမ်းသာတကာမယှဉ်သာသည့် မင်္ဂလာအစစ် အချမ်းသာဆုံးဖြစ်သော၊ **သန္တံ** – အပူဟူသမျှ မြူမခသည့် သုခကေန် စစ်စစ်မှန်သော၊ ပဒံ – ငြိမ်းချမ်းရေးဗိမာန် ပြည်နိဗ္ဗာန်ကို၊ ပဒံ – မအို၊ မနာ၊ မသေပါသည့် ခေမာဗိမာန် မြတ်နိဗ္ဗာန်ကို၊ **အဓိဂစ္ဆေအဓိဂစ္ဆေယျ** – မုချပိုင်ပိုင် ရယူနိုင်ပါပေတော့သတည်း။

လူတစ်ယောက်သည် နံနက်အခါ ထမင်းအိုးကြီးအလုံးတစ်ရာ၊ နေ့လည် တစ်ရာ၊ ညတစ်ရာတစ်နေ့ သုံးကြိမ်လှူ၏။ လူတစ်ယောက်သည်ကား နံနက်အချိန် နို့တစ်ညှစ်စာမျှ မေတ္တာပွားများ၏။ ထို့အတူ၊ နေ့လည် – ညနေ တို့၌လည်း နို့တစ်ညှစ်စာမျှ မေတ္တာပွားများ၏။ **တစ်နေ့သုံးခါ ထမင်းအိုးကြီး အလုံးတစ်ရာလှူဒါန်းခြင်းတို့ထက် နို့တစ်ညှစ်စာမျှ မေတ္တာပွားများ ခြင်းက ပို၍ အကျိုးကြီးကြောင်း မြတ်စွာဘုရား မိန့်မှာထား၏။ (သံ၊ ၁၊ ၄၅၅)**

နဝင်္ဂတ္တရပါဠိတော် သီဟနာဒဝဂ် ဝေလာမသုတ် (အံ၊ ၃၊ ၁၉၇) ၌- အကြင်သူသည်ကား ကာလအပိုင်းအခြားအားဖြင့် နံ့သာတစ်ရှူမျှ အချိန်ကာလ၌ လည်း ချစ်ခင်ယုံဖိတ် မေတ္တာစိတ်ကို ပွါးများငြားအံ့။ ဤသို့ မေတ္တာတရားပွါးများ ခြင်းသည် ထိုဒါန၊ သီလ၊ ကုသိုလ် ဟူသမျှတို့ထက် လွန်စွာ ကြီးမား၊ အကျိုးများလှပါပေသတည်း။

လက်ဖျစ်တစ်ချက်တီးခန့် မေတ္တာပွားများသော ရဟန်းသည် ဈာန်မှမကင်း ဆိတ်သောရဟန်း၊ ဘုရားရှင်၏ ဩဝါဒကို လိုက်နာကျင့်သုံးသော ရဟန်းဖြစ်၍၊ တိုင်းပြည်၏ ဆွမ်းကို (ဝါ) ဒါယကာ၊ ဒါယိကာမတို့၏ ဆွမ်းကို အချည်းနှီးမဖြစ်အောင် သုံးဆောင်သောရဟန်းဟု မိန့်တော်မူခဲ့ပါသည်။ (အံ.၊ ၁၊ ၉။)

## (င) မေတ္တာပို့နည်း

မိမိကိုယ်တွင်းမှာ သုခိတာ၊ ချမ်းသာရလို၏။
အာရာမ်တွင်းမှာ သတ္တဝါ၊ ချမ်းသာကြပါစေ။
မြို့ရွာတို့မှာ လူများစွာ၊ ချမ်းသာကြပါစေ။
ခေတ်သုံးပါးမှာ၊ ဝေနေယျာ၊ ချမ်းသာကြပါစေ။
(စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်ကြီးရေး၊ နိဗ္ဗာနမဂ္ဂဘောဒနီ နှာ ၁၅၇)

## (စ) မေတ္တာတန်ခိုး အကျိုးတစ်ဆယ့်တစ်မျိုး

(၁) အေးချမ်းရွှင်ကြည် တည်ငြိမ်သောစိတ်ရှိ၍ ချမ်းသာစွာအိပ်ရတတ်ခြင်း၊
(၂) နိုးထသောအခါ၌လည်း ချမ်းသာစွာနိုးထရတတ်ခြင်း၊
(၃) မကောင်းသောအိပ်မက်ဆိုးများကို မမြင်မက်ရတတ်ခြင်း၊
(၄) လူသားအားလုံးတို့၏ ချစ်ခင်မှုခံရခြင်း၊
(၅) မေတ္တာပွါးများနေသဖြင့် လူ၊ နတ် တို့၏ ချစ်ခင်မြတ်နိုးခြင်းကို ခံယူရခြင်း၊
(၆) လူ၊ နတ်တို့၏ စောင့်ရှောက်မှုကိုခံယူရခြင်းကြောင့် ဘေးရန်ကင်းပျောက်ခြင်း၊
(၇) အဆိပ်၊ လက်နက်၊ မီးများ မထိ၊ မလောင်နိုင်ခြင်း၊ လွှင့်စင်ပပျောက်ခြင်း၊
(၈) ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသာယာခြင်း၊ တည်ကြည်ခြင်း၊
(၉) တည်ကြည်သောစိတ်ရှိ၍ မျက်နှာအဆင်း အလွန်လှပခြင်း၊
(၁၀) သေသောအခါ မတွေ - မဝေဘဲ ပြုံးရွှင်စွာသေရခြင်းနှင့်
(၁၁) ဗြဟ္မာပြည်သို့လားရောက်နိုင်ခြင်း စသော အကျိုးထူးများကို ရရှိနိုင်ပါသည်။

ကောဒသဃင်္ဂုတ္တရပါဠိတော် (အံ၊ ၃၊ ၅၄၂)

မိမိ၏ ရန်သူဖြစ်စေကာမူ မိမိက မေတ္တာပွါးများလျှင် ရန်သူဖြစ်သောပုဂ္ဂိုလ်သည် ရန်မမူတော့ဘဲ၊ မိမိဘက်သို့ အပြစ်မမြင်ဘဲ ချစ်ခင်လာတတ်ပေသည်။ မေတ္တာတရားပွါးများခြင်းဖြင့် မကောင်းမှုအနိဋ္ဌာရုံမှန်သမျှ အိပ်မက်ပင်မမက်ရဘဲ အဝေးကပင် ကင်းစင်ပျောက်၍ ကောင်းသော ဣဋ္ဌာရုံမှန်သမျှ တွေ့ကြုံခံစား၊ စံစားအကျိုးထူးကြီးကို ရရှိနိုင်ပါပေတော့သတည်း။

# ဆရာတော်ကြီး၏ ဝါဆိုခဲ့သောစာရင်း

၁။ ၁၃၁၁ ခုနှစ်၊ ၁၃၁၂ ခုနှစ်၊

မမ္မိကာရုံတိုက်၊ စိန်ပန်းရပ်၊ မန္တလေးမြို့။ — ၂ ဝါ

၂။ ၁၃၁၃ ခုနှစ်

မဟာစေတီလှကျောင်းတိုက်၊ စစ်ကိုင်းမြို့။ — ၁ ဝါ

၃။ ၁၃၁၄ ခုနှစ်၊ ၁၃၁၅ ခုနှစ်၊ ၁၃၁၆ ခုနှစ်၊

ရတနာဗိမာန်၊ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ စစ်ကိုင်းမြို့။ — ၃ ဝါ

၄။ ၁၃၁၇ ခုနှစ်၊

ဇယမေဒနီဝါဆိုကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊

မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ — ၁ ဝါ

၅။ ၁၃၁၈ ခုနှစ် မှ

ယခု ဤထေရုပ္ပတ္တိစာအုပ်ရေးသားသည့် ၁၃၆၂ ခုနှစ်ထိ၊

မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊

မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ — ၄၅ ဝါ

စုစုပေါင်းသိက္ခာဝါတော် — ၅၂ ဝါ

# ၆။ မဟာထေရဂုဏကိတ္တိ ထုတိဝေဒလ္လမင်္ဂလာဂါထာ

(ဘဒ္ဒန္တ) ဂုဏတိတ္တိဟိ၊
(ပညာ) ရုံသီဟိ မဏ္ဍိတော။
(သီရိ) ဝါစော သီရိဉာနော၊
(ဘိဝံသော) ဒါနိ ပူဇိတော။

**ဘဒ္ဒန္တဂုဏတိတ္တိဟိ** - အာဇာနည်လောင်း၊ အရှင်ကောင်းတို့၊ နှစ်ထောင်းအားရ၊ ပန်ဆင်ကြသည့်၊ သီလ - သမာ၊ ပညာဂုဏ်ရည်၊ အနှစ်အဆီတို့ဖြင့်လည်းကောင်း။ **ပညာရုံသီဟိစ** - သာသနဓဇသိရိပဝရ ဓမ္မာစရိယ၊ ပရိယတ္တိသာသနဟိတ သကျသီဟဓမ္မာစရိယ၊ ပဋိသမ္ဘိဒါ မဂ္ဂပါဠိပြဲပါရဂူ၊ တံခွန်ထူလျက်၊ ရှင်လူအများ၊ သိဉာဏ်ပွါးအောင်၊ ရေးသားကျမ်းဂန်၊ အတန်တန်နှင့်၊ ပြိုင်စံကင်းပ၊ ပထမစာချ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စရိုလီလီ၊ ပညာမြတ်လင်းရောင်ခြည်တို့ဖြင့်လည်းကောင်း။ **မဏ္ဍိတော** - နတ်လည်းမကျူ၊ လူလည်းမမ၊ ဖွဲလုံ့လနှင့်၊ ရူးရထက်သန်၊ မိမိဉာဏ်ဖြင့်၊ အဖန်ဖန်အထပ်ထပ်၊ တန်ဆာဆင်အပ်ပေသော။ **သီရိဝါစော** - ဒေါသမာန၊ ကင်းစင်ပသဖြင့်၊ ကလျာဏဝါတ္တရဏ၊ ဇေတဒဂ်ရသည့် သောဏကုဋိကဏ္ဏ၊ မြတ်ထေရသို့၊ ပိယဝါစာ၊ သာယာအေးမြ၊ ချိုသာသောစကားရှိတော်မူပေထသော။ **သီရိဝါစော**- ရတု-ဂါထာ၊ အလင်္ကာဒ္ဒ၊ လွန်စွာကျွမ်းကျင်၊ ဝင်္ဂီသထေရ်အရှင်ကဲ့သို့၊ သံစဉ်လှပ၊ ကာရန်ကျအောင်၊ တစ်ခဏချင်းပိုင်၊ ရေးစွမ်းနိုင်သဖြင့်၊ တုပြိုင်သူကင်း၊ မြန်ပြည်တွင်းဝယ်၊ သတင်းထင်ပေါ်၊ စာဆိုတော်အရှင်မြတ်လည်းဖြစ်ပေထသော။

**သိရိဉာနော** – ပါရာဇိကကဏ် ဝိဇယဒီပနီ၊ ဓမ္မရောင်ခြည်ဓမ္မပဒေသာ၊ စတုရာရက္ခ၊ မေတ္တာဘာနာ၊ တိပိဋကပါဠိ မြန်မာအဘိဓာန်၊ နိုင်ငံကျော်ကြား၊ ကျမ်းဂန်များကို၊ ရေးသားနိုင်ဘိ၊ တင့်တယ်ကောင်းမြတ်သော ဉာဏ်ပညာလည်းရှိပေထသော။ **အဘိဝံသော** – မြင်းမူမြို့နယ်အဝင်အပါ၊ ယုန်းကားရွာမှ၊ သဒ္ဒါဖြိုးဝေ၊ ဉးစိုးဘေနှင့်၊ ဂုဏ်နေကဲဆင့်၊ ဒေါ်စိန်မြင့်တို့၏၊ ထူးတင့်လှစွာ၊ ရတနာသားချစ်၊ မြင့်မြတ် စင်ကြယ်သောအနွယ်ဇာစ်ရှိတော်မူပေထသော။ **အဘိဝံသော** – ညောင်ပင်ကန်ရွာ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍာစာရ၊ စစ်ကိုင်းရတနာ့ဗိမာန် ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသ၊ မန္တလေးဓမ္မိကာရုံဆရာတော် ဘဒ္ဒန္တနရပတိ၊ ရွှေကျင်နိကာယ အဌမသာသနာပိုင် ကန္နီဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု တွဲဘက်ရွှေကျင် သာသနာပိုင် ဝါဆိုကျောင်းဆရာတော်၊ ထင်ပေါ်ကျော်ကြား၊ ဆရာတော်ဘုရား တို့၏၊ ထူးခြားစွာဘိ၊ ဘုန်းကံရှိသည့်၊ တပည့်ရတနာ၊ စဉ်လာမြင့်မြတ်၊ စင်ကြယ်သော အနွယ်ဇာတ်ရှိတော်မူပေထသော။ **ဘဒ္ဒန္တပညာသိရီဘိဝံသော**– မန္တလေးဝိသုဒ္ဓါရုံ၊ ရွှေဘုံတိုက်ပျော်၊ မင်္ဂလာဗိမာန်ဆရာတော်ဟု၊ ထင်ပေါ်ကျော်ကြား၊ ဘဒ္ဒန္တပညာသိရီဘိဝံသရာတော်ဘုရားသည်။ **ဒါနီ** – ၁၃၆၂ ခု၊ ရတုဟောမန်၊ လေပြန်ဆင့်လောင်း၊ အခါကောင်းသည့်၊ တပေါင်းလပြည့် (ပြေ့)၊ တနင်္လာနေ့၌။ **ပူဇိတော** – အဂ္ဂမဟာပဏ္ဍိတ၊ သာသနာ့ခေါင်ထိပ်၊ ဘွဲ့တံဆိပ်ဖြင့်၊ ဂုဏ်ဟိဏ်ပဝင်း၊ နိုင်ငံတော်အစိုးရမင်းတို့က၊ အပ်နှင်းကော်ရော်၊ ပူဇော်ဆက်ကပ် အပ်ခဲ့လေပြီတကား။

**(၂) ဒုလ္လဘော ပုရိသာဇညော၊ နသော သဗ္ဗတ္ထ ဇာယတိ။**

**ဧတ္ထ သော ဇာယတိ ဓီရော၊ အဟော နော ပုညသမ္ပဒါ။**

**ပုရိသာဇညော** – ယောကျ်ားတကာ၊ မစွမ်းသာသည့်၊ လွန်စွာထူးမြတ် ဂုဏ်သကတ်ကို၊ ရအပ်ပိုင်ပိုင်၊ ပန်ဆင်နိုင်သည့်၊ ဂုဏ်လှိုင်ကဲမြူး၊ သာသနာ့ အာဇာနည်ပုဂ္ဂိုလ်ထူးကို။ **ဒုလ္လဘော** – အတိတ် – ပစ္စုပ္ပန်၊ အကြောင်းကံတို့ ကုံထံပြည့်ဝ၊ ပြည့်စုံမှသာ၊ ပေါ်ပေါက်လာသဖြင့်၊ မှန်စွာမသွေ၊ အကြောင်းကံတို့ ကုံထံပြည့်ဝ၊ ပြည့်စုံမှသာ၊ ပေါ်ပေါက်လာသဖြင့်၊ မှန်စွာမသွေ၊ ရခဲလှပါပေ၏၊ **ဒုလ္လဘော** – နှစ်ပေါင်းများစွာ၊ ကာလကြာမှ၊ တစ်ခါတစ်ယောက်၊ ထွန်းပေါ်ပေါက်သဖြင့်၊ အံ့လောက်ဖွယ်ရာ၊ အလွန့်အလွန်ရခဲလှပါပေ၏။

**သော** – ဓ, တစ်ထောင် တစ်ယောက်ဖွား၊ ရှာမှရှားသည့်၊ ယောကျ်ားဇာနည်၊ ဂုဏ်ရည်ကဲမျူး၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်ထူးသည်။ **သဗ္ဗတ္ထ**– သူသူငါငါ၊ လူတစ်ကာတို့၊ နေရာဌာန၊ မှန်သမျှတို့၌။ **နဇာယတိ** – ငမောက်ပတ္တမြား၊ ကျောက်အလားသို့၊ ရှားပါးဖိုးတန်၊ အမျိုးမှန်သဖြင့်၊ ဧကန်မသွေ၊ မပေါ်ပေါက်နိုင်ပါပေ။

**ဓီရော** – သီလတော်ဝင်းကြည်၊ သမာဓိတော်ခိုင်တည်၍၊ ပညာရည်တောက်ကြွား ရှာမှရှားသည့်၊ ယောကျ်ားတံခွန်၊ ပုဂ္ဂိုလ်ချွန်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူပေသော။ **သော** – သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပရိယတ္တိ သာသနာ့ဟိတ သကျသီဟဓမ္မာစရိယ၊ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိပါရဂူ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ သာသနာ့ဂုဏ်ရည်၊ ဘွဲ့အလီလီတို့ဖြင့်၊ စုံလီထင်ပေါ်၊ မင်္ဂလာဗိမာန်ဆရာတော်သည်။ **ဧတ္ထ** – ဗုဒ္ဓသာသနာ၊ ထိန်ထိန်သာ၍၊ ရတနာရွှေငွေ၊ ဆန်ရေစပါး၊ ပေါများကြွယ်ဝ၊ တာ – တိုင်းရသည့်၊

ထူးစွာဂါမ၊ ဤယုန်းကားရွာ၌။ **ဇာယတိ** – တစ်တိုင်းပြည်လုံး၊ ခြိမ့်ခြိမ့်အုံးမျှ၊ ညွတ်ရုံး ဉူးခိုက်၊ ပူဇော်ထိုက်အောင်၊ မကိုဋ်အောင်လံ၊ အောင်မဏ္ဍာန်ဖြင့်၊ အောင်သံကြွေးကြော်၊ ဖြစ်ပါတော်မူခဲ့ပါပေပြီ။

**နော** – သာသနာ့အာဇာနည်၊ ဂုဏ်ရည်ကဲမှူး၊ ပုဂ္ဂိုလ်ထူးကို၊ ကြည်နူးရွှင်ပျ၊ ပိုင်ဆိုင်ကြရသည့်၊ ဘဝရေးကံ၊ အကြောင်းမှန်ပြား၊ ယုန်းကားရွာသူရွာသားများနှင့်တကွ များလှသောင်းသောင်း၊ တပည့်သံဃာ ဒကါဒကာမပေါင်းတို့၏။ **ပုညသမ္ဘဒါ** – အဂ္ဂမဟာပဏ္ဍိတ၊ သာသနာ့အာဇာနည်၊ မြတ်မထေရ်ကို၊ ရွှင်ကြည်အားရ၊ ပိုင်ဆိုင်ကြရသည့်၊ ဘဝရေးကံ၊ အကြောင်းခံ၏ ပြည့်စုံခြင်းသည်။ **အဟော** – အလျှံညီးညီး၊ မီးပုံကြီးမှ၊ အံ့ချီးဖွယ်ရာ၊ ကြာပေါက်လာသို့၊ များစွာတင့်တယ်၊ အံ့သြဂုဏ်ယူဖွယ်ရာ ကောင်းပါပေစွတကား။

(၃) **သောဘော ဥပဝနံ သဗ္ဗံ၊ ဒုမေဝေကမ္ပိ ဖုလ္လိတော။**

**ဇာတော ဂုဏိနံ ကေမ္ပိ၊ တဿိတော အခိလော ဇနော။**

**ကေမ္ပိ ဒုမေ** – အလုံးအရပ်၊ လွန်တင့်အပ်၍၊ ပွင့်ချပ်စီရရီ၊ ရီးတံညီလျက်၊ မြရည်လိမ်းသလို၊ စိမ်းစိမ်းစိုသည့်၊ နုပျိုလန်းရွှင်၊ ကြီးမားသော ပန်းသစ်ပင်သည်။ **ဖုလ္လိတော** – ယန့်သင်းကြိုင်၊ တောလုံးလှိုင်လျက်၊ မြိုင်ဆိုင်ထူးတင့်၊ ဖူးပွင့်လာသည်ရှိသော်။ **ဖုလ္လိတေ** – အသွေးဂလည်းမြိုင်ဆိုင်၊ အနံ့ကလည်းကြိုင်လှိုင်၊ အခိုင်ကမြူးမြူး၊ အဖူးကဝေဝေ၊ ကျက်သရေထူးတင့်၊ ဖူးပွင့်လာသည်ရှိသော်။ **သဗ္ဗံ ဥပဝနံ** – ပန်းပေါင်းစုံလင်၊ လှပေါင်းယှဉ်သည့် စည်ပင်ခြိမ့်အုံး၊ ဥယျာဉ်ကြီးတစ်ခုလုံးသည်။ **သောဘော ဏှဝ** – မြင်သူငေးမျှ၊

ကြည့်မဝအောင်၊ အလှဖြိုးကြွယ်၊ အတင့်တယ်ကြီး တင့်တယ်ရသကဲ့သို့။ **ဝေံ** – ပမာနှိုင်းယှူ၊ ထို့အတူသာလျှင်။ **ဂုဏိနိ** – နိုင်ငံတော်အစိုးရ၊ လှူဆက်သသည့်၊ အဂ္ဂမဟာပဏ္ဍိတ၊ သာသနာ့ခေါင်ထိပ်၊ အောင်တံဆိပ်ဖြင့်၊ ဂုဏ်ဟိတ်ဝေလွင်၊ ဂုဏ်ထူးရှင်ဖြစ်ပေသော။ **ဂုဏိနိ** – အစိုးရဓမ္မာစရိယ၊ သက္ကျသီဟဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ကျမ်းပြုစာချ ဓမ္မကထိက၊ သာသနာ့ဂုဏ်ရည်၊ အလီလီတို့ဖြင့်၊ ဘုံမဟီအတွင်း၊ ကမ္ဘာချည်းအောင်၊ သတင်းဝေလွင်၊ ဂုဏ်ပေါင်းရှင်ဖြစ်တော်မူပေသော။ **ကေမှိ** – မ, တစ်ထောင် တစ်ယောက်ဖွား၊ ရှာမှရှားသည့်၊ တောက်ကြွားဇာနည်၊ သာကီနွယ်ဇာတ်၊ ထေရ်မြတ်အကျော်၊ မင်္ဂလာဗိမာန်ဆရာတော်သည်။ **ဇာတေ** – ရခဲစွာလှ၊ မြင့်မြတ်လှသည့်၊ အဂ္ဂမဟာပဏ္ဍိတ်၊ ဘွဲ့တံဆိပ်ဖြင့်၊ ဂုဏ်ဟိတ်လွှမ်းကျော်၊ ဖြစ်ပေါ်၍လာသည်ရှိသော်။ ဝါ–ရပ်ရွာဂုဏ်မြင့်၊ နယ်ဂုဏ်တင့်ဖို့၊ အသင့်ဖြစ်ပေါ်၊ ထွန်းပေါက်၍လာသည်ရှိသော်။ **တဿိတော** – မင်္ဂလာဗိမာန် ဆရာတော် ဘုရားနှင့်၊ သွေးသားယှက်နွယ်၊ ဆက်သွယ်လျက်ရှိပေသော။ **အဓိလော ဇနော** – ယုန်းကား + မြင်းမူ၊ နယ်သူနယ်သား၊ ရှင်လူများနှင့်၊ ထူးခြားဂုဏ်အင်၊ အသရေလွင့်သည့်၊ ရွှေကျင်ဂိုဏ်းပျော်၊ သံဃာတော်အပေါင်း သည်လည်းကောင်း။ ဝါ–နတ်ပြည်ရွှေဘုံ၊ ခိုလှုံစံနေ၊ ခမည်းတော်ကြီးဦးစိုးဘော နှင့်၊ ဂုဏ်နေကဲဆင့်၊ မယ်တော်ကြီး ဒေါ်စိန်မြင့်မှ၊ စ၍ပေါင်းရုံး၊ တစ်နွယ်လုံးသည် လည်းကောင်း။ **သောတေ သောကတိ** – အဂ္ဂနွယ်ရိုး၊ ဇာနည်မျိုးဟု၊ ကျော်ဟိုးထင်ရှား၊ ဂုဏ်မြင့်မားအောင်၊ ထူးခြားဝင့်ထယ်၊ အတင့်တယ်ကြီး တင့်တယ်ရပါပေတော့ သတည်း။

**(၄) သမဂ္ဂါ သာဝကာ ဒါနိ၊ အဂ္ဂဝိသိဋ္ဌပဏ္ဍိတံ။**

**မဟာထေရံ ဘိပူဇေမ၊ ပဿေယျာမ သတံသမံ။**

**ဘန္တေ** – အဂ္ဂမဟာပဏ္ဍိတ၊ သာသနာ့အမွန်၊ အောင်တံခွန်ကို၊ မိုးစွန်စွင့်စွင့်၊ မြင့်ထက်မြင့်အောင်၊ လွင့်တလူလူ၊ လွှင့်ထူနိုင်ငြား၊ ဆရာတော်အရှင်သူမြတ်ဘုရား။ **မယံသာဝကာ** – ထေရ်ရှင်ဆုံးမ၊ ဩဝါဒကို၊ သောတဆင်ယူ၊ သွင်မူပျော့ပျောင်း၊ တပည့်အပေါင်းတို့သည်။ **သမဂ္ဂါ** – ကျေးဇူးတော်သခင်၊ ဆရာရှင်ကို၊ ပျော်ရွှင်အားရ၊ ပူဇော်ကြဖို့၊ ဆန္ဒတူညီ၊ ကြံစည်နှိုင်းဆ၊ ညီညွတ်စွာတိုင်ပင်ကြကုန်လျက်။ **ဒါနိ** – ၁၃၆၂ – ခု၊ ရတုဆောင်းနှောင်း၊ နွေသို့ပြောင်းသည့်၊ တပေါင်းကျော်တက် (၁၄) ရက်ရောက်လာ၊ ယခုအခါ၌။ **အဂ္ဂဝိသိဋ္ဌပဏ္ဍိတံ** – သီလသမာဓိပညာ၊ သိက္ခာသုံးရပ်၊ အကျင့်မြတ်နှင့်၊ ပိဋကတ်နိကာယ်၊ ကျမ်းပင်လယ်ကို၊ အလွယ်ကူးခတ်၊ ကျော်ဖြတ်နိုင်ဘိ၊ ထူးခြားသောဉာဏ်ပညာရှိတော်မူပေထသော။ **မဟာထေရံ** – အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂနှစ်ထပ်၊ ဂုဏ်သကတ်ဖြင့်၊ ဆယ်ရပ်ဒိသာ၊ ယန့်ဖြာအောင်၊ ကြေညာထင်ရှား၊ မင်္ဂလာဗိမာန်ဆရာတော် ဘုရားကို။ **အဘိပူဇေမ** – ပစ္စယ + ဓမ္မ၊ နှစ်ဌာနဖြင့်၊ ကာလအလျောက်၊ သဒ္ဓါပေါက်၍၊ ဝမ်းမြောက်ရွှင်ပျော်၊ ပူဇော်ကြပါကုန်သည်ဘုရား။

**တေန** – ထေရ်ဘုရားဂုဏ်ရည်၊ စုံအညီကို၊ ယုံကြည်လေးစား၊ သဒ္ဓါပွား၍၊ ထူးခြားကော်ရောက်၊ ပူဇော်ပါရ၊ ဤကုသိုလ်မြတ်ပုညကြောင့်။ **မယံ** – အဂ္ဂမဟာပဏ္ဍိတပူဇော်ပွဲ၊ ခြိမ့်ခြိမ့်သဲမျှ၊ ဆင်နွှဲကော်ရော်၊ တပည့်တော်တို့သည်။ **တုဝံ** – အဂ္ဂနှစ်ထပ်၊ ဂုဏ်သကတ်ဖြင့်၊ မိုးရပ်မြေပြင်၊ ကမ္ဘာတစ်ခွင်၌၊ စာတင်ဖော်ကျူး၊ ပုဂ္ဂိုလ်ထူးအကျော်အမော်၊ အရှင်ဆရာတော်ကို။ **သတံသမံ**–

ဤမှနောက်ဆက်၊ နှစ်ရေတွက်သော်၊ ဆက်လက်ကြံ့ခိုင်၊ အနှစ်တစ်ရာတို့ တိုင်တိုင်။ ပဿေယျာမ – ကိုယ်စိတ်ကျမ်းမာ၊ ဘေးရန်ကွာ၍၊ သဒ္ဓါကြည်နူး၊ ပီတိထူးဖြင့်၊ ရွှင်မြူးအားရ၊ ဖူးမြင်ပူဇော်ကြရပါလိုကုန်၏ အရှင်ဘုရား။

ဩဒါတ သိရီဘိဝံသေန၊ ဝိသုဒ္ဓါရာမဝါသိနာ။
ရစိတာ ဂန္ထိတာ ဂီတာ၊ ဂုဏမာလာ ပသီဒနာ။

အရှင်ဩဒါတသိရီဘိဝံသ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်
သကျသီဟနှင့် အစိုးရဓမ္မာစရိယ၊ ပါဠိပါရဂူ
ဓယမေဒနီဝါဆိုကျောင်း၊
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။

**ထူးခြားပီတိ ရရှိဖို့၊ စိတ်စေတနာကောင်းထားကြစို့**

တားဝတ်နေရေး၊စီးပွါးရေး၊လူမှုရေး၊စသည့်ရေးရာအဖြာဖြာတို့ကို ဆောင်ရွက်ရာတွင် ဘာကိုပဲလုပ်လုပ်၊ ဘယ်သူ့အတွက်ပဲလုပ်လုပ်၊ မေတ္တာအရင်းခံပြီး၊စိတ်ကောင်းထားကာ၊စေတနာကိုထပ်လောင်းဖြည့်စွက် လိုက်မည်ဆိုပါကထူးခြားသောအောင်မြင်မှုအကျိုးတရားကိုရရှိနိုင်ပါတယ်။ ထိုအောင်မြင်မှုအတွက်မိမိကိုယ်တိုင်ရော၊ပါဝင်ကူညီကြသူများအားလုံးပါ စိတ်ဝယ်၊သာယာကြည်နူး၊ပျော်ရွှင်မြူးထူး၊ကြည်လင်အေးမြစေပါတယ်။ ဘာနှင့်မှနှိုင်းယှဉ်ဖော်ပြမရနိုင်လောက်အောင်ပင်ပီတိထူးကိုခံစား၊စံစား ရရှိစေနိုင်မှာဖြစ်ပါတယ်။

# ၇။ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာအဖြာဖြာ

(၁) ဆက်ကပ်လှူဒါန်းသောအဖွဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ က ဆက်ကပ်လှူဒါန်းပါသည်။ ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို နှစ်စဉ်ဇန်နဝါရီလ ၄–ရက် (မြန်မာ့လွတ်လပ်ရေးနေ့) တွင် ကြေညာပါသည်။

(၂) အနက်အဓိပ္ပါယ်

| | | |
|---|---|---|
| အဂ္ဂ | = | မြတ်သော၊ |
| မဟာ | = | ကြီးသော၊ |
| ပဏ္ဍိတ | = | ပညာရှိ၊ |
| အဂ္ဂ မဟာ ပဏ္ဍိတ | = | ကြီးမြတ်သော ပညာရှိ |

(ပညာအရာတွင် ပူဇော်မှုကို ခံယူထိုက်အောင် ကျွမ်းကျင်တတ်မြောက်သော ပုဂ္ဂိုလ်ကြီး)

(၃) အရည်အချင်း

အောက်တွင်ဖော်ပြပါ အရည်အချင်းငါးရပ်နှင့် ပြည့်စုံသော သံဃာတော်အရှင်သူမြတ်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

(က) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ကျွမ်းကျင်လိမ္မာခြင်း၊

(ခ) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ကျွမ်းကျင်လိမ္မာသည်ဟု ကျော်ကြားခြင်း၊

(ဂ) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့ကို အမြဲအပြတ်ပို့ချနေခြင်း၊

(ဃ) သီလဝန္တဖြစ်ခြင်း (အကျင့်သီလပြည့်စုံခြင်း)၊

(င) အနည်းဆုံး သိက္ခာဝါ နှစ်ဆယ် ရရှိခြင်း။

(၄) အဆောင်အယောင်

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်အား နိုင်ငံတော်အစိုးရက အောက်ပါအဆောင်အယောင်များကို လှူဒါန်းပါသည်။

(က) ဘွဲ့ရဆရာတော်၏ ဘွဲ့အမည်နှင့် ဘွဲ့တံဆိပ်တော် အမည်ပါရှိသော ငွေရောင်ခံ ကြေးတံဆိပ်တုံး အဝိုင်းတစ်ခု၊

(ခ) ဘွဲ့ရဆရာတော်၏ ဘွဲ့အမည်နှင့် ဘွဲ့တံဆိပ်နာမည်ပါရှိသော ရိုးရိုးရာဘာတံဆိပ်တုံးအဝိုင်းတစ်ခု၊

(ဂ) တံဆိပ်ရိုက်မင်ခံခွက်နှင့် မင်ပုလင်းတစ်စုံ၊

(ဃ) အထက်အမှတ်စဉ် (က)၊ (ခ)၊ (ဂ) ပါပစ္စည်းများ ထည့်ရန် ပိုးဖဲ အတွင်းခံလှပသော ကျွန်းသေတ္တာငယ်တစ်လုံး၊

(င) ရွှေမင်ဖြင့် ရိုက်နှိပ်ထားသော ဘွဲ့ပုံတော်လက်မှတ်ကို သွင်းထားသောမှန်ဘောင်အကောင်းစားတစ်ခုနှင့် ခြသေ့်ရုပ်ထု ပါရှိသော အောက်ခံခုံတစ်ခု၊

(စ) ဘွဲ့ရဆရာတော်၏ ဘွဲ့တော်ပါရှိသည့် ၁ ၁/၂ ပေ × ၁–ပေ အရွယ်၊ ငွေချည်ထိုး ပိုးအလံတော်တစ်လက်နှင့် အောက်ခံခုံ၊

(ဆ) ဘွဲ့ရဆရာတော်၏ ဘွဲ့တော်ပါရှိသော သုံးမြှောင် သစ်သားတုံးတစ်တုံး၊

(ဇ) ထီးဖြူတော်တစ်လက်နှင့် အောက်ခံခုံ၊

(၅) အထောက်အပံ့

(က) နှစ်စဉ် ဆွမ်းဆန်တော်အလှူငွေ – ငါးထောင်ကျပ်၊

(ခ) မီးရထား၊ မီးသင်္ဘောတို့တွင် ပထမတန်း၌ နောက်ပါ တစ်ဦးနှင့်အတူ အခမဲ့ စီးနင်းခွင့်လက်မှတ်၊

(ဂ) ပျံလွန်တော်မူလျှင် ဈာပနထောက်ပံ့ငွေ – သုံးထောင်ကျပ် တို့ကိုနိုင်ငံတော်အစိုးရက ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနကတစ်ဆင့် ဆက်ကပ် လှူဒါန်းပါသည်။

# နိဂုံး

# ဘုရားသာသနာတော်ကြာရှည်တည်တံ့ရန် – ကြံ့ခိုင်ဖို့၊ အစွမ်းကောင်းလက်မလွှတ်စေနှင့်

သာသနံ ဘဂဝန္တဿ၊ ဘဂဝန္တာဝ နာယကာ။

ပူဇကာ ဉာဏ ဝန္တာဝ၊ သဒ္ဓဝန္တာဝ ပဂ္ဂဟာ။

ဘဂဝန္တဿ – ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ သာသနံ – သာသနာတော်ကို၊ ဘဂဝန္တာဝ – ရှေးဘုန်း၊ ရှေးကံရှိသောပုဂ္ဂိုလ်တို့သည်သာလျှင်၊ နာယကာ – ရှေ့ဆောင်နိုင်ကြပေကုန်၏။ ဉာဏဝန္တာဿ– သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ သာသနံ – သာသနာတော်မြတ်ကို၊ ဉာဏဝန္တာ – အသိဉာဏ် အမြင်ရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင်၊ ပူဇကာ – မြတ်နိုးကော်ရော် ပူဇော်နိုင်ကြပေကုန်၏။ သဒ္ဓဝန္တဿ – သဒ္ဓိန္ဒြေ စသည်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ သာသနံ – သာသနာတော်မြတ်ကို၊ သဒ္ဓဝန္တာဝ – ကံနှင့်ကံ၏ အကျိုးတို့ကို ယုံကြည်ခြင်း၊ ရတနာသုံးပါးဂုဏ်ကို ယုံကြည်ခြင်း တည်းဟူသော၊ သဒ္ဓါတရား ရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင်၊ ပဂ္ဂဟာ – သာသနာခရီးရောက်အောင် ချီးမြှောက်နိုင်ကြပေကုန်သတည်း။

လောက၌ အသိအမှတ်ပြုထိုက်သော ပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်ကျေးဇူးကို မိမိဉာဏ်မီသမျှ ရေးသားဖော်ပြခြင်းသည် – "ပဟောန္တေနပန ဓမ္မကထိကေန --- ဝဏ္ဏော ပကာသေတဗ္ဗော၊ ပုဂ္ဂလဝိသေသော ဓာနိတဗ္ဗော" ဟူ၍ ပြအပ်သော သီလက္ခန် (ဒီ၊ ဋ္ဌ၊ ၁၊ ၃၉) အဋ္ဌကထာစကားများနှင့် ညီလျော်၍ ဘုရားအလိုတော်ကျ နောင်တမလွန်ဘဝ၌ ကောင်းကျိုးရမည်ကို အသာထားဘိဦး၊ ယခုပစ္စက္ခဘဝ၌ မျက်မြင်ဒိဋ္ဌပင်၊ မိမိတို့၏ မိရိုးဖလာ ဗုဒ္ဓဘာသာ၊ သာသနာကို ထုတ်ဖော်ပြသ မျက်နှာပန်းလှစေနိုင်ခြင်း၊ အတုခိုးနည်းယူစရာ နမူနာ စံပြတိုက်ကြီးသဖွယ် ဖြစ်စေနိုင်ခြင်း စသော အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်လေသည်။

မြတ်စွာဘုရားဟောကြားထားခဲ့သော ဒေသနာတော်လာအရ – ပူဇော်ကန်တော့ခံယူရသည့် ဆရာတော်အဖို့မှာလည်း လွယ်ကူသော ကိစ္စမဟုတ်ပါပေ။ မွန်မြတ်သောစိတ် အထူးထားတတ်ဖို့ အရေးကြီးပါသည်။ အကြောင်းမှာ – ပူဇော်ကန်တော့ရရှိသည့် လာဘသက္ကာရအတွက် သာယာရှင်မြူး၊ မက်မောကြည်နူးနေပါလျှင် ပူဇော်ကန်တော့ခံယူရသူ၏ တက်လမ်းတွင် အဖုအထစ်သဖွယ် လွန်စွာနှေးကွေးနေပေလိမ့်မည်။ အင်မတန်ကြောက်မက် ဖွယ်ရာကောင်းလှသည့် မိုးကြိုးစက်ပမာ ဘေးအန္တရာယ်ကြီးကို ရင်ဆိုင်နေရ သည်နှင့်သာတူပေလိမ့်မည်။ တစ်နည်းဆိုရသော် – အလွန်အသွားထက်မြက်နေသည့် ဓားသွားပေါ်တွင် လျှောက်လှမ်းနေရသည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။ အဏုမတ္တေသု ဝဇ္ဇေ သု ဘယဒဿာဝီ – မြူမှုန်မျှ လောက်သော အပြစ်ကလေးကိုပင် မတင်ရလေအောင် အထူးကြိုးစားနေကြ ရပေသည်။

များပြောင်လှစွာသော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တို့ကိုလည်း ဆည်းပူးလေ့လာမှတ်သား ကျင့်ကြံရပါသည်။ ထို့ပြင်မက ဆရာတော်သည် သက်တော် (၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ ကာလပတ်လုံး အကျဉ်းအားဖြင့် နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်၊ အကျယ်ကုဋေကိုးထောင် တစ်ရာရှစ်ဆယ့်ငါးသန်း၊ သုံးသောင်း၊ ခြောက်ထောင်များပြောင်လှစွာသော သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးစုံ အကျင့်ဂုဏ်တို့နှင့် ကုံလုံပြည့်ဝအောင် ကျင့်ကြံ ကြိုးကုပ် အားထုတ်ရပါသည်။

ပူဇော်သူ - ပူဇော်ခံသူ ၊ အလှူပေး - အလှူခံ ရုပ်နှင့်နာမ်၊ လှူရန်ရုပ်သာသိ။ ရုပ်-နာမ်ဟူက အနိစ္စ၊ ဒုက္ခ နတ္တာသိ။

အလှူပေး - အလှူခံ၊ လှူဖွယ်ဝတ္ထု အစုစုတို့သည် ရုပ်-နာမ်တရားနှစ်ပါးသာဖြစ်သည်။ ထိုရုပ်-နာမ်နှစ်ပါးသည် ဖြစ်ပျက် - အနိစ္စ၊ ဖြစ်ပျက် -ဒုက္ခ၊ အစိုးမရ - အနတ္တတို့ချည်းပါတကားဟု ပွါးများကြရမည်။ အချိန်အခါမလပ် ရှုမှတ်အားထုတ်ကြရမည်။ ဒုက္ခ သစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓ သစ္စာ၊ မဂ္ဂသစ္စာ စသော သစ္စာလေးပါး တရားတော်ကို သညာသိမှပညာသိဖြစ်အောင် ကြိုးစားကြရမည်။ သို့မှသာ မအို၊ မနာ၊ မသေပါသည့် ဒုက္ခအလုံးစုံချုပ်ငြိမ်းပြီး၊ ထာဝရ အေးငြိမ်းချမ်းသည့်၊ ပဋိသန္ဓေ နောက်တစ်ဖန်မနေရတော့သော ပရမတ္ထမြတ်နိဗ္ဗာန်သို့ ရောက်ရှိ နိုင်မည် ဖြစ်ပေသည်။ အခြေအနေပေးတုန်း၊ အချိန်ရှိခိုက် လုံ့လစိုက်ကာ၊ ဗုဒ္ဓသာသနာတော်ကြီးနှင့် ကြုံကြိုက်နေရသည့် အခွင့်ထူးကြီးကို လက်မလွှတ်တမ်း ဆုပ်ကိုင်ကြိုးပမ်းအားထုတ်နိုင်ကြပါစေကုန်သတည်း။

(၁၀၂) ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့)

အချုပ်ဆိုရသော် – မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသ၏ သီလ၊ သမာဓိ၊ သိက္ခာ ပညာသုံးပါးတို့၏ ဘုန်းဂုဏ်တော်အနန္တတို့ကို ထုတ်ဖော်ပြသအပ်သော "ဤမဟာထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာ့ပြုမှတ်တမ်းအကျဉ်း"ကို စုဆောင်း၊ ရေးသား၊ စီစဉ်ပူဇော် ထုတ်ဝေခြင်းသည် စာရေးသူ တွေ့ကြုံခံစားနေရသကဲ့သို့ အသင်စာဖတ်သူ ဓမ္မမိတ်ဆွေအပေါင်းတို့ကိုလည်း မျှဝေခံစားစေချင်လှပါသည်။ ဆရာတော်ကြီးနှင့် ပဋ္ဌာန်းဆက်ရှိသူမှန်သမျှ ဖူးမြော်ကြည်ညို သဒ္ဓါပွါးနိုင်ကြပါစေ။ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ဖတ်ရှု၊ လေ့လာသုတေသနပြု ကျင့်ကြံအားထုတ်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သယင်း နိဂုံးကမ္ပတ်အဆုံးသတ်လိုက်ပါရစေလားခင်ဗျာ။

စုဆောင်းရေးသားစီစဉ်ပူဇော်သူ
ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့)
အုပ်ချုပ်မှုဒါရိုက်တာ
**Green Group Co-op Ltd.**

**ကိုယ်ချင်းစာတရားထားကြပါ**

ငါသည် အသက်ရှည်စွာ ချမ်းချမ်းသာသာနေချင်သည်။ ငါကိုသူများကသတ်မည်ဆိုလျှင် ငါမကြိုက်၊ ထိုသို့ပင် သူများကိုငါကသတ်မည်ဆိုလျှင် သူများလည်းကြိုက်မည်မဟုတ်ပါပေ။ အဘယ့်ကြောင့်ကိုယ့်ကိုပြုလုပ်လျှင် မကြိုက်သောအမှုမျိုးဖြင့် သူများကိုပြုလုပ်တော့မည်နည်း။ ထိုသို့စဉ်းစားကိုယ်ချင်းစာတရားထားကာ သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ကြရမည်။

(မဟာဝဂ္ဂသံယုတ်၊ ဝေဠုဒွါရဝဂ်)

# ဆရာတော်ကြီးအား သိက္ခာထပ်သော အလှူရှင် ရဟန်းဒါယိကာ၊ ဒါယိကာမများ

(၁) ဆေးပွဲစားကြီး ဦးဘရင် + ဒေါ်စံမယ် မိသားစု၊ စိန်ပန်းရပ်၊ မန္တလေးမြို့။

(၂) ဘုရားဒါယိကာမကြီး ဒေါ်တုတ်နှင့် ခမည်းတော်ကြီး ဦးစိုးဖေ + မယ်တော်ကြီး ဒေါ်စိန်မြင့် မိသားစု၊ ယုန်းကားရွာ၊ မြင်းမူမြို့နယ် စစ်ကိုင်းတိုင်း။

(၃) စာတိုက်ဝန်မင်း ဦးငွေဟုန် + ဒေါ်စု၊ သား-ဝတ်လုံတော် ဦးလှသိန်း(B.A. B.L) + ဒေါ်မြင့်မြင့်၊ သမီး - မအမာတင်၊ သား မောင်သန်းထွန်း + မအေး၊ မြေး - မောင်ကောင်း၊ ဆူးလေကုန်းရပ် မုံရွာမြို့။

(၄) ဦးစိုးဖေ + ဒေါ်ဖွားဖြူ၊ သမီး - ဒေါ်မြကြင်၊ ဦးကျော်မြ · ဒေါ်မြတင် မိသားစု၊ ဖအောင်ဝဲရွာ၊ ဒိုက်ဦးမြို့။

(၅) ပွဲစားကြီး - ဦးအုန်းခင် + ဒေါ်ရင်၊ သား - ကိုကျော်အေး၊ သမီး - မတင်တင်အေး မိသားစု၊ စိန်ပန်းရပ်၊ မန္တလေးမြို့။

(၆) ဦးသိန်းမြင့် + ဒေါ်မမ၊ သမီး - မတင်တင်သန်း၊ သား ကိုတင်ဝမ်းမိသားစု၊ ရွာသစ်ရပ်၊ ရေနံချောင်းမြို့။

(၇) ဦးဘအိ + ဒေါ်တင်ရီ၊ သမီး - မအိအိဇင် မိသားစု၊ အမှတ် (၅၈၈) မြို့မလမ်း၊ မိကျောင်းရဲမြို့။

(၁၀၄) ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့)

(၈) ဦးခင်မောင် + ဒေါ်တုတ်တုတ်၊ သမီး – မမိမိခင်၊ မမိုးမိုးခင်၊ မမျိုးမျိုးခင် မိသားစု၊ အထက်ဗမာပြည် ရုပ်ရှင်ဖြန့်ချိရေးကုမ္ပဏီ၊ မန္တလေးမြို့။

(၉) ဒေါ်မြကြည် (ဒို့မြန်မာ သံသေတ္တာ ကုမ္ပဏီ) မိသားစု ဗိုလ်ချုပ်လမ်း၊ ရေနံချောင်းမြို့။

(၁၀) ဒေါက်တာ ဒေါ်ငွေးငွေးဝင်းနှင့် အိပ်ဆက်စီယာ မိသားစု၊ ၈၄–လမ်း၊ မန္တလေးမြို့။

(၁၁) ဦးထွန်းလှိုင် (သဟာယပွဲရုံ) + ဒေါ်မိမိ မိသားစု၊ လမ်း ၃၀၊ ၈၄ × ၈၅လမ်း၊ မန္တလေးမြို့။

(၁၂) ဦးထွန်းကြိုင် + ဒေါ်လေးမြင့်၊ သား – ဦးအောင်ကျော်မြင့် (ဓိဇဝါချည်မျှင်စက်ပိုင်ရှင်) + ဒေါ်သိန်းသိန်းနု မိသားစု၊ အမှတ် (၃၂၄)၊ သူငွေးကုန်း၊ ဈေးတန်းရပ်၊ ရေနံချောင်းမြို့။

(၁၃) ဦးစိန်ပွင့် + ဒေါ်ခင်သွယ်အား အမှူးထား၍၊ ရွှေဘဏ္ဍာစတိုးဆိုင်ပိုင်ရှင် ဦးမြင့်ဆွေ + ဒေါ်သန်းသန်းငွေး၊ သား – မောင်လှိုင်ဘွားမြင့် မိသားစု၊ မကွေးမြို့။

(၁၄) ဒေါ်ထွေး၊ ဦးဆန်လှိုင် + မစန်းစန်း မိသားစု၊ ဟောင်ကောင်စတိုး၊ အမှတ် (၂၀၇)၊ ၂၆ × ၈၁လမ်း၊ မန္တလေးမြို့။

(၁၅) ဦးညီညီ + ဒေါ်မြတင် မိသားစု၊ ၁၆–လမ်း၊ မကွေးမြို့။

(၁၆) စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ် မဟာစေတီလှ ကျောင်းဒါယိကာမကြီး ဒေါ်ကေနှင့် သမီး – ဒေါ်အမာရွှေ (ကထိက၊ ဆရာအတတ်သင်သိပ္ပံ) မိသားစု၊ မန္တလေးမြို့။

(၁၇) မြစ်ကြီးနားမြို့နေ – ဦးမောင်မောင်လေး + ဒေါ်ရင်မေတို့ကို အမှူးထား၍၊ ဦးရဲခင် (မန်နေဂျာ၊ တပ်မတော်သားရေစက်ရုံ) + ဒေါ်စုစုကြည် မိသားစု၊ ၄၁–လမ်း၊ မန္တလေးမြို့။

(၁၈) ဦးမြင့်စိန်၊ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး၊ မဟာဗောဓိကမ္မဋ္ဌာန်းတိုက်၊ မန္တလေးမြို့။

(၁၉) ဦးကြွား + ဒေါ်သန်းစိန် မိသားစု၊ ယုန်းကားရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။

(၂၀) ဦးဝင်း + ဒေါ်ချိုတေး မိသားစု၊ နဂါးတံဆိပ်၊ ငါန်းဓွန်နို့ဆီတိုက်၊ ၃၁–လမ်း၊ မန္တလေးမြို့။

(၂၁) ဦးမြင့်သိန်း (လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန)+ ဒေါ်မြမြစိုး မိသားစု၊ ပခုက္ကူမြို့။

(၂၂) ဦးညိုညို (ကထိက၊ ရူပဗေဒဌာန၊ မိတ္ထီလာကောလိပ်)+ဒေါ်ခင်စောမြင့် မိသားစု။

(၂၃) ဦးထွန်းဖေ + ဒေါ်အမာကြည် မိသားစု၊ ကျောက်ဆူးတံဆိပ် ဘိနပ်ကုမ္ပဏီ၊ ၈၄–လမ်း၊ ရွာဟိုင်းဈေး၊ မန္တလေးမြို့။

(၂၄) ဦးဘုန်းမြင့်အောင် + ဒေါ်သီတာအောင် (ဟိန္ဒူဗုဒ္ဓဘာသာ) မိသားစု၊ မင်္ဂလာဈေး၊ မန္တလေးမြို့။

(၂၅) ဦးဖောင် + ဒေါ်ရိပ်၊ သမီး – ဒေါ်ကြည်ကြည်လင်း မိသားစု၊ အမှတ် (၃၇၉)၊ ၃၁ × ၈၁ လမ်း၊ မန္တလေးမြို့။

(၂၆) ဦးဘကြည်စိန် + ဒေါ်စောသက်မာ မိသားစု၊ ပုလဲတည်းခိုခန်း၊ လမ်း ၈၀၊ မန္တလေးမြို့။

(၂၇) ဦးစိုးညွန့် + ဒေါ်ကြည်ကြည်ညွန့် မိသားစု၊ အမှတ် (၂၁၄)၊ ၁၇–လမ်း၊ မကွေးမြို့။

(၂၈) ဦးအေးမောင် (ပုံနှိပ်တိုက်ပိုင်ရှင်) + ဒေါ်ခင်ယုံ မိသားစု၊ မန္တလေးမြို့။

(၂၉) ဒေါ်သန့်ညွန့် (လေယာဉ်ပျံတံဆိပ် ဆေးလိပ်ခုံပိုင်ရှင်) မိသားစု၊ ရေနံချောင်းမြို့။

(၃၀) ဦးသောင်း + ဒေါ်တင်ရီ မိသားစု၊ နဂါးပွဲရုံ၊ ရေနံချောင်းမြို့။

(၃၁) ဦးအောင်ငွေ + ဒေါ်ရီရီဝင်း မိသားစု၊ ပဒေသာသစ်စက်၊ ရန်ဝေးရပ်၊ မကွေးမြို့။

(၃၂) ဦးလွင်မောင် + ဒေါ်ခင်သန်းငွေမိသားစု၊ တောင်ကြီးမြို့။

(၃၃) ဦးဖေသန်း + ဒေါ်မြမြသန်း မိသားစု၊ အမှတ် (၁၆၇)၊ ရှမ်းစု၊ မြောက်ရပ်၊ မြစ်ကြီးနားမြို့။

(၃၄) ဒေါက်တာခင်မောင် + ဒေါ်ဝင်းရီ မိသားစု၊ ကျောက်ကာလမ်း၊ မုံရွာမြို့။

(၃၅) ဦးတင်မောင်ရီ + ဒေါ်ကြည်ကြည်ဝေ မိသားစု၊ အမှတ် (၄၁)၊ စဉ့်အိုးတန်းလမ်း၊ ရန်ကုန်မြို့။

(၃၆) ဦးဝထွန်း (ညွှန်ကြားရေးမှူး၊ တိုင်းရင်းဆေးသိပ္ပံ) + ဒေါ်သန်းသန်းဦး (ကထိက၊ စက်မှုတက္ကသိုလ်) မိသားစု၊ မန္တလေးမြို့။

(၃၇) ဦးကိုကို + ဒေါ်ခင်သောင်းငွေ၊ သမီး – မအိအိကို၊ မမိမိကို၊ ဂုဏ်မသိမ်ရောင်းဝယ်ရေးမိသားစု၊ မြို့မတောင်ရပ်၊ ရေနံချောင်းမြို့။

(၃၈) ဦးကျော် + ဒေါ်ကြည်သန်း မိသားစု၊ ယုန်းကားရွာ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။

(၃၉) ဦးအောင်စည် + ဒေါ်သောင်း၊ သမီး – မညို မိသားစု၊ ယုန်းကားရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။

(၄၀) ဦးသိန်း + ဒေါ်သိန်းဟန်၊ သမီး – မညိုညိုသိန်း (အလက၊ ကျောင်းအုပ်ဆရာမကြီး) မိသားစု၊ ဒိုက်ဦးမြို့။

(၄၁) ဦးမင်းဟန် (မန်နေဂျာ၊ သစ်ထုတ်လုပ်ရေး) + ဒေါ်ရင်ရင်မြ မိသားစု၊ မန္တလေးမြို့။

(၄၂) ဦးဩဘာ + ဒေါ်အုံးကြည်၊ ညီ – ဦးစောအောင် မိသားစု နန်းတော်ရာရပ်၊ စစ်ကိုင်းမြို့။

(၄၃) ဦးစိန်ဝင်း + ဒေါ်စောနွဲ့ မိသားစု၊ စေတနာပွဲရုံ၊ ရေနံချောင်းမြို့။

(၄၄) ဦးမြင့်မောင် + ဒေါ်အေးအေးကြည် – ဆန်းသစ်ဘက်ထရီ မိသားစု၊ အောင်နန်းရိပ်သာ၊ မိုးကုပ်မြို့။

(၄၅) မြသုံးလုံးကားများ ပိုင်ရှင် သီရိသုဓမ္မမဏိဇောတဓရ သီဟသုဓမ္မ မဏိဇောတဓရ၊ ဦးသိန်းမောင် + ဒေါ်သန်းကြည် အားအမှူးထား၍ ဦးမောင်မောင်လွင် + ဒေါ်လှမြင့်၊ သမီး မဝိုင်းမြတ်နိုး၊ မအိုင်မြတ်နိုး၊ မြသုံးလုံးမိသားစု ၂၆–ဘီလမ်း၊ မန္တ

**အပြောင်းအလဲအမြန်ဆုံးတရား**

စိတ်လောက် အပြောင်းအလဲမြန်သည့် အခြားသောတရားကို ငါဘုရားမမြင်၊ စိတ်သည် အလွန်လျှင်မြန်စွာပြောင်းလဲတတ်သော သဘောရှိ၏။ အဘယ်မျှလောက် လျှင်မြန်စွာပြောင်းလဲသည်ဟု ဥပမာပေးရန်ပင်မလွယ်ကူချေ။

(ကေအင်္ဂုတ္တိုရ်၊ ၅–ပဏိဟိတအစ္စဝဂ်)

## မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ

(၁) ပညာသိရီဘိဝံသ အရှင်။
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာသိရိလင်္ကာရာမကျောင်းတိုက်ဆရာတော်ကြီး နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ၏ စေခိုင်းတိုက်တွန်းချက်အရ အနက်မြန်မာပြန်ဆိုသော "စတုရာရက္ခရှုပွားယ်ကျမ်း" ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ – ၁၀၀၀။

(၂) ပညာသိရီဘိဝံသ အရှင်။
"ဓမ္မရောင်ခြည် ဓမ္မပဒေသာ"
၁၉၉၉ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ – ၁၀၀၀။

(၃) ပညာသိရီဘိဝံသ အရှင်။
မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်းဆရာတော် အနက်မြန်မာပြန်ဆိုသည်။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာသိရိလင်္ကာရာမကျောင်းဆရာတော်ကြီး၊ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ ရှာဖွေတင်ပြသည့် "မေတ္တာ ဘာဝနာ ရှုပွားယ်ကျမ်း"။
၂၀၀၀ ပြည့်နှစ်၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ – ၁၀၀၀။

(၄) "အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ၊ မန္တလေးတိုင်း၊ အရှေ့မြောက်မြို့နယ်၊ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ၏ ထေရုပ္ပတ္တိနှင့် သာရဏီယကထာ"၊
၁၉၉၁–ခုနှစ်၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ – ၁၀၀၀။

(၅) ဥာဏိဿရ အရှင်၊ သဲကုန်းဆရာတော်၊ သီတဂူချောင်၊ စစ်ကိုင်း။
"ရွှေကျင်နိကာယ သံဃရာဇာ၊ နှစ် - ၁၀၀ ရာပြည့်ပွဲတော်ခါ"
၁၉၄၄ - ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ - ၅၀၀၀။

(၆) ဥာဏိဿရ အရှင်၊ သဲကုန်းဆရာတော်၊ သီတဂူချောင်၊ စစ်ကိုင်း။
**A SHORT BIOGRAPHY OF THE VENERABLE-LEDI SAYADAW.** (အင်္ဂလိပ်-မြန်မာ)
၁၉၉၉-ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

(၇) သောဘိတာလင်္ကာရ အရှင်။ (သာသနဓဇ ဓမ္မာစရိယ၊ ဝိသုဒ္ဓါရုံ ဝံသပါလ ဓမ္မာစရိယ) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပညာသိရီဘိဝံသ၏ ထေရုပ္ပတ္တိကထာ။

(၈) ကောသလာဘိဝံသ ဘဒ္ဒန္တ။
မြတ်ဗုဒ္ဓ၏ ဓမ္မအမြုတေ စွယ်စုံကျမ်း။
၁၉၉၈ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၂၅၀၀။

(၉) အောင်မြင့်ထွန်း ဦး၊ စိုက်ပျိုးရေးပညာဘွဲ့။
မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာ၊ မဟာပရိတ္တာရုံ စလေကျောင်းတိုက်၊ သက်တော်ရှည် စလေဆရာတော်ကြီး၊ ပဓာနနာယက ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကောသလ္လမဟာထေရ်၏ ထေရုပ္ပတ္တိနှင့် သာသနာ့ပြု သမိုင်းမှတ်တမ်း။
၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

(၁၀) အောင်မြင့်ထွန်း ဦး၊ စိုက်ပျိုးရေးပညာဘွဲ့။
သက်တော်ရှည်၊ ရှမ်းပြည်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ထယ်သွန်း ကျေးရွာ အုပ်စု ဂဠုန်တောင်၊ ကုံလုံကျောင်းတိုက်၊ ပဓာန - မဟာနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ တေဇနိယ မဟာထေရ်၏ ထေရုပ္ပတ္တိ၊ သြဝါဒကထာနှင့်သာသနာပြု သမိုင်းမှတ်တမ်း။

(၁၁) တင်မမခိုင် ဒေါ်။ (မန်းတက္ကသိုလ်)။
မြန်မာ့ဇာတာဖြင့် အမျိုးသားစာပေဆုရ၊ အာကာသသိပ္ပံ - နက္ခတ္တဗေဒပညာရှင်၊ မန္တလေးမြို့ ၏ ဟောစာတမ်း။

(၁၂) မင်းသူရိန်
အမျိုးသားစာပေဆုရ ရေးသားသော - တန်ခိုးထက်မြက်သည့် ဗုဒ္ဓရုဏ်တော်များနှင့် ကိုယ်တွေ့ဖြစ်ရပ်များ။
ခုနှစ်၊ လ၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀၊

(၁၃) ထွန်းမြင့် (ဒဂုန်) ဦး။
ဗုဒ္ဓ၏ သြဝါဒ အမြုတေ
၁၉၉၄ - ခုနှစ်၊ ဇူလိုင်လ၊ တတိယအကြိမ်၊
အုပ်ရေ - ၁၀၀၀။

**ထုတ်ဝေပြီးစာအုပ်များ**

(၁) ✍ **"စားတတ်လျှင်ဆေးတစ်ပါး၊ မစားတတ်လျှင်ဘေးဒုက္ခ (သို့မဟုတ်) တရား"** မြန်မာ၊ အင်္ဂလိပ်ဘာသာဖြင့် (တတိယအကြိမ်) တည်းဖြတ်ဖြည့်စွက် ထုတ်ဝေပါသည်။

✍ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့) စုဆောင်းရေးသားစီစဉ် ပူဇော်ပါသည်။

✍ ဓါတ်ပြား (DISKTTES)။ လေဆာစီဒီဓါတ်ပြား (CD ROM) လည်း ရရှိနိုင်ပါသည်။

(၂) ✿ **သာမညတောင်ဆရာတော်ကြီး၏ ညွှန်ကြားချက်အရပြုစုသော "သားလွတ်မေတ္တာ အဆိုအမိန့်များ"** (ဒုတိယအကြိမ်) ထုတ်ဝေပြီး ဖြစ်ပါသည်။

✿ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့) စုဆောင်းရေးသားစီစဉ် ပူဇော်ပါသည်။

✿ ဒေါ်မြင့်ကြည် (ကထိက၊ ပထဝီဝင်ဌာန၊ ကြည့်မြင်တိုင်ကောလိပ်) စုဆောင်းတင်ပြသည်။

(၃) ✎ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာသီရိလင်္ကာ ရာမကျောင်းတိုက် ဆရာတော်ကြီး နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ ချီးမြှင့်ဟောကြားတော်မူအပ်သော- **"ဥပုသ်သီလ တရားတော်များ"** (ဒုတိယအကြိမ်) ထုတ်ဝေပြီး ဖြစ်ပါသည်။

✎ အရှင်စန္ဒောဘာသစုဆောင်းရေးသားပြုစုသည်။

✎ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့) စီစဉ်ပူဇော်ပါသည်။

(၄) ❖ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာသီရိ လင်္ကာရာမ ကျောင်းတိုက် ဆရာတော်ကြီး နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ၏ စေခိုင်းတိုက်တွန်းချက်အရ **"စတုရာရက္ခ ရှုပွားယ်ကျမ်း"** (ပထမအကြိမ်) ထုတ်ဝေပြီး ဖြစ်ပါသည်။

❖ အရှင်ပညာသီရိဘိဝံသ မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့က အနက်မြန်မာ ပြန်ဆိုသည်။

❖ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့)၊ ဦးအောင်ကြီး (စိုက်ပျိုးရေးပညာဘွဲ့) တို့က စီစဉ်ပူဇော်ပါသည်။

(၅) ❖ **"မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာ မဟာ ပရိတ္တာရုံ စလေကျောင်းတိုက် သက်တော်ရှည် စလေဆရာ တော်ကြီး ပဓာနနာယက ရွှေကျင်နိကာယ ရတ္တညူမဟာ နာယက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကောသလ္လ မဟာထေရ်၏ ထေရုပ္ပတ္တိနှင့် သာသနာပြု သမိုင်းမှတ်တမ်း"** (ပထမအကြိမ်) ထုတ်ဝေပြီးဖြစ်ပါသည်။

❖ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့) စုဆောင်းရေးသား စီစဉ်ပူဇော်သည်။

(၆) ❖ **"အမြင်မှန်သစ္စာဉာဏ် အမြန်ရောက်ဖို့၊ အခုလက်တွေ့ စကြစို့"** (ပထမအကြိမ်) ထုတ်ဝေပြီးဖြစ်ပါသည်။

❖ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့) စုဆောင်းရေးသား စီစဉ်ပူဇော်သည်။

(၇) "ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ထယ်သွန်းကျေးရွာအုပ်စု ဂဠုန်တောင်၊ ကုံလုံကျောင်းတိုက်၊ ဦးစီးပဓာနမဟာ နာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ သက်တော်ရှည် ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ကြီး၊ ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ သြဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း" (ပထမအကြိမ်) ထုတ်ဝေပြီးဖြစ်ပါသည်။

ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့) စုဆောင်းရေးသားစီစဉ်ပူဇော်သည်။

(၈) "မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီဘိဝံသ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ သြဝါဒကထာနှင့် သာသနာပြုမှတ်တမ်း" ပထမအကြိမ် ထုတ်ဝေပြီးဖြစ်ပါသည်။

ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့) စုဆောင်းရေးသားစီစဉ်ပူဇော်သည်။

**လောက သဘာဝနိယာမတရား**

အကြင်သူသည်သူတစ်ပါးကိုနှိပ်စက်ညှဉ်းဆဲ၍ရရှိလာသောစည်းစိမ်ဥစ္စာတို့ကို
ခံစားသုံးဆောင်၏၊ထိုသို့ခံစားသုံးဆောင်သောသူကိုလောကသဘာဝတရားကကြည့်မနေဘဲ
နှိပ်စက်ညှဉ်းပန်းတတ်လေသည်။ထို့ကြောင့်ရုပ်အဆင်းပျက်ခြင်း၊
ခွန်အားဗလယုတ်လျော့ခြင်းတို့ဖြစ်တတ်၏။

(စက္ကဝါကဇာတ် ၄၃၄။)

# ထုတ်ဝေပြီး ဓမ္မတေးသီချင်း ကက်ဆက်ခွေနှင့် ဗီဒီယိုတိတ်ခွေ

၁။ "စားတတ်လျှင်မေတ္တာ၊ မစားတတ်လျှင် ဝေဒနာ (သို့မဟုတ်) တဏှာ"

❖ စီစဉ်ပူဇော်သူ (၁) ဦးအောင်မြင့်ထွန်း (B.Ag)

(၂) ဦးမြင့်အောင် (B.E, Mech)

❖ လက်တန်းသီကုံးပူဇော်သူ – ဒေါ်စာနည်အောင်

❖ ဓမ္မတေးပန်းချီခြယ်မှုန်းပူဇော်သူ – ဂီတစာဆို မောင်ကြေးမုံ

❖ ဒါရိုက်တာ – တက္ကသိုလ် ဟန်မြတ်မော်

၂။ "လောကချမ်းသာ အဘယ လာဘမုနိ ဓမ္မပူဇာ တေးစီးရီး" ကက်ဆက်ခွေ၊ စီဒီ၊ သီချင်းစာအုပ်ထုတ်ဝေပြီး ဖြစ်ပါသည်။

❖ စီစဉ်ပူဇော်သူ ဦးမြင့်မြတ်အောင်

(B.E Mech: 3rd Engr, RCL)

❖ လက်တန်းသီကုံးပူဇော်သူ – ဒေါ်စာနည်အောင်

❖ ဓမ္မပူဇာတေးဂီတမှူး – ရွှေတံဆိပ် ငါးဆုရှင် မိုးဇော်ဗိုလ်အဖွဲ့နှင့် မြန်မာပြည်ကျော်စိမ်းအဖွဲ့

❖ အသံဖမ်း – Moss - ကိုရဲ

**ကိုယ်နှင့်လည်းဓား၊ သတ္တဝါကို**
**ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေ။**

ရှင်မဟာရဋ္ဌသာရ ဆရာတော်ကြီး

# အမိဋ္ဌာန်သစ္စာ

ကျွန်ုပ်တို့ မိသားစုသည်

* ကုန်းနေ သတ္တဝါတို့၏ အသား ၊
* ရေနေ သတ္တဝါတို့၏ အသား ၊
* ကောင်းကင်နေ သတ္တဝါတို့၏ အသား ၊
* တွင်းအောင်းနေ သတ္တဝါတို့၏ အသား

များကို မစားသုံးပါ ။

ဤသစ္စာစကားမှန်ကန်ပါက ဖြစ်လေရာဘဝတိုင်း၌

* မြေကြီးအထုနှင့် တူသော ၊
* သမုဒ္ဒရာ ရေလှိုင်းနှင့် တူသော ၊
* အဆုံးမရှိ ကောင်းကင်ပြင်ကြီးနှင့် တူသော

များပြားလှသည့် ဘုန်းသမ္ဘာ ၊ ကံ ၊ ဉာဏ်ပညာ ၊ ဝီရိယ တို့နှင့် ပြည့်စုံ၍

မဂ်ဉာဏ် ၊ ဖိုလ်ဉာဏ် ၊ နိဗ္ဗာန်ကို လျှင်မြန်စွာရရပါလို၏။

## ရာသက်ပန်ဘေးမဲ့သားလွတ်စားမိသားစု

ဦးထွန်းအောင်+ဒေါ်တင်တင်အေး (ခ) ဒေါ်စန်းစန်းမြင့်ဌေး

သား – မောင်အောင်ကြီး ၊ မောင်အောင်မြင့်ထွန်း ၊

မောင်မြင့်အောင် (ခ) မောင်မြင့်မြတ်အောင် ၊

သမီး – မအောင်မြင့်နွယ် ၊ မတင်စန်းအောင့် (ခ) မအေးအေးမိုး

မိသားစုမှ စီစဉ်ပူဇော် လှူဒါန်းပါသည် ။

လိပ်စာ ■ အမှတ်(၁၀၀)၊ အခန်း(၉) ၊ ပထမထပ် ၊ နန္ဒဝန်လမ်း ၊
ဗဟန်း။ ရန်ကုန် ။ အိမ်ဖုန်း – ၀၁–၅၄၃၇၂၃ (ရွှေဂုံတိုင်မီးပွိုင့်အနီး)

## မစားအပ်သော အသားတစ်ဆယ်မျိုး

(၁) လူသား - ဇာတ်တူသားဖြစ်သောကြောင့် မစားရန် ပညတ်သည်။

(၂) ဆင်သား၊
(၃) မြင်းသား၊
} မင်းသုံးယာဉ်ဖြစ်သောကြောင့် မစားရန် ပညတ်သည်။

(၄) ခွေးသား၊
(၅) မြွေသား၊
} ရွံ့ရှာဖွယ်ဖြစ်သောကြောင့် မစားရန် ပညတ်သည်။

(၆) ကျားသား၊
(၇) ကျားသစ်သား၊
(၈) ခြင်္သေ့သား၊
(၉) ဝံသား၊
(၁၀) အောင်းသား၊
} ရန်ပြုတတ်သောကြောင့် မစားရန် ပညတ်သည်။

ဤအသား တစ်ဆယ်မျိုးကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ရဟန်းတော် များ ဘုဉ်းပေးလျှင် အာပတ်သင့်သည်။ ထို့ကြောင့် ဒါယကာ၊ ဒါယိကာမများ ရဟန်းတော်တို့ကို ဤအသား တစ်ဆယ်မျိုး။ မလှူသင့်ပေ။

(ဝိ-၃၊ နှာ-၃၁၀-၄၊ ဝိ၅-၃၊ နှာ-၃၇၆)

## ကဗျာ လင်္ကာ

▲ လူ ၊ ခွေး ၊ မြင်း ၊ ဆင် သစ်ကျားလျှင်၊

▲ ခြင်္သေ့ ၊ ဝံ ၊ အောင်း ၊ မြွေ ရှိရေသားသွေ။

▲ အမွေးတို့ပါ မစားရာ ၊ ဆယ်ဖြာအမျိုးပေ။

## မင်္ဂလာဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသမဟာထေရ်မြတ် ၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုမှတ်တမ်း



စီစဉ်ပူဇော်သူ - ဦးအောင်မြင့်ထွန်း (B.Ag)

ရန်ကုန်မြို့၌ အဖ ဦးထွန်းအောင် (မျက်ခမ်းစပ်ရောဂါ ကုလက်ထောက်) ၊ အမိ ဒေါ်တင်တင်အေး (ခ) ဒေါ်စန်းစန်းမြင့်ဌေး တို့မှ ၁၉၆၄ - ခုနှစ် ၊ မေလ(၅)ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားသည် ။

ငယ်စဉ်က မန္တလေးမြို့၊ အမှတ်(၁၆)အစိုးရအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပြီး၊ ၁၉၈၁-ခုနှစ်တွင် အခြေခံပညာ အဆင့်မြင့်တန်းကို လည်းကောင်း၊ ၁၉၈၂-နှင့် ၁၉၈၃-ခုနှစ်တွင် မန္တလေးတက္ကသိုလ် (ရတနာဘုမ္မိနယ်မြေ)၌ သိပ္ပံဇီဝဘာသာတွဲဖြင့် ဒေသကောလိပ်ကို လည်းကောင်း အောင်မြင်ခဲ့ပါသည်။ ၁၉၈၄-ခုနှစ်တွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ ဆက်လက်ပညာသင်ကြားခဲ့ရာ ၁၉၈၇-ခုနှစ်တွင် သင်ယူရသည့် ဘာသာကိုးဘာသာရှိသည့်အနက် ရှစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အထူးအောင်မြင် ရရှိခဲ့ပေသည်။

ဘွဲ့ရပြီး ရန်ကုန်မြို့ မြန်မာဂျာမန်သီးနှံပိုးမွှားရောဂါ ကာကွယ်ရေးစီမံကိန်း၊ တမာ သုတေသနဌာန၌ သုတေသနလက်ထောက်အဖြစ် ၁၉၈၈-ခု၊ နှစ်ကုန်ပိုင်းထိ လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကန်တော်ကလေး ပန်းဥယျာဉ်၏ ဥယျာဉ်တည်ဆောက်ရေး လုပ်ငန်းများတွင် စခန်းတာဝန်ခံအဖြစ် ၁၉၉၁-ခုနှစ်ထိလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၂-ခုနှစ်မှ ၁၉၉၄-ခုနှစ်ထိ ပြည်ပနိုင်ငံများသို့ သွားရောက်၍ သာသနာ့ အကျိုးဆောင်ရွက်ရင်း အလုပ်လုပ်ကိုင်ခဲ့ပါသည်။ မြန်မာပြည်သို့ ပြန်ရောက်သော် Green Group Co-op Ltd. တွင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် ယနေ့အထိ တာဝန်ယူထားဆဲ ဖြစ်ပါသည်။ အမည်ရင်းမှာ ဦးအောင်မြင့်ထွန်း ပင်ဖြစ်သည်။ မိဘနှစ်ပါးမှာ အမြဲတမ်း သားသတ်လွတ်ဘေးမဲ့ စားသူဖြစ်၍ ပဋိသန္ဓေဘဝကတည်းကပင် သားသတ်လွတ် သန္ဓေဖြစ်နေ ပေသည်။ မည်သို့ပင်ဖြစ်စေကာမူ မွေးစကပင် ယခုထိ သားသတ်လွတ်စာဖြင့်သာ တင်းတိမ် ရောင့်ရဲသူဖြစ်သည်။

ဤစာအုပ်သည် စာရေးသူ၏ စစ်မှန်သော စေတနာ၊ မေတ္တာ၊ သဒ္ဓါဖြင့် ပြုစုရေးသား ထားခြင်းဖြစ်ပါသည်။ ထေရဝါဒဗုဒ္ဓ သာသနာ့အကျိုးပြုစာပေများကိုသာ ပြုစုရေးသားလေ့ရှိပါသည် ။

ယခု အမှတ်-၁၀၀၊ အခန်း(၉)၊ ပထမထပ်၊ နန္ဒဝန်လမ်း။ ဗဟန်း (၁၁၂၀၁)၊ ရန်ကုန်မြို့ ။ အိမ်ဖုန်း - ၀၁-၅၄၃၇၂၃ တွင် နေထိုင်လျက် ရှိပါသည်။

ဒေါ်နန်းခင်မေ(၁၄၈၈၁)၊ ကြေးမုံအော့(ဖ်)ဆက်၊
အမှတ် ၆၈(ခ)၊ ၇၈ လမ်း နှင့် ၃၄ လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း (၀၂) ၃၃၂၅၈